# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင် (ဓမ္မပဒ – ၇၈)


၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၂၆ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၉)၊ အမှတ်(၁၁၈)


# နန်းတော်ရှေ့နယ်လုံးဆိုင်ရာ စာကြည့်သင်း နှစ် ၁၀၀ ပြည့်ပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ




**နန်းတော်ရှေ့နယ်လုံးဆိုင်ရာ စာကြည့်သင်းတွင် လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ ခန့်က ရှားပါးသော စာအုပ် စာစောင်များ၊ သတင်းစာ၊ မဂ္ဂဇင်းများနှင့် ပေစာ၊ ပုရပိုက်များ၊ ရည်ညွှန်းကိုးကားနိုင်သည့် စာအုပ်စာစောင်များ စသည်ဖြင့် စာအုပ်အမျိုးအစားပေါင်း သုံးသောင်းခန့် ထိန်းသိမ်းစောင့်ရှောက်ထား**

မန္တလေး ဇန်နဝါရီ ၂၅

နန်းတော်ရှေ့ နယ်လုံးဆိုင်ရာ စာကြည့်သင်း နှစ် ၁၀၀ ပြည့်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီက မန္တလေးမြို့ အောင်မြေသာစံ မြို့နယ် နန်းတော်ရှေ့ ဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာ စိုးသန်း၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာလှမိုးနှင့် ရာပြည့်ပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သင်းတို့က နန်းတော်ရှေ့ နယ်လုံးဆိုင်ရာ စာကြည့်သင်း နှစ် ၁၀၀ ပြည့် ပွဲတော်အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော် မန္တလေးမြို့ နန်းတော်ရှေ့နယ်လုံးဆိုင်ရာ စာကြည့်သင်း နှစ် ၁၀၀ ပြည့်ပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

ဓာတ်ပုံ– အောင်ဖြိုးကျော်(မန်းကိုယ်ပွား)

ယင်းနောက် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ကျင်းပရာ နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ရွှေမန်းမြို့ကြီးသည် ယဉ်ကျေးမှုအမွေအနှစ် ထွန်းကားရာ၊ ထိန်းသိမ်းရာ မြို့တော်ဖြစ်သည်ဟု မြင်ပါကြောင်း၊ ယခုလိုမြို့တော်ကြီးတွင် စာဖတ်အသင်းကြီး နှစ် ၁၀၀ ပြည့် သွားခြင်းသည် အင်မတန် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူစရာတစ်ခုလို့ ပြောချင်ပါကြောင်း၊ အဆိုပါအသင်းကြီးသည် ရိုးရိုးစာဖတ်


*စာမျက်နှာ ၃ ကော်လံ ၁* ❑







# ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ...

တိုင်းရင်းသားလူမျိုးစုံဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံသားများအားလုံးတွင် ပြည်ထောင်စုစိတ်ဓာတ်ရှိခြင်းဖြင့် နိုင်ငံထူထောင်ရေးကို တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်နိုင်မည်ဖြစ်၏။ ပြည်ထောင်စုစိတ်ဓာတ်ဟူသည် နိုင်ငံသားအားလုံးအတူတကွ စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် အေးအတူစံစား၊ ပူအမျှခံစားရင်း ကိုယ့်နိုင်ငံကို ကြိုးပမ်းထူထောင်ကြမည်ဆိုသည့် သဘောထားပေါ်တွင် အခြေခံ၏။

မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားလူမျိုးစုံ နေရာဒေသအနှံ့တွင် နေကြ၏။ လူမျိုးပေါင်းစုံရှိသည့်အလျောက် ယုံကြည်ကိုးကွယ်သည့် ဘာသာပေါင်းစုံ၊ ပြောဆိုဆက်ဆံကြသည့် စကားပေါင်းစုံ၊ စာပေပေါင်းစုံတို့လည်း ရှိ၏။ ယင်းကဲ့သို့ တိုင်းရင်းသားလူမျိုးစုံတို့ စုဝေးကာ အတူတူနေထိုင်ကြခြင်းသည်ပင် ပြည်ထောင်စု၏ အမှတ်လက္ခဏာတစ်ခု၊ ပြည်ထောင်စု၏ သင်္ကေတတစ်ခု ဖြစ်ပါသည်။

ပြည်ထောင်စုအဖြစ် အတူစုပေါင်းနေထိုင်ကြသည့် နိုင်ငံတွင် တိုင်းရင်းသားပေါင်းစုံတို့သည် တန်းတူညီမျှ အတူတကွ ရှင်သန်နေထိုင်ကြရင်း ကိုယ့်ပြည်နယ်ကို၊ ကိုယ့်နိုင်ငံကို အမှန်တကယ်မြတ်နိုးမှုဖြင့် ညီညီညွတ်ညွတ် အတူပူးပေါင်းထူထောင်ကြမည်ဟူသည့် စိတ်ဓာတ်ရှိရန်လည်း လိုအပ်မည်ဖြစ်သည်။

ကိုလိုနီနိုင်ငံအဖြစ်မှ လွတ်မြောက်လာချိန်၊ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် လွတ်လပ်သောနိုင်ငံအဖြစ် ရပ်တည်လာကြသည့်အခါ ကိုယ့်ကံကြမ္မာကို နိုင်ငံသားတို့ ကိုယ်တိုင်ဖန်တီးခွင့်ရှိလာပြီ ဖြစ်၏။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ဆိုသကဲ့သို့ ထိုဖန်တီးခွင့်ရှိလာသည့်အတိုင်း ကိုယ်တိုင်ဖန်တီးရန် တာဝန်ယူရဲသည့်သတ္တိနှင့် ဖန်တီးနိုင်သည့် စွမ်းအားနှင့် အရည်အချင်းတို့သည်လည်း နိုင်ငံသားများတွင် ရှိဖို့လိုအပ်ပါသည်။

ထိုကဲ့သို့ ဖန်တီးရဲသည့် တာဝန်၊ အရည်အချင်းတို့နှင့်အတူ တိုင်းရင်းသားလူမျိုးစုအားလုံးတို့အကြားတွင် ရှိနေသည့် မတူကွဲပြားမှုများကို လက်ခံနားလည်ကာ ညီညွတ်စုစည်းလိုသည့်၊ ငြိမ်းချမ်းလိုသည့် စိတ်သဘောထားများရှိမှသာ တိုးတက်ဖွံ့ဖြိုးသော ပြည်ထောင်စုကို ပီပီသသ ထူထောင်နိုင်ပါမည်။

မြန်မာနိုင်ငံသည် နိုင်ငံရေးကွဲလွဲမှုများ၊ ခေတ်အဆက်ဆက် အာဏာနှင့် လုပ်ပိုင်ခွင့်ဆိုင်ရာ များစွာသောစီမံခန့်ခွဲမှုအမှားအယွင်းတို့ကြောင့် နိုင်ငံတကာဆက်ဆံရေးတွင် အခက်အခဲ အကျပ်အတည်းများကလည်း အမြောက်အမြားရှိနေသည်ဖြစ်လေရာ နိုင်ငံသားတို့၏ စည်းလုံးညီညွတ်မှုက ပိုမိုလိုအပ်ချိန်ဖြစ်ပါ၏။

နိုင်ငံသားတို့ စုစည်းညီညွတ်မှုအပေါ်တွင် အခြေခံနိုင်ကြမှ ငြိမ်းချမ်းရေးဆိုသည်ကို မျှော်မှန်းနိုင်ကြပါမည်။ ငြိမ်းချမ်းရေးရှိပါမှ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင်ထူထောင်ရန် ပိုမိုအင်အားရှိပါလိမ့်မည်။ ထို့အတူ လူတစ်ဦးချင်းတို့၏ ဘဝများ ရုပ်ပိုင်း စိတ်ပိုင်းဆိုင်ရာလုံခြုံခြင်း၊ အေးချမ်းသာယာခြင်းတို့ကိုလည်း မွေးမြူနိုင်ကြမည်ဖြစ်ပါသည်။

ညီညွတ်ခြင်း၏ အရေးကြီးပုံကို လွတ်လပ်ရေးမရမီကတည်းက ကောင်းစွာနားလည်ခဲ့ကြသလို ညီညွတ်ခြင်းကြောင့် အောင်ပွဲများ ရရှိခဲ့သည့် အတိတ်သင်ခန်းစာများလည်း မြန်မာနိုင်ငံသားတို့တွင် များစွာရှိခဲ့ပြီးဖြစ်ပါသည်။

ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ရရှိခဲ့သော နယ်ချဲ့ဆန့်ကျင်ရေး အောင်မြင်မှု၊ တိုင်းရင်းသားတို့ စည်းလုံးညီညွတ်မှုဖြင့် အောင်နိုင်ခဲ့ရသော ဖက်ဆစ်တော်လှန်ရေး၊ ပင်လုံစိတ်ဓာတ်ဖြင့် ရရှိခဲ့သော အလုံးစုံလွတ်လပ်ရေးတို့သည် နိုင်ငံသားတို့ ညီညွတ်မှု သာဓကများဖြစ်ပေရာ ထိုသို့သော ပြည်ထောင်စုစိတ်ဓာတ်ကို ဆက်လက်ဆွဲကိုင်ညီညွတ်ကြခြင်းဖြင့် ငြိမ်းချမ်းသာယာသော နိုင်ငံတော်ကို တည်ဆောက်နိုင်လိမ့်မည်ဟု ယုံကြည်ပါသတည်း။ ။

## ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၃) တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့်တရားစီရင်ရေးနှင့် နိုင်ငံသားများဘေးကင်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၄) မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေး။

(၅) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး။

## အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

**တစ်မြေတည်းနေ တစ်ရေတည်းသုံး**
**ဒို့အားလုံးသည်**
**ပြည်ထောင်စုသား သွေးချင်းများ။**

## ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် ကန်ပက်လက်မြို့၌ လောက်နူးမြေရိုးရာယဉ်ကျေးမှုနှင့် ခေါ်နူးစုမ် တောင်ဇလပ်ပန်းပွဲတော်ဖွင့်ပွဲ တက်ရောက်



ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် လောက်နူးမြေရိုးရာယဉ်ကျေးမှုနှင့် ခေါ်နူးစုမ် တောင်ဇလပ်ပန်းပွဲတော်ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

ဟားခါး ဇန်နဝါရီ ၂၅

**ချင်းပြည်နယ်၏ ဒေသတွင်း ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ လောက်နူးမြေ (ကန်ပက်လက်) ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းနိုင်ရေးနှင့် ခေါ်နူးစုမ်တောင်နှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် အလေ့အကျင့်ကောင်းများရရှိစေရေး ရည်ရွယ်လျက် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုနှင့်အတူ ချင်းပြည်နယ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်နယ်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများ၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်း၍ ပထမအကြိမ် လောက်နူးမြေရိုးရာယဉ်ကျေးမှုနှင့် ခေါ်နူးစုမ်တောင် ဇလပ်ပန်းပွဲတော်ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ကန်ပက်လက်မြို့ အခြေခံပညာအထက်တန်းကျောင်း ဘောလုံးကွင်းရှိ ချင်းရိုးရာမုခ်ဦးရှေ့၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဆွေလွင်က ပွဲတော်အခမ်းအနား ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် ပွဲတော်ကျင်းပ ဆောင်ရွက်နိုင်ခြင်းတို့အတွက် ဒေသခံများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် လောက်နူးမြေ လူမျိုးစု ငါးစုတို့၏ ရိုးရာအကများဖြစ်သော ရာ့ ရိုးရာ၊ မွင်းရိုးရာ၊ ဒါးရင် ဒူးရိုးရာ၊ ဥ(ပ်)ပူးရိုးရာနှင့် ဒိုင်ရိုးရာ ယဉ်ကျေးမှုအဖွဲ့တို့မှ ရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေခဲ့ကြကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် ပြခန်းများတွင် ပြသထားသော လောက်နူးမြေရိုးရာ ယဉ်ကျေးမှုပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

လောက်နူးမြေရိုးရာ ယဉ်ကျေးမှုနှင့် ခေါ်နူးစုမ်တောင်ဇလပ်ပန်းပွဲတော်ကို ဇန်နဝါရီ ၂၅ ရက်မှ ၂၆ ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ဇန်နဝါရီ ၂၅ ရက် ညပိုင်းတွင် ရိုးရာလုံယူး ကျောက်ပျဉ်ချီပွဲတော် ကျင်းပခြင်း၊ တေးသံရှင် ယောကီးအပါအဝင် ဒေသတွင်း အဆိုတော်များဖြင့် သီဆိုဖျော်ဖြေခြင်း၊ ဇန်နဝါရီ ၂၆ ရက်တွင် ခေါ်နူးစုမ်တောင်သို့ (၁၁)မိုင်လမ်းခွဲမှစ၍ လမ်းလျှောက်ချီတက်ပြိုင်ပွဲ ကျင်းပခြင်းနှင့် ဆုချီးမြှင့်ခြင်း၊ ခေါ်နူးစုမ်တောင်ဇလပ်ပန်း ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ ကဗျာ၊ စာစီစာကုံးနှင့် ဆောင်းပါးပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

မြင့်နိုင်စိုး(ပြန်/ဆက်)



နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာ စိုးသန်း၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုးနှင့် ရာပြည့်ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သင်းတို့က နန်းတော်ရှေ့ နယ်လုံးဆိုင်ရာ စာကြည့်သင်း နှစ် ၁၀၀ ပြည့် ပွဲတော်အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ ဓာတ်ပုံ- အောင်ဖြိုးကျော်(မန်းကိုယ်ပွား)

❑ *ရှေ့ဖုံးမှ*

အသင်းမဟုတ်ဘဲ အနုပညာ၊ စာပေ၊ ဘာသာတရားနှင့် ပတ်သက်သည့်လုပ်ငန်းများ လုပ်ဆောင်ခဲ့ပါကြောင်း၊ နှစ် ၁၀၀ အတွင်း၌ စာဖတ်အသင်းကြီးသည် နန်းတော်ရှေ့မှာပင် နေရာအမျိုးမျိုးပြောင်းရွှေ့ဖွင့်လှစ်မှုများ ကြုံတွေ့ခဲ့ရပြီး ၁၉၃၈ ခုနှစ်မှစ၍ ယခုလက်ရှိနေရာတွင် အခြေတည်ခဲ့ကြောင်း၊ နှစ် ၁၀၀ တိုင်အောင် တည်တံ့လာခဲ့သည့် စာကြည့်အသင်းကြီးသည် မန္တလေးမြို့သူ မြို့သားများ၏ အားပေးမှု၊ အသင်းအဖွဲ့အမျိုးမျိုး၏ အားပေးမှု၊ စာဖတ်ပရိသတ်နှင့် ယဉ်ကျေးမှုထိန်းသိမ်းသူများ၏ အားပေးမှုကြောင့် နှစ် ၁၀၀ မှသည် နောင်နှစ်ပေါင်းများစွာ ဆက်လက်တည်တံ့ပါစေကြောင်းနှင့် ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်မည်ဟုလည်း ယုံကြည်ပါကြောင်း ပြောကြားသည်။

### အံ့သြဂုဏ်ယူဖွယ်ရာဖြစ်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မုဒိတာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် နန်းတော်ရှေ့နယ်လုံးဆိုင်ရာ စာကြည့်သင်း၏ ရာပြည့်ပွဲတော်အခမ်းအနားသို့ စာကြည့်အသင်း ကော်မတီဝင်များမှ ဖိတ်ကြားခဲ့သလို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုးကလည်း ကိုယ်တိုင်ကိုယ်ကျ ဖိတ်ကြားခဲ့ပါကြောင်း၊ မိမိအနေဖြင့်လည်း စာဖတ်အသင်း စာကြည့်အသင်းနှင့် စာကြည့်တိုက်များကို အင်မတန် နှစ်သက်ဝါသနာပါသည့်အပြင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း တာဝန်ရှိသည့် အစိတ်အပိုင်းဖြစ်သည့်အတွက် ယခုလို ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် တက်ရောက်လာခြင်းဖြစ်ပါကြောင်း၊ စာကြည့်အသင်းတစ်ခု သို့မဟုတ် စာကြည့်တိုက်တစ်ခု နှစ် ၁၀၀ အထိ တည်တံ့နေခြင်းသည် မြန်မာနိုင်ငံအဖို့ အင်မတန်အံ့သြဂုဏ်ယူဖွယ်ရာ ဖြစ်ပါကြောင်း၊ အသင်းကြီး၏ ရာဇဝင်အရ စတင်ထူထောင်ခဲ့သည့် ပုဂ္ဂိုလ်များတွင် မြန်မာနိုင်ငံတစ်လွှား လူကြီးလူငယ်မရွေးသိရှိကြသည့် ဆရာကြီး ဦးရာဇတ်၊ အနုပညာရှင်ကြီး နန်းတော်ရှေ့ဆရာတင် စသည့်ပုဂ္ဂိုလ်များ ဦးဆောင်ထူထောင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် နန်းတော်ရှေ့ နယ်လုံးဆိုင်ရာ စာကြည့်သင်း နှစ် ၁၀၀ ပြည့် ပွဲတော်အခမ်းအနားတွင် မုဒိတာစကား ပြောကြားစဉ်။ ဓာတ်ပုံ- အောင်ဖြိုးကျော်(မန်းကိုယ်ပွား)

### အလှည့်အပြောင်းအများဆုံးနှစ်

စာကြည့်အသင်းကြီးသည် ၁၉၁၂ ခုနှစ်မှ စတင်တည်ထောင်ခဲ့ပြီး ၁၉၂၀ ပြည့်နှစ်တွင် မှတ်ပုံတင်၍ နန်းတော်ရှေ့နယ်လုံးဆိုင်ရာ စာကြည့်သင်းအဖြစ် တည်ရှိကာ ယခုနှစ်တွင် ရာပြည့်အခမ်းအနား ကျင်းပခြင်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံ၌ ယခုနှစ်အတွင်း ၁၉၂၀ ပြည့်နှစ်မှ စတင်ခဲ့သည့် ရာပြည့်အခမ်းအနားများ ကျင်းပရန် စီစဉ်နေပါကြောင်း၊ ၁၉၂၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့သည့် ရန်ကုန်တက္ကသိုလ် ရာပြည့်အခမ်းအနားနှင့် ၁၉၂၀ ပြည့်နှစ်တွင် အကြောင်းပြုဖြစ်ပေါ်ခဲ့သည့် အမျိုးသားနေ့ ရာပြည့်ပွဲတော်လည်း ကျင်းပရန် ရှိပါကြောင်း၊ ထို့ပြင် ၁၉၂၀ ပြည့်နှစ်တွင် ပေါ်ပေါက်ခဲ့သည့် မြန်မာ့ရုပ်ရှင် နှစ် ၁၀၀ ပြည့် ပွဲတော်ကိုလည်း ကျင်းပရန်ရှိပါကြောင်း၊ ၁၉၂၀ ပြည့်နှစ်သည် မြန်မာနိုင်ငံ၏ သမိုင်း၌ အလွန်အရေးပါသည့် အလှည့်အပြောင်းအများဆုံး နှစ်တစ်နှစ်ဟု စဉ်းစားနိုင်ပါကြောင်း။

၁၉၀၀ ပြည့်နှစ် နောက်ပိုင်းတွင် အမျိုးသားရေးစိတ်ဓာတ်များ ပြန်လည်နိုးကြားကာ အသင်းအဖွဲ့များ ပေါ်ပေါက်လာပြီး YMBA ကဲ့သို့ ထင်ရှားသည့်အသင်းကြီး ပေါ်ပေါက်လာပါကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းတွင် စာပေအသင်း၊ ဘာသာရေးအသင်း၊ လူမှုရေးအသင်း အမြောက်အမြား ပေါ်ထွန်းလာကာ ၁၉၂၀ ပြည့်နှစ်တွင် အသင်းအဖွဲ့များ စုပေါင်းဖွဲ့စည်းထားသည့် ဂျီစီဘီအေအသင်းချုပ်ကြီး ပေါ်ထွန်းလာပါကြောင်း၊ ထို့ကြောင့် ၁၉၂၀ ပြည့်နှစ်ကာလသည် မြန်မာ့အမျိုးသားရေးလှုပ်ရှားမှုသမိုင်းတွင် အလွန်အရေးကြီးသည့်နှစ်ဟု မြင်ပါကြောင်း၊ ယခုလို နှစ်ပိုင်းတွင် ထူထောင်ခဲ့သည့် နန်းတော်ရှေ့နယ်လုံးဆိုင်ရာ စာကြည့်သင်းသည် စာဖတ်ရုံ၊ စာပေဆွေးနွေးရုံသာမကဘဲ စာကြည့်အသင်းကို အကြောင်းပြု၍ အမျိုးသားရေးအကျိုးအတွက် တိုးတက်ရာ တိုးတက်ကြောင်းများကို အများအပြားလုပ်ဆောင်ခဲ့ကြမည်ဟု ထင်ပါကြောင်း၊ အဆိုပါအသင်းများသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရေးအတွက် အထောက်အကူပြုခဲ့ကြသည့် အသင်းအဖွဲ့များအဖြစ် မြင်ပါကြောင်း။



နန်းတော်ရှေ့ နယ်လုံးဆိုင်ရာ စာကြည့်သင်း နှစ် ၁၀၀ ပြည့် ပွဲတော်တွင် ရောင်းချလျက်ရှိသည့်စာအုပ်များအား လာရောက်ဝယ်ယူအားပေးနေကြသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ- အောင်ဖြိုးကျော်(မန်းကိုယ်ပွား)

၁၉၂၀ ပြည့်နှစ် ကာလသည် မြန်မာလူမျိုးများ စိတ်ဓာတ်နိုးကြားတက်ကြွသည့်ကာလ အသိပညာရှာမှီးလိုသည့်စိတ်ဓာတ်၊ စုပေါင်းဆောင်ရွက်လိုသည့် စိတ်ဓာတ်များဖြင့် လှုပ်ရှားဆောင်ရွက်မှု အများဆုံး လုပ်ဆောင်ခဲ့ကြသည့် အချိန်ကာလတစ်ခု ဖြစ်မည်ဟု ထင်မြင်ပါကြောင်း၊ မိမိတို့သည် ကမ္ဘာတွင် ဖြစ်ပျက်နေသည့် ကိစ္စများ၊ ကမ္ဘာက လုပ်ဆောင်နေသည့် ကိစ္စများကို မသိရှိသည့်အတွက် သူ့ကျွန်ဘဝသို့ ရောက်ရှိခဲ့သည်ဟု ထင်မြင်ပါကြောင်း၊ ထိုအချိန်က အသိပညာရှိသော ပုဂ္ဂိုလ်ကြီးများ ပြောကြားခဲ့ကြသည့် စကားသုံးခွန်းမှာ ကမ္ဘာကို မြန်မာက သိဖို့၊ မြန်မာကို ကမ္ဘာကသိဖို့နှင့် မြန်မာအကြောင်းကို မြန်မာတွေ သိဖို့ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် အလေးထား ပြောကြားလိုသည်မှာ ကမ္ဘာကို မြန်မာတွေ သိဖို့ဖြစ်ပါကြောင်း၊ နဂါးနီစာအုပ် အသင်းကြီးသည်လည်း ကမ္ဘာ့အသိ၊ နိုင်ငံရေးအသိအမြင်များ ရရှိစေရန် လုပ်ဆောင်ပေးခဲ့ပါကြောင်း၊ ထိုအချိန်ကာလက ကမ္ဘာကိုသိရှိစေရန် စာပေဖတ်ရှုခြင်း၊ စာပေဆွေးနွေးခြင်း၊ စာကြည့်အသင်းများ ထူထောင်ကာ လွတ်လပ်သော နိုင်ငံဖြစ်စေရေးအတွက် ရုန်းကန်လှုပ်ရှားခြင်းများဖြင့် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရန် ကြိုးစားခဲ့ကြပါကြောင်း။

### စာကြည့်သင်းများပိုမိုလိုအပ်

ယနေ့ခေတ်တွင် ယခုကဲ့သို့ စာကြည့်အသင်းများ အများအပြား ပိုမိုလိုအပ်နေပါကြောင်း၊ စာကြည့်သင်းများ၊ စာဖတ်ဝိုင်းများ၊ စာပေဆွေးနွေးပွဲများမှတစ်ဆင့် ကမ္ဘာကို မြန်မာကသိရှိရန် အလေးထားလုပ်ဆောင်ရမည်ဟု ပြောလိုပါကြောင်း၊ နန်းတော်ရှေ့ နယ်လုံးဆိုင်ရာ စာကြည့်သင်း နှစ် ၁၀၀ ပြည့်သည်အထိ ဝိုင်းဝန်းထူထောင်လာကြသည့် ပုဂ္ဂိုလ်များကို ကျေးဇူးတင်ပါကြောင်း၊ ယနေ့ ရာပြည့်မှစပြီး လွန်ခဲ့သည့် နှစ် ၁၀၀ ကာလ အသင်းစတင်တည်ထောင်ချိန်က စိတ်ဓာတ်များဖြင့် ဆက်လက်လှုပ်ရှားဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက မန္တလေးမြို့တွင် ပူးပေါင်းဆောင်ရွက်မှု အလေ့အထဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် အသင်းကြီးများ အမြောက်အမြားရှိပါကြောင်း၊ အဆိုပါအသင်းကြီးများ ရေရှည်တည်တံ့ခိုင်မြဲနေခြင်းမှာ ပူးပေါင်းဆောင်ရွက်မှုရှိခြင်း၊ သီလသိက္ခာမြဲမြံကြခြင်း၊ စည်းမျည်းစည်းကမ်းခိုင်မာခြင်း၊ ပင်ကိုစရိုက်ကပင် ပရဟိတအားထုတ်မှုကောင်းခြင်း စသည့် အကြောင်းတရားများကြောင့် ဖြစ်ပါကြောင်း၊ ယနေ့ နန်းတော်ရှေ့နယ်လုံးဆိုင်ရာ စာကြည့်သင်းရာပြည့်ပွဲတော်ကျင်းပနိုင်ခြင်းသည် ၎င်းအသင်းကြီး၏ အစဉ်အလာကြီးမားမှုနှင့် ဂုဏ်သိက္ခာကြီးမားမှုကို ဖော်ပြရုံသာမက မန္တလေးမြို့ကြီး၏ အစဉ်အလာနှင့် ဂုဏ်သိက္ခာကိုလည်း ထိန်းသိမ်းမြှင့်တင်ပေးရာရောက်ပါကြောင်း ပြောကြားသည်။

ယင်းနောက် စာရေးဆရာ ချစ်ဦးညိုက နန်းတော်ရှေ့နယ်လုံးဆိုင်ရာ စာကြည့်သင်းပွဲတော် ဖြတ်သန်းခဲ့ရသော

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

သမိုင်းကြောင်းအား ရှင်းလင်းတင်ပြသည်။

ထို့နောက် နန်းတော်ရှေ့နယ်လုံးဆိုင်ရာ စာကြည့်သင်း နှစ် ၁၀၀ ပြည့် ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သင်းက နန်းတော်ရှေ့နယ်လုံးဆိုင်ရာ စာကြည့်သင်း နှစ် ၁၀၀ သက်တမ်းဖြတ်သန်းခဲ့ပြီး ယနေ့တွင် ရာပြည့်ပွဲတော်အထိမ်းအမှတ်အဖြစ် မော်ကွန်းတင်နိုင်ခဲ့ကြောင်း၊ ယနေ့ ရာပြည့်ပွဲတော်မှသည် နောင်နှစ်ပေါင်းများစွာအထိ စာကြည့်အသင်းကြီး ဆက်လက်ရှင်သန်နိုင်ရန် ပူးပေါင်းလုပ်ဆောင်သွားကြမည်ဖြစ်ပါကြောင်း ပြောကြားသည်။

### ကြည့်ရှုလေ့လာ

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဧည့်သည်တော်များသည် နန်းတော်ရှေ့ ဘောလုံးကွင်းအတွင်း ခင်းကျင်းပြသထားသည့် နန်းတော်ရှေ့ နယ်လုံးဆိုင်ရာစာကြည့်သင်း သမိုင်းမှတ်တမ်းပြခန်း၊ ပန်းချီကာတွန်းပြခန်းနှင့် စာအုပ်စာပေအရောင်းဆိုင်များကို လည်းကောင်း၊ အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်၊ ၁၉ လမ်းနှင့် လမ်း ၂၀ ကြားတွင် တည်ထောင်ဖွင့်လှစ်ထားသည့် နန်းတော်ရှေ့ နယ်လုံးဆိုင်ရာ စာကြည့်သင်းကို လည်းကောင်း ကြည့်ရှုလေ့လာကြသည်။

နန်းတော်ရှေ့ နယ်လုံးဆိုင်ရာ စာကြည့်သင်းသည် ၁၉၂၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့သည့် ပထမဆုံးမှတ်ပုံတင်ထားသည့် စာကြည့်တိုက်၊ မန္တလေးမြို့၏ သက်တမ်းအရှည်ကြာဆုံး စာကြည့်သင်းကြီး ဖြစ်သည်။ နန်းတော်ရှေ့စာကြည့်သင်းကို ဆဋ္ဌသင်္ဂါယနာတင် ဝန်ဆောင်ပုဂ္ဂိုလ် ဦးဓမ္မာဘိဝံသကဲ့သို့ သာသနာ့အာဇာနည်များ ပါဝင်သကဲ့သို့ ပညာရေးဝန်ကြီးဟောင်း အာဇာနည်ခေါင်းဆောင်ကြီး ဆရာကြီး ဦးရာဇတ်၊ နန်းတော်ရှေ့ဆရာတင် စသည့် ထူးချွန်ထင်ရှားသည့် ပုဂ္ဂိုလ်ကြီးများက စတင်တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ပရိယတ္တိ စာကြည့်သင်းမှ မြို့ရှေ့စာကြည့်သင်း၊ ၎င်းမှ နန်းတော်ရှေ့စာကြည့်သင်း စသည်ဖြင့် ခေတ်အဆက်ဆက်တွင် တည်ထောင်လာခဲ့ရာမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နှစ်တစ်ရာပြည့် အခမ်းအနားကြီးအဖြစ် ဂုဏ်ယူဝမ်းမြောက်ဖွယ် ကျင်းပခြင်း ဖြစ်သည်။



နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်တို့ နန်းတော်ရှေ့ နယ်လုံးဆိုင်ရာ စာကြည့်သင်းကို ကြည့်ရှုလေ့လာကြစဉ်။
ဓာတ်ပုံ- အောင်ဖြိုးကျော်(မန်းကိုယ်ပွား)

နန်းတော်ရှေ့နယ်လုံးဆိုင်ရာ စာကြည့်သင်းတွင် လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ ခန့်က ရှားပါးသော စာအုပ်စာစောင်များ၊ သတင်းစာ၊ မဂ္ဂဇင်းများနှင့် ပေစာ၊ ပုရပိုက်များ၊ ရည်ညွှန်းကိုးကားနိုင်သည့် စာအုပ်စာစောင်များ စသည်ဖြင့် စာအုပ်အမျိုးအစားပေါင်း သုံးသောင်းခန့် ထိန်းသိမ်းစောင့်ရှောက်ထားပြီး အသင်းသားဦးရေမှာ တစ်သောင်းကျော် ရှိနေသည်။

အဆိုပါ နန်းတော်ရှေ့ နယ်လုံးဆိုင်ရာစာကြည့်သင်း ရာပြည့်ပွဲတော်ကြီးကို ဇန်နဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ ညစဉ် စာပေဟောပြောပွဲများ၊ တေးဂီတဖျော်ဖြေပွဲများနှင့်အတူ စာပေပန်းချီကာတွန်းပြခန်းများ၊ စာအုပ်အရောင်းဆိုင် ၂၅ ဆိုင် ပါဝင်သည့် စာအုပ်ဈေးရောင်းပွဲတော်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# နန်းတော်ရှေ့ နယ်လုံးဆိုင်ရာစာကြည့်သင်း ရာပြည့်ပွဲတော်မှ ရင်တွင်းစကားသံများ




ဦးထင်ကျော်
(နိုင်ငံတော်သမ္မတဟောင်း)



ဆရာချစ်ဦးညို
(စာရေးဆရာ)



ဦးငြိမ်းချမ်းဖြူ (ဥက္ကဋ္ဌ၊နန်းတော်ရှေ့ နယ်လုံးဆိုင်ရာစာကြည့်သင်း)



မောင်သစ်လွင်(လူထု)



ဦးကျော်သင်း (ဥက္ကဋ္ဌ၊ ရာပြည့်ပွဲတော် ကျင်းပရေးကော်မတီ)

**မန္တလေး ဇန်နဝါရီ ၂၅**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက် ၁၉ လမ်းနှင့် လမ်း ၂၀ ကြားရှိ နန်းတော်ရှေ့နယ်လုံးဆိုင်ရာ စာကြည့်သင်း၏ ရာပြည့်အထိမ်းအမှတ်ပွဲတော်ကို ဇန်နဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ နန်းတော်ရှေ့ ဘောလုံးအားကစားကွင်းအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

အဆိုပါအသင်းကြီးကို ၁၉၂၀ ပြည့်နှစ်တွင် ဆရာကြီး ဦးရာဇတ်၊ နန်းတော်ရှေ့ဆရာတင်တို့နှင့်အတူ နန်းတော်ရှေ့ ဒေသခံများ ဦးဆောင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး မန္တလေးမြို့ စာကြည့်သင်းများအနက် မှတ်ပုံတင်အမှတ်စဉ်(၁)အဖြစ် ဖွင့်လှစ်ခဲ့သည့်အပြင် စာပေ၊ ဂီတ၊ အနုပညာအသိုင်းအဝိုင်းများ၊ နန်းတော်ရှေ့ဒေသခံများ၊ အလှူရှင်များ၊ မန္တလေးမြို့ရှိ စာကြည့်အသင်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ဖြင့် ခေတ်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်ကာ နှစ် ၁၀၀ ပြည့် ပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်းကို ယခုလို ဂုဏ်ယူဝင့်ကြွားစွာ ပြောကြားခဲ့ကြသည်။

**ဦးထင်ကျော် (နိုင်ငံတော်သမ္မတဟောင်း)**

နန်းတော်ရှေ့နယ်လုံးဆိုင်ရာ စာကြည့်သင်းကြီးရဲ့ နှစ် ၁၀၀ ပြည့် ပွဲတော်ကို တက်ရောက်ဖို့ ဖိတ်ကြားပေးတဲ့အပြင် စာပေနဲ့ပတ်သက်ပြီး ဝါသနာလည်းပါတယ်။ အမှတ်တရလည်း ဖြစ်ချင်တယ်။ ဂုဏ်ပြုစကားလည်း ပြောချင်တဲ့အတွက် တက်ရောက်ခဲ့တာပါ။ စာကြည့်တိုက်တစ်ခုဖြစ်ဖို့ လွယ်ပေမယ့် ထိန်းသိမ်းဖို့မလွယ်ပါဘူး။ ခေတ်အဆက်ဆက်မှာ ဖြစ်လိုက်ပျက်လိုက်နဲ့ လောကဓံတရားကို အမျိုးမျိုးကြုံတွေ့ပြီးမှ ဒီနေ့အထိ ဆက်လက်ရှင်သန်နေတဲ့ ဒီစာကြည့်သင်းကြီးဟာ နှစ် ၁၀၀ ပြည့်တယ်ဆိုတော့ ဝမ်းမြောက်ဝမ်းသာစကားပြောဖို့ လာတာပါ။ ဆရာကြီး ဦးရာဇတ်တို့၊ နန်းတော်ရှေ့ ဆရာတင်တို့ စပြီးတည်ထောင်ခဲ့တာဆိုတော့ အမှတ်တရလည်း ဖြစ်ချင်လို့ပါ။ ဒီစာကြည့်တိုက်ကို ပြန်လည်ဖွဲ့စည်းတဲ့အခါမှာလည်း သခင် ငါးဦးပါပြီး ဝံသာနု အသင်းအဖွဲ့တွေကလည်း ပြန်လည်ရှင်သန်ဖို့ ဝိုင်းဝန်းလုပ်ဆောင်ကြတာကို တွေ့ရပါတယ်။ မန္တလေးမြို့က ခေတ်လူငယ် ပညာတတ်တွေ၊ နိုင်ငံရေးစိတ်ဓာတ်နိုးကြားတဲ့ ပုဂ္ဂိုလ်တွေ၊ လုပ်ငန်းရှင်တွေအားလုံးက ဝိုင်းဝန်းပြီး ရှင်သန်လာအောင် ထိန်းသိမ်းခဲ့တာတွေ့ရတဲ့အတွက်လည်း ဂုဏ်ယူမိပါတယ်။

**ဆရာချစ်ဦးညို(စာရေးဆရာ)**

ကျွန်တော်က မန္တလေးဇာတိ၊ နန်းတော်ရှေ့မှာ ကြီးပြင်းပြီး ၁၀ တန်းအောင်မြင်ခဲ့ပါတယ်။ အဲဒီကာလတစ်လျှောက်လုံးမှာ နန်းတော်ရှေ့နယ်လုံးဆိုင်ရာ စာကြည့်သင်းရဲ့ အသက်အငယ်ဆုံးအမှုဆောင်ဖြစ်လာခဲ့ပါတယ်။ ဘယ်သူကမှ ခန့်တာ မဟုတ်ဘဲ စာကြည့်သင်းကို ချစ်လွန်းလို့ လူကြီးတွေ အစည်းအဝေးလုပ်တဲ့အချိန်မှာ တောက်တိုမယ်ရလေးတွေ လုပ်ပေးရင်းနဲ့ ကိုယ့်ကိုယ်ကိုယ် အမှုဆောင်အဖြစ် သတ်မှတ်လိုက်တာပါ။ လူကြီးတွေကလည်း သဘောကျလွန်းတော့ စာအုပ်တွေ ဖတ်ခွင့်ပေးတယ်။ အဲဒီလိုနဲ့ မန္တလေးတက္ကသိုလ်တက်ပြီး ရန်ကုန်ကို ပြောင်းရွှေ့ခဲ့ပါတယ်။ မန္တလေးနဲ့ ကင်းကွာပြီး ဟောပြောပွဲတွေရှိမှပဲ လာဖြစ်ပါတယ်။ ဒီစာကြည့်သင်းရဲ့ ရာပြည့်ပွဲတော်ကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်းမှာ ကျင်းပမယ်လို့ ဖုန်းဆက်ပြောတဲ့အတွက် အင်မတန် အံ့သြတုန်လှုပ်ပြီး ဝမ်းသာသွားပါတယ်။ ကျွန်တော်ကြားဖူးသမျှတော့ မြန်မာနိုင်ငံမှာ စာကြည့်သင်းတစ်ခု နှစ် ၁၀၀ ပြည့်လို့ ရာပြည့်ပွဲ လုပ်တယ်ဆိုတာ တစ်ခါမှ မရှိခဲ့ဘူး။ ဒါကြောင့် ဒီပွဲမှာ အမှုဆောင်ဟောင်းတစ်ယောက်အနေနဲ့ တက်ရောက်ပြီး စာပေဟောပြောဖို့လာခဲ့တာပါ။ ဒီစာကြည့်သင်းရဲ့ နှစ် ၁၀၀ က ရန်ကုန်တက္ကသိုလ်နဲ့ သက်တမ်းအတူတူပါပဲ။ ဒီအသင်းကြီးဟာ အခက်အခဲတွေ အမျိုးမျိုးကြားက ရုန်းကန်လှုပ်ရှားလာခဲ့ရတာပါ။ ပြောင်းရွှေ့ရတာ၊ ပိတ်လိုက်ရတာတွေ

*စာမျက်နှာ ၅ သို့*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး Education World Forum တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၅**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် United Kingdom နိုင်ငံ လန်ဒန်မြို့တွင် ဇန်နဝါရီ ၁၉ ရက်မှ ၂၂ ရက်အထိ One Generation – What does it take to transform Education ခေါင်းစဉ်ဖြင့် ကျင်းပသည့် Education World Forum သို့ တက်ရောက်ခဲ့သည်။ **(ဓာတ်ပုံ)**






အခမ်းအနားတွင် United Kingdom ပညာရေးဝန်ကြီး Mr. Gavin Williamson က အဖွင့်အမှာစကားပြောကြားပြီး ပညာရှင်များက ပညာရေး သုတေသနတွေ့ရှိချက် အခက်အခဲများနှင့် အနာဂတ်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ခေါင်းစဉ်အလိုက် စာတမ်းများ ဖတ်ကြားကြသည်။

**ပူးပေါင်းဆောင်ရွက်ရေး**

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် Department for International Development –DFID ဝန်ကြီး Mr. Andrew Stephenson နှင့်လည်းကောင်း၊ FCO Minister for Africa and Pacific, Ms. Heather Weeler နှင့်လည်းကောင်း၊ United Kingdom နိုင်ငံ Trade Envoy to South East Asia နှင့် လွှတ်တော်ကိုယ်စားလှယ် Mr. PanlSeully တို့နှင့် သီးခြားစီတွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် United Kingdom နိုင်ငံက ကူညီပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် United Kingdom နိုင်ငံ Minister for Children and Families, Ms. Michella Donlon ဦးဆောင်ကျင်းပသည့် Teacher Training and Soft & Employability Skill ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် ASEAN Ministers Meeting သို့တက်ရောက်၍ United Kingdom နိုင်ငံနှင့် ASEAN နိုင်ငံများကြား ပညာရေးပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ တက်ရောက်ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် United Kingdom နိုင်ငံ Minister of State for Universities, Science, Research and Innovation, Mr. Chris Skidmore ဦးဆောင်ကျင်းပသည့် Roundtable discussion on Higher Education in the United Kingdom and International Collaboration in Mobility and Exchange သို့ တက်ရောက်၍ အဆင့်မြင့်ပညာနှင့် သုတေသနဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများ တက်ရောက်ဆွေးနွေးသည်။

**အဆင့်မြင့်ပညာကဏ္ဍများ**

ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်အတွင်း အောက်စဖို့(စ်)မြို့ရှိ Oxfordshire Teaching School Alliance သို့လည်းကောင်း၊ လန်ဒန်မြို့ရှိ Advance H.E နှင့် University of Greenwich သို့သွားရောက်ကာ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဆရာအတတ်သင်ပညာရေးဆိုင်ရာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးသည် လန်ဒန်မြို့ မြန်မာနိုင်ငံသံရုံးတွင် United Kingdom နိုင်ငံ၌ ပညာသင်ယူနေသော မြန်မာကျောင်းသားကျောင်းသူများ၊ မိသားစုများနှင့် တွေ့ဆုံပြီး အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မဒေါက်ဒေသ ဂျောင်းတာကျေးရွာအုပ်စု ကျေးရွာချင်းဆက် တံတားဖွင့်ပွဲတက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၅**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့တွင် ပဲခူးတိုင်းဒေသကြီး မဒေါက်ဒေသ ဂျောင်းတာကျေးရွာအုပ်စု ကျေးရွာချင်းဆက် မေတ္တာပေါင်းကူးတံတားဖွင့်ပွဲ **(ဓာတ်ပုံ)** နှင့် ပြွန်တန်ဆာမြို့ မူလတန်းကြိုကျောင်း ပန္နက်တင်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။



**မေတ္တာပေါင်းကူးတံတား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ပြည်ထောင်စုဝန်ကြီးသည် နံနက်ပိုင်းတွင် ဂျောင်းတာကျေးရွာသို့ရောက်ရှိပြီး ညောင်လေးပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ညောင်လေးပင်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဂျောင်းတာကျေးရွာအုပ်စု ရပ်မိရပ်ဖတစ်ဦးတို့နှင့်အတူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေနှင့် ညောင်လေးပင်မြို့နယ် မဒေါက်ဒေသ ဂျောင်းတာကျေးရွာအုပ်စုမှ ပြည်သူများ၏ ပူးပေါင်းထည့်ဝင်လှူဒါန်းငွေဖြင့် ဆောက်လုပ်ထားသော ဂျောင်းတာကျေးရွာအုပ်စု ကျေးရွာချင်းဆက် မေတ္တာပေါင်းကူးတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

**ကုန်ထုတ်လုပ်ငန်းများ လက်တွေ့အကျိုးပြုနိုင်မည်**

ဖွင့်ပွဲအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက မိန့်ခွန်းပြောကြားရာတွင် ပြည်သူများ၏ လိုအပ်ချက်များကို သက်ဆိုင်ရာလွှတ်တော်များက တင်ပြကြပြီး ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့က ပူးပေါင်းဆောင်ရွက်ပေးပါကြောင်း၊ နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ လိုအပ်ချက်များစွာရှိသော်လည်း ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖြေရှင်းနိုင်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ကျေးလက်ဒေသနေပြည်သူများသည် ၇၀ ရာခိုင်နှုန်းခန့်ရှိပါကြောင်း၊ ထို့ကြောင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတတ်နိုင်ဆုံးဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ယခုဖွင့်လှစ်ပေးသောတံတားသည် ဂျောင်းတာ၊ ဆာဆေး၊ သာယာစုနှင့် ကျောင်းရွာများရှိ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် ကုန်ထုတ်လုပ်ငန်းကိစ္စများတွင် လက်တွေ့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း၊ ယခင် ကျေးရွာချင်းဆက်တံတားသည် သဘာဝဘေးဒဏ်များကြောင့် ပျက်စီးမှုဖြစ်ပေါ်ခဲ့ပြီး ကျေးရွာများရှိ ပြည်သူများ အခက်အခဲများကြုံခဲ့ကြရာ ထိုအခက်အခဲများကို ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့က ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖြေရှင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အလားတူ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း ကျေးလက်ဒေသနေ ပြည်သူအများစု၏ လတ်တလောအခက်အခဲများကို ဖြေရှင်းပေးရန်နှင့် အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်သောကိစ္စများကို အချိန်မဆိုင်းဘဲ ကြိုးစားဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်းက ဂျောင်းတာကျေးရွာအုပ်စု ကျေးရွာချင်းဆက် မေတ္တာပေါင်းကူးတံတား တည်ဆောက်နိုင်ရေး ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားခဲ့ပြီး ဂျောင်းတာကျေးရွာအုပ်စု ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပြွန်တန်ဆာမြို့၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် Good Neighbour International အဖွဲ့တို့ ပူးပေါင်းဆောက်လုပ်မည့် မူလတန်းကြိုကျောင်း မြေနေရာသို့ရောက်ရှိကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးနှင့် တာဝန်ရှိသူများက ပန္နက်တင်ပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၄ မှ*

လည်း ရှိပါတယ်။ ဒါကို လက်ဆင့်ကမ်းပြီး သယ်ဆောင်လာကြတဲ့ အဆက်ဆက်သော စာကြည့်သင်း အမှုဆောင်လူကြီးများ၊ အမှုဆောင်များကို အင်မတန် ကျေးဇူးလည်း တင်ပါတယ်။ ဂုဏ်လည်းပြုပါတယ်။ ဒါ့အပြင် ဒီနေ့အချိန်မှာ မျိုးဆက်သစ်လူငယ်တွေ လက်ထဲကို ထည့်ပေးနိုင်တဲ့ စွမ်းပကားစေတနာ၊ အင်အားတွေကလည်း အင်မတန်လေးစားစရာကောင်းပါတယ်။ ဆက်လက်ပြီး ဒီစာကြည့်သင်းကြီး အစွန့်ရှည်ပါစေလို့ ဆုတောင်းပါတယ်။ ကျွန်တော့်အနေနဲ့လည်း ကျွန်တော်ထွက်သမျှ စာအုပ်တွေအားလုံးကို ဒီစာကြည့်သင်းကို လှူပါတယ်။ တတ်နိုင်သမျှလည်း စာရေးဆရာတစ်ယောက်အနေနဲ့ရော၊ စာကြည့်သင်းအမှုဆောင်တစ်ယောက်အနေနဲ့ရော၊ နန်းတော်ရှေ့သား တစ်ယောက်အနေနဲ့ရော ကြိုက်တဲ့တာဝန်ပေးပါ။ နိုင်တဲ့တာဝန်ကို ထမ်းဆောင်သွားမယ်လို့ ကတိပြုပါတယ်။

**ဦးငြိမ်းချမ်းဖြူ (ဥက္ကဋ္ဌ၊နန်းတော်ရှေ့နယ်လုံးဆိုင်ရာစာကြည့်သင်း)**

မန္တလေးမြို့မှာ နှစ် ၁၀၀ ပြည့်တဲ့ ကျွန်တော်တို့စာကြည့်သင်းက မှတ်ပုံတင်နံပါတ်(၁)အနေနဲ့ဖွဲ့စည်း တည်ထောင်ခဲ့တာဖြစ်တဲ့အတွက် မန္တလေးမြို့အနေနဲ့ဂုဏ်ယူပြီး ရာပြည့်ပွဲတော်ကို နန်းတော်ရှေ့မှာရှိကြသူတွေအားလုံးရဲ့ဆန္ဒနဲ့ ကျွန်တော်တို့အသင်းကလည်း စိတ်အားထက်သန်မှုအရ သမိုင်းအနေနဲ့ ကျင်းပခြင်းဖြစ်ပါတယ်။ ဒီစာကြည့်သင်းကို ၁၉၂၀ ပြည့်နှစ်မှာ ဖွဲ့စည်းတည်ထောင်ခဲ့တဲ့အတွက် ၂၀၂၀ ပြည့်နှစ်မှာ နှစ် ၁၀၀ ပြည့်ပြီဆိုပေမယ့် အဲဒီမတိုင်မီကတည်းက အဘိဓမ္မာ စာကြည့်သင်းအနေနဲ့ ရှစ်နှစ်ဖွင့်လှစ်ခဲ့တဲ့အတွက် စာကြည့်သင်းရဲ့ သက်တမ်းဟာ စုစုပေါင်း ၁၀၈ နှစ်ရှိပြီလို့ ပြောလို့ရပါတယ်။ စပြီးတည်ထောင်တဲ့အချိန်မှာ ဦးရာဇတ်တို့၊ နန်းတော်ရှေ့ဆရာတင်တို့စတဲ့ ဘိုးဘွားတွေက ထူထောင်ခဲ့ပြီး ဒီကြားထဲမှာ ရပ်တန့်သွားခဲ့တာတွေ၊ နေရာပြောင်းလဲပြီး ဖွင့်ခဲ့ရတာတွေ ရှိခဲ့ပေမယ့် ဒီအခက်အခဲတွေကို ကျော်လွှားပြီး အခုလက်ရှိနေရာမှာ ၁၉၃၈ ခုနှစ်မှာ စာကြည့်သင်းကို ခိုင်ခိုင်မာမာ တည်ထောင်ပြီး လက်ဆင့်ကမ်း ထိန်းသိမ်းဖွင့်လှစ်နိုင်ခဲ့ပါတယ်။

အဓိကအနေနဲ့ကတော့ နန်းရှေ့သူ နန်းရှေ့သားတွေရဲ့ အင်အားနဲ့ဆောင်ရွက်နိုင်သလို အခု ရာပြည့်ပွဲတော်ကိုလည်း သူတို့ရဲ့ အင်အားဆန္ဒတွေနဲ့ ကျင်းပနိုင်တာပါ။ အသင်းမှာရှိတဲ့ စာအုပ်တွေကိုလည်း ရှေးက ပုဂ္ဂိုလ်တွေ စာအုပ်အမျိုးအစားလိုက် ခွဲခြားပြီး စနစ်တကျနဲ့ ထိန်းသိမ်းစောင့်ရှောက်လာတဲ့အတွက် သူတို့ရဲ့ ကောင်းမွန်တဲ့ ထိန်းသိမ်းနည်းစနစ်အမွေကို လက်ဆင့်ကမ်း အတုယူပြီး ရာပြည့်ဂုဏ်ရည်နဲ့ ကိုက်ညီတဲ့ စာကြည့်တိုက်တစ်ခုဖြစ်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ထားပါတယ်။ ယနေ့အချိန်မှာ မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်သစ်ဟာ စာကြည့်တိုက်ကို မရှိမဖြစ် လိုအပ်လာတဲ့ အနေအထားမျိုး ရောက်ရှိလာနေပြီ။ ဒါကြောင့် ပညာရေးစနစ်သစ်နဲ့ လိုက်လျောညီထွေဖြစ်တဲ့ စာကြည့်တိုက်တစ်ခုဖြစ်ဖို့ အသင့်ပြင်ထားရမယ်လို့ ဖောင်တော်ဦးဆရာတော်ရဲ့မိန့်ကြားချက်က ကျွန်တော်တို့ကို သတိပေးလိုက်သလို ခံစားမိပါတယ်။

**မောင်သစ်လွင်(လူထု)**

စာကြည့်တိုက်တစ်ခုကို နှစ်ပေါင်း ၁၀၀ အထိ ထိန်းသိမ်းထားနိုင်တယ်ဆိုတဲ့ လုပ်ဆောင်ချက်ကိုဂုဏ်ယူပါတယ်။ ဒီစာကြည့်တိုက်ကနေ နန်းတော်ရှေ့ဆရာတင်တို့က မျိုးဆက်သစ်တွေအတွက် အမျိုးသားရေး၊ စည်းလုံးညီညွတ်ရေးအပြင် တစ်နိုင်ငံလုံးမှာရှိတဲ့ပြည်သူတွေ အကျိုးစီးပွားနဲ့ ဒီစာကြည့်တိုက်ကြီး ရေရှည်တည်တံ့ဖွံ့ဖြိုးဖို့ လွှန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀ ကတည်းက သီချင်းတွေ စပ်ဆိုပြီး လုပ်ဆောင်ခဲ့ကြတာကို အခုအချိန်အထိ ဂုဏ်ယူနေမိပါတယ်။

**ဦးကျော်သင်း( ဥက္ကဋ္ဌ၊ရာပြည့်ပွဲတော်ကျင်းပရေးကော်မတီ)**

ရာပြည့်ပွဲတော်ကျင်းပဖို့ လွန်ခဲ့တဲ့ တစ်နှစ်လောက်ကတည်းက ကော်မတီဖွဲ့စည်းပြီး လစဉ်ပုံမှန် အစည်းအဝေးတွေ ဆောင်ရွက်ခဲ့လို့ အခုလို စည်စည်ကားကားဖြစ်အောင် ကျင်းပနိုင်တာပါ။ ဒီရာပြည့်ပွဲတော်ကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ လူငယ်တွေ စာပေအပေါ်မှာ စိတ်ဝင်စားမှုရှိလာစေဖို့ အဓိက ရည်ရွယ်ပြီးကျင်းပတာပါ။ ကျွန်တော်တို့ရဲ့စာကြည့်သင်းကလည်း အမှတ်စဉ်(၁)အနေနဲ့ နှစ်ပေါင်း ၁၀၀ ဖြတ်သန်းလာခဲ့ပြီးဖြစ်တဲ့အတွက် ဒီစာကြည့်သင်းကြီး ရေရှည်တည်တံ့ခိုင်မြဲနိုင်အောင် ကော်မတီအနေနဲ့ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြတာ ဖြစ်ပါတယ်။ ရာပြည့်ပွဲတော်မှာ စာပေလောကဖွံ့ဖြိုးဖို့ရည်ရွယ်ပြီး စာအုပ်ဈေးရောင်းပွဲတော်ကိုလည်း ထည့်သွင်းကျင်းပပေးပါတယ်။ ကျွန်တော်တို့အနေနဲ့ နှစ် ၁၀၀ ပြည့် စာကြည့်သင်း ရာပြည့်ပွဲတော်ကြီးမှစ၍ နောင်နှစ်ပေါင်းများစွာ တည်တံ့ခိုင်မြဲကာ စာပေလောကကြီး ဖွံ့ဖြိုးတိုးတက်စေဖို့ ရည်ရွယ်ပြီး ကြိုးစားသွားမှာပါ။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**အောင်ဖြိုးကျော်**

# နားလည်မှု၊ ယုံကြည်မှုများနှင့်အတူ ရှေ့ဆက်ရမည့်ခရီးလမ်း

ဒေါက်တာမြတ်မိုး

၂၀၂၀ ပြည့် နှစ်သစ်ကူးချိန်မှာ နိမိတ်ကောင်းများနဲ့အတူ ပြည်သူတွေအတွက် နှစ်သစ်ကူးလက်ဆောင်မွန်တစ်ခုကို JICM လို့ခေါ်တဲ့ (၈) ကြိမ်မြောက် "တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး" တစ်ခုကနေ ယူဆောင်ပေးနိုင်ခဲ့ပါပြီ။ JICM ဆိုတာက NCA စာချုပ်ရဲ့ အမြင့်ဆုံး ယန္တရားတစ်ခုပါ။ ဒီအစည်းအဝေးရဲ့ အောင်မြင်မှုဟာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့က ကျင်းပခဲ့တဲ့ (၇) ကြိမ်မြောက် JICM အစည်းအဝေးနောက်ပိုင်း အကြောင်းအမျိုးမျိုးကြောင့် တစ်ဆို့နေပြီး မကျင်းပဖြစ်ခဲ့တဲ့ အနေအထားတစ်ခုကို ရပ်တန့်နိုင်ခဲ့တဲ့ နှစ်သစ်ရဲ့ ပထမဆုံးကျင်းပတဲ့ အစည်းအဝေးတစ်ခုရဲ့ ရလဒ်ကောင်းတစ်ခုဆိုရင်လည်း မမှားပါဘူး။

## နှစ်ဦး နှစ်ကူးအစ မင်္ဂလာသတင်းစကား

ပြည်သူလူထုကောင်းကျိုးနဲ့ ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးအတွက် မင်္ဂလာရှိတဲ့ ရက်တစ်ရက်အဖြစ် မှတ်တမ်းတင်ထိုက်တဲ့၊ ထူးမြတ်တဲ့ ၈-၁-၂၀၂၀ ရက်နေ့မှာ ကျင်းပပြီးစီးခဲ့တဲ့ JICM အစည်းအဝေးကနေ ရလဒ်ကောင်းတွေ ရယူနိုင်ခဲ့ကြတယ်။ အဲဒီအစည်းအဝေးမှာ သက်ဆိုင်သူ၊ ပါဝင်သူများအကြား ယုံကြည်မှု၊ နားလည်မှုတွေ တိုးပွားလာကြတယ်။ ရင်းနှီးမှုတွေ ပိုမိုခိုင်မာလာကြလို့ အပြန်အလှန်အသိအမှတ်ပြုမှုတွေလည်း ရှိလာခဲ့ကြတယ်ဆိုတဲ့ သတင်းစကားတွေဟာ ယခုနှစ်အတွင်း သိပ်မကြာမီမှာ ကျင်းပဖို့ရည်ရွယ်ထားတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကြီးကို မျှော်လင့်နေတဲ့ တိုင်းရင်းသားပြည်သူတွေ အတွက်လည်း အားတက်စရာ မျှော်လင့်ချက်တစ်ခု ဖြစ်ကြရပါတယ်။

## သင်္ကာမကင်းမှုနှင့် စိုးရိမ်မှုက အဓိကကျ

ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးရဲ့ တကယ့် စစ်မှန်တဲ့ လိုလားတောင့်တမှုဟာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ကိုအခြေခံတဲ့ ပြည်ထောင်စုတစ်ခုသာဖြစ်လို့ အကျိုးလိုလား ပါဝင်သူအားလုံးကလည်း ပြင်းပြတဲ့ စိတ်ဆန္ဒနဲ့ အားသွန်ခွန်စိုက်ဆောင်ရွက်နေကြတယ်ဆိုတာ ရလဒ်လေးတစ်ခု ဆက်လက်တောက်ပနေစေဖို့ကို ပြည်သူအားလုံး အထူးသဖြင့် မငြိမ်းချမ်းမှုရဲ့သားကောင်များ ဖြစ်ကြရသူများက ပိုပြီးလိုလားတောင့်တကြမယ်ဆိုတာ ငြင်းဖွယ်ရာမရှိပါဘူး။ အရေးကြီးတာက အဖွဲ့တွေအကြား ရရှိပြီးသားနားလည်မှုတွေကို ပို၍ပို၍ ထိန်းသိမ်းစောင့်ရှောက်သယ်ဆောင်နိုင်ကြပါစေလို့ ပြည်သူတွေက ဆုတောင်းနေ၊ မျှော်လင့်နေကြတယ်ဆိုတာပါပဲ။ နှစ်ဦးနှစ်ဖက် နားလည်မှုရှိလာရင် ယုံကြည်မှုကိုလည်း တည်ဆောက်နိုင်မှာ ဧကန်အမှန်ပါ။ နားလည်မှုနဲ့ ယုံကြည်မှုရဲ့ အန္တရာယ်က သင်္ကာမကင်းမှုနဲ့ စိုးရိမ်မှုကို ဖြစ်ပေါ်စေပါတယ်။ ဒီအချက်က ငြိမ်းချမ်းရေးအတွက် ကြီးမားတဲ့ အဟန့်အတားကြီးတစ်ခုလို့ အမှန်မြင်ပြီး၊ အမှန်သိပြီဆိုရင် ပြည်သူအားလုံး စိတ်ချမ်းမြေ့ပျော်ရွှင်ဖို့အတွက် အချိန် ယန္တရားကြီးကိုလည်း တိုတောင်းအောင် လျှော့ချသွားနိုင်မှာ ဖြစ်ပါတယ်။

## နားလည်မှု၏အခြေခံ ကိုယ်ချင်းစာနာမှု

ပြည်ထောင်စုကြီးမှာ စစ်မှန်တဲ့ထာဝရငြိမ်းချမ်းရေး၊ ခိုင်မာတဲ့တည်ငြိမ်ရေးနဲ့ မြန်ဆန်တဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ်ရယူနိုင်ဖို့က ယခု တည်ဆောက်ထားတဲ့ ညှိနှိုင်းမှုစွမ်းပကားကို ဆက်လက် တိုးတက်တည်မြဲနေအောင် ထိန်းသိမ်းထားနိုင်ဖို့ အရေးကြီးလှပါတယ်။ နားလည်မှုနဲ့ ယုံကြည်မှုဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်နေပါတယ်။ နားလည်မှုယူတယ်ဆိုတဲ့နေရာမှာ တစ်ဦးရဲ့ ခံစားချက်၊ လိုလားချက်များကိုတစ်ဦးက စာနာမှုပေးနိုင်မှသာ နားလည်မှုပေးတယ်လို့ ဆိုနိုင်ပါတယ်။ စာနာမှုပေးတယ်ဆိုရာမှာလည်း သူ့နေရာမှာ ကိုယ်ကအစားထိုး ကိုယ်ချင်းစာပေးနိုင်မှု၊ သူ့နေရာမှာ ကိုယ်ဖြစ်ရင်ရော ဆိုတဲ့ ခံစားပေးနိုင်မှုက အဓိကကျပါတယ်။ ဒီလို တစ်ဦးနဲ့တစ်ဦး၊ တစ်ဦးအပေါ်တစ်ဦး ကိုယ်ချင်းစာနားလည်ပေးမှု ကိုယ်စီနဲ့ နားလည်မှုပေးနိုင်ကြပြီဆိုရင်တော့ ခက်ခဲနေတဲ့ နားလည်မှုရဖို့ဆိုတာလည်း လွယ်ကူသွားပါပြီ။ ဒီအခါမှာ လက်ရှိဖြစ်ပွားနေတဲ့ တစ်ဖက်နဲ့တစ်ဖက်ရဲ့ အဘက်ဘက်က အခြေအနေတွေကိုလည်း ထည့်သွင်းစဉ်းစားရတာ လွယ်ကူသွားနိုင်ပါတယ်။ သူဘာကြောင့် ဒီလိုစဉ်းစားသလဲဆိုတာ ရိပ်မိပြီဆိုရင်တော့ ပြဿနာရဲ့ အကြောင်းရင်းကိုလည်း ခန့်မှန်းတွက်ချက်ဖို့ရာ မခက်နိုင်တော့ပါဘူး။ ဤအချက်လေးဟာ တစ်ဖွဲ့နဲ့တစ်ဖွဲ့ နားလည်မှုတည်ဆောက်နိုင်ခြင်းရဲ့ အခြေခံလေးပဲဖြစ်ပြီး "နားလည်မှုတည်ဆောက်ပါ"၊ "နားလည်မှုရယူကြပါ" ဆိုတာကို ကိုယ်ချင်းစာနာမှုနဲ့ ဒွန်တွဲမထားလျှင်တော့ လက်တွေ့မကျတဲ့ အပြောသက်သက်သာဖြစ်မယ်လို့ ဆိုချင်ပါတယ်။

## နားလည်မှု၊ ယုံကြည်မှုနှင့် တာဝန်ယူ တာဝန်ခံမှု

တစ်ဖွဲ့နဲ့တစ်ဖွဲ့အကြား ကိုယ်ချင်းစာနားလည်ပေးမှုများနဲ့ နားလည်မှု တည်ဆောက်နိုင်ကြပြီ ဆိုရင်တော့ တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုရရှိဖို့၊ တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုပေးဖို့ များစွာမခက်တော့ပါဘူး။ တစ်ဦးချင်းကိုသော်လည်းကောင်း၊ အဖွဲ့ကိုသော်လည်းကောင်း အလွန်ကို ယုံကြည်သွားပြီဆိုရင်တော့ ရှေ့ဆက်ငြိမ်းချမ်းဖို့အရာဟာ အလှမ်းမဝေးတော့ပါဘူး။ ယုံကြည်မှုတည်ဆောက်နိုင်မှတော့ ညှိနှိုင်းရေးအဖွဲ့တွေကြားမှာ သူ့အဖွဲ့အတွက် ကိုယ့်အဖွဲ့တွေအကြား လိုအပ်ရင်လိုအပ်သလို လေးလေးစားစားနဲ့ တာဝန်ယူပေးလိုစိတ်၊ တာဝန်ခံပေးလိုစိတ်တွေလည်း ဖြစ်ပေါ်လာတဲ့အတွက် ယုံကြည်မှုလည်း ပိုမိုခိုင်မာလာကြမှာ ဖြစ်ပါတယ်။ တစ်ဦးအပေါ်တစ်ဦး လုပ်ဆောင်ချက်တွေအပေါ်မှာ ယုံကြည်မှုတွေ တိုးပွားလာကြပြီဆိုရင်တော့ သူ့အတွက်ဆိုရင်၊ ထိုမှတစ်ဆင့် အများအတွက်ဆိုရင် တကယ့်ရင်ထဲ နှလုံးသားထဲကကို တာဝန်ယူပေးလိုသော၊ တာဝန်ခံပေးလိုသော ခံယူချက်များ တစ်ဖန်ကိန်းအောင်းလာတတ်ကြတဲ့အတွက် ယုံကြည်မှုတည်ဆောက်ခြင်းနဲ့ တာဝန်ယူ၊ တာဝန်ခံမှုရယူခြင်းဆိုတဲ့ ကောင်းမွန်တဲ့ ခံယူချက်တွေဟာ အပြန်အလှန် အမှီသဟဲပြုနေတယ်ဆိုတာ ထင်ရှားပါတယ်။ ဒီလိုအခြေအနေမှာ ကိုယ့်ဘက်က အတ္တနဲ့ မာန်မာနများ လျှော့ချဖို့နဲ့ ခဝါချဖို့လည်း ဝန်မလေးတော့၊ ဘုံရည်မှန်းချက်ရောက်ဖို့အတွက် အရာရာပေးဆပ်ဖို့လည်း မတွန့်ဆုတ်တော့ဘဲ နားလည်မှုနဲ့ ယုံကြည်မှုရယူနိုင်တဲ့ စွမ်းအားများပိုင်ဆိုင်တဲ့ အခြေအနေတစ်ရပ်သို့ ဆိုက်ရောက်သွားပါတော့တယ်။

## ယုံကြည်မှု၏ အခြေခံ

နားလည်မှုနဲ့ ယုံကြည်မှု မပေးနိုင်ကြရင်တော့ လောကမှာ ဘာအလုပ်မှ လုပ်လို့ကိုင်လို့ မကောင်းနိုင်ပါဘူး။ ဘာမှလည်းလုပ်လို့ မရနိုင်ပါဘူး။ ဘယ်လူ့အဖွဲ့အစည်းမှာမဆို နားလည်မှု၊ ယုံကြည်မှု မတည်ဆောက်နိုင်ကြလို့ လုပ်ငန်းတွေ နှောင့်နှေးကြရတာ၊ ရည်မှန်းချက်မရောက်ကြတာ များစွာရှိလှပါတယ်။ ငြိမ်းချမ်းရေးကဲ့သို့သော ထူးခြားတဲ့အခြေအနေတွေမှာဆို ပိုလို့တောင် အရေးကြီးလှပါတယ်။ နားလည်မှုပေးကြပါ၊ ယုံကြည်မှုတည်ဆောက်ကြပါလို့ ပြောရတာတော့ အင်မတန်လွယ်ပါတယ်။ တကယ့်လက်တွေ့မှာတော့ ကိုယ်ကိုယ်တိုင်မှာ ရိုးသားဖြောင့်မတ်မှုမရှိရင်၊ မျှတမှုကိုမပေးနိုင်ရင်၊ ပွင့်ပွင့်လင်းလင်းပြောကြ၊ ဆိုကြဖို့ကို ခွင့်မပေးထားရင်၊ အမှန်ကို ဖုံးကွယ်ထားရင်၊ ခံစားချက်တွေကို မမျှဝေနိုင်သေးရင်တော့ ယုံကြည်မှုတည်ဆောက်ဖို့ အချိန်များစွာယူရန် လိုအပ်နေဦးမယ်လို့လည်း ယူဆမိပါတယ်။

## ကိုယ့်ကိုယ်ကိုယ်ယုံကြည်ချက်

တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့အကြား ယုံကြည်မှုတည်ဆောက်ကြရာမှာ ကိုယ်က သူ့ရဲ့ယုံကြည်မှုကို ရယူဖို့၊ ကိုယ်ကိုယ်တိုင်ကလည်း အင်အားကြီးမားတဲ့ ယုံကြည်ချက်ခိုင်မာနေဖို့ လိုပါတယ်။ ဘယ်လိုယုံကြည်ချက်မျိုးလဲဆိုရင် ငြိမ်းချမ်းရေးရမှ နိုင်ငံမှာ တည်မြဲတဲ့ပြည်ထောင်စုတစ်ခု ထူထောင်နိုင်မှာဆိုတဲ့ ယုံကြည်ချက်မျိုး၊ ပြည်ထောင်စုအတွက် ငြိမ်းချမ်းရေးအတွက်ဆိုရင် ငါ့မှာ လုပ်နိုင်စွမ်းရှိတယ်၊ လုပ်နိုင်စွမ်းဆိုတာကလည်း အပေးအယူ၊ အလျှော့အတင်း၊ ညှိနှိုင်းမှုများစွာနဲ့ ထက်မြက်တဲ့ ညှိနှိုင်းနိုင်စွမ်းရှိတယ်ဆိုတဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်မျိုးကို ဆိုလိုပါတယ်။ ဒီလို ခိုင်မာတဲ့ယုံကြည်ချက်ကို ဒီပြည်ထောင်စုကြီးအတွင်းမှာ အေးအတူ ပူအမျှ နေထိုင်ကြမယ်ဆိုတဲ့ ပြင်းပြတဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ပေါင်းစပ်နိုင်မယ်ဆိုရင်တော့ ငြိမ်းချမ်းရေးလမ်းကြောင်းဟာ ဖြောင့်ဖြူးနေမှာ သေချာပါတယ်။

ဘာပဲဖြစ်ဖြစ် ငြိမ်းချမ်းရေးအတွက် လျှောက်လှမ်းရမယ့်ခရီးလမ်းက အရှည်ကြီး ကျန်ပါသေးတယ်။ အစကောင်းပြီမို့ အနှောင်းသေချာဖို့တော့ လိုပါတယ်။ ဖြစ်သဘောထက် အပျက်သဘောများတတ်တဲ့ သဘောသဘာဝကိုလည်း လျှော့မတွက်သင့်ပါဘူး။ ရလဒ်ကောင်းတွေ ဆက်တိုက်ရဖို့ဆိုရင် ရရှိပြီးသားနားလည်မှုတွေ ပိုတိုးအောင်နဲ့ မရရှိသေးတဲ့ယုံကြည်မှုတွေ ပိုတည်ဆောက်နိုင်အောင် လုံ့လဥဿာဟ ပိုမိုစိုက်ထုတ်ကြဖို့နဲ့ ညှိနှိုင်းမှုစွမ်းပကားတွေ ပိုတိုးတက်စေဖို့ လိုအပ်မှာဖြစ်ပါတယ်။ ညှိနှိုင်းမှုစွမ်းပကားတွေ မြင့်မားလေလေ၊ အချိန်တိုတိုအတွင်းမှာ မှန်ကန်မျှတတဲ့ သဘောတူညီချက်များစွာ ရရှိလေလေပဲဖြစ်ပါကြောင်း အနာဂတ်ငြိမ်းချမ်းရေးခရီးလမ်းအတွက် အပြုသဘောတင်ပြလိုက်ရပါတယ်။ ။

> "တစ်ဖွဲ့နဲ့တစ်ဖွဲ့အကြား ကိုယ်ချင်းစာ နားလည်ပေးမှုများနဲ့ နားလည်မှု တည်ဆောက်နိုင်ကြပြီဆိုရင်တော့ တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုရရှိဖို့၊ တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုပေးဖို့ များစွာမခက်တော့ပါဘူး။ တစ်ဦးချင်းကိုသော်လည်းကောင်း၊ အဖွဲ့ကိုသော်လည်းကောင်း အလွန်ကို ယုံကြည်သွားပြီဆိုရင်တော့ ရှေ့ဆက် ငြိမ်းချမ်းဖို့အရာဟာ အလှမ်းမဝေးတော့"

> "တစ်ဦးနဲ့တစ်ဦး တစ်ဖွဲ့နဲ့တစ်ဖွဲ့အကြား ယုံကြည်မှုတည်ဆောက်ကြရာမှာ ကိုယ်က သူ့ရဲ့ယုံကြည်မှုကို ရယူဖို့၊ ကိုယ်ကိုယ်တိုင်ကလည်း အင်အားကြီးမားတဲ့ ယုံကြည်ချက်ခိုင်မာနေဖို့ လိုပါတယ်။ ဘယ်လိုယုံကြည်ချက်မျိုးလဲဆိုရင် ငြိမ်းချမ်းရေးရမှ နိုင်ငံမှာ တည်မြဲတဲ့ပြည်ထောင်စုတစ်ခု ထူထောင်နိုင်မှာဆိုတဲ့ ယုံကြည်ချက်မျိုး၊ ပြည်ထောင်စုအတွက် ငြိမ်းချမ်းရေးအတွက်ဆိုရင် ငါ့မှာ လုပ်နိုင်စွမ်းရှိတယ်၊ လုပ်နိုင်စွမ်းဆိုတာကလည်း အပေးအယူ၊ အလျှော့အတင်း၊ ညှိနှိုင်းမှုများစွာနဲ့ ထက်မြက်တဲ့ ညှိနှိုင်းနိုင်စွမ်းရှိတယ်ဆိုတဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်မျိုးကို ဆိုလိုပါတယ်။ ဒီလို ခိုင်မာတဲ့ယုံကြည်ချက်ကို ဒီပြည်ထောင်စုကြီးအတွင်းမှာ အေးအတူ ပူအမျှ နေထိုင်ကြမယ်ဆိုတဲ့ ပြင်းပြတဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ပေါင်းစပ်နိုင်မယ်ဆိုရင်တော့ ငြိမ်းချမ်းရေးလမ်းကြောင်းဟာ ဖြောင့်ဖြူးနေမှာသေချာ"

# မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်း ပဉ္စမအကြိမ် အသင်းဝင်များစုံညီတွေ့ဆုံပွဲ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်

**ရန်ကုန် ဇန်နဝါရီ ၂၅**
မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်း ပဉ္စမအကြိမ် အသင်းဝင်များ စုံညီတွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်အလံအား အလေးပြုကြပြီး မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများက ပွဲတိုင်းကျော် တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမှာစကား ပြောကြားရာတွင် မြန်မာ့အားကစားလောက အခြေအနေ အရပ်ရပ် တိုးတက်အောင်မြင်မှုရရှိရန် မည်သို့လုပ်ဆောင်သင့်သည်ကို အကြံပြုစာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ ပြောကြားစေလိုပြီး မိမိတို့ဘက်က ဆရာများ၏ အကြံဉာဏ်များကို သေသေချာချာ လေးလေးစားစားဖြင့် အတတ်နိုင်ဆုံး ဆောင်ရွက်ဖြည့်ဆည်းပေးမည် ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်း ပဉ္စမအကြိမ် အသင်းဝင်များစုံညီတွေ့ဆုံပွဲတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

### စွမ်းဆောင်မှုမြင့်တင်

မကြာမီရက်ပိုင်းအတွင်း အားကစားသိပ္ပံကျောင်း ခြောက်ကျောင်း၏ လုပ်ဆောင်ချက်များကို အသေးစိတ်လေ့လာသုံးသပ်၍ စွမ်းဆောင်မှုမြင့်တင်လုပ်ဆောင်ရန် လျာထားပါကြောင်း၊ ယခုအခါ ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး (EIM) ကို တစ်ပြည်လုံးအတိုင်းအတာအရ လုပ်ဆောင်နေပြီဖြစ်ပါကြောင်း၊ ရပ်ကွက်၊ မြို့နယ် အားကစားကွင်းများ အထူးသဖြင့် အကျဉ်းစခန်းများတွင် လုပ်ဆောင်နေခြင်းဖြစ်သည့်အတွက် အကျဉ်းသားများ အနေဖြင့် အားကစားပြုလုပ်လျှင် ပျော်ရွှင်မှုနှင့် စိတ်ခံစားချက် ပြောင်းလဲသွားပြီး နိုင်ငံတော်အတွက် အလွန်အကျိုးရှိသည့်ကိစ္စတစ်ရပ် ဖြစ်လာနိုင်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများ အသင်းဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က မြန်မာအားကစားလက်ရွေးစင်ဟောင်းများ အသင်းကို ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် 27th Sea Games ပြိုင်ပွဲအပြီးတွင် မြန်မာ့လက်ရွေးစင်ဟောင်းများက စုစည်းတိုင်ပင်၍ မြန်မာ့အားကစားလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးမည့် အဖွဲ့အစည်းတစ်ခုအဖြစ် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အသင်းဖွဲ့စည်းရသည့် ရည်ရွယ်ချက်မှာ မြန်မာ့အားကစားတိုးတက် အောင်မြင်စေရေး၊ မြန်မာ့လက်ရွေးစင်ဟောင်းများ ချစ်ခင်ညီညွတ်စွာစုစည်း၍ အချင်းချင်း လူမှုရေးလိုအပ်ချက်များ ကူညီစောင့်ရှောက်ရေးနှင့် နိုင်ငံတော်၏အားကစားဆိုင်ရာ အရေးကိစ္စများတွင် တတ်နိုင်သည့်ဘက်မှ ပါဝင်ကူညီဆောင်ရွက်ပေးနိုင်ရေးစသည့်အချက်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်း အတွင်းရေးမှူး ဦးစိုးသိန်းက အသင်း၏ ငါးနှစ်တာဆောင်ရွက်မှုများကို အစီရင်ခံတင်ပြ၍ မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်း၏ ဂုဏ်ထူးဆောင်အသင်းဝင် မြန်မာ့လက်ရွေးစင် အလေးမအားကစားသမားဟောင်း ဦးစိုးဝင်းက ဆုံးမဩဝါဒစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်းသို့ အလှူငွေများ လှူဒါန်းကြရာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ မြန်မာနိုင်ငံအားကစား အဖွဲ့ချုပ်အသီးသီးနှင့် အလှူရှင်များက အလှူငွေကျပ် စုစုပေါင်း သိန်း ၁၀၀ ကျော် ခန့် လှူဒါန်းရာ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အသင်းဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်နှင့် အမှုဆောင်တို့က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

### ပေးအပ်လှူဒါန်း

ယင်းနောက် မြန်မာ့အားကစားသမား လက်ရွေးစင်ဟောင်းများအသင်းဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက နှစ်ပတ်လည်မဂ္ဂဇင်းဖြစ်မြောက်ရေး၊ မဂ္ဂဇင်းထုတ်ပေးနိုင်ရေးအတွက် ဝိုင်းဝန်းကူညီခဲ့ကြသော ကြော်ငြာရှင်များ၊ ကာတွန်း၊ ဝတ္ထုတိုဆောင်းပါး စာမူရှင်များအား မှတ်တမ်းလွှာနှင့် တကွ အမှတ်တရလက်ဆောင်များ ပေးအပ်ပြီး အမျိုးသားစာကြည့်တိုက်နှင့် တက္ကသိုလ်များဗဟိုစာကြည့်တိုက်သို့ နှစ်ပတ်လည်မဂ္ဂဇင်းများအား တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှ စာကြည့်တိုက်မှူးထံသို့ ပေးအပ်လှူဒါန်းသည်။

ထို့နောက် မြန်မာ့အားကစားသမားလက်ရွေးစင်ဟောင်းများအသင်းအမှုဆောင် ပြေးခုန်ပစ်လက်ရွေးစင်ဟောင်း ဦးသန့်ဇင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ တက်ရောက်လာကြသော ဧည့်သည်တော်များနှင့် လက်ရွေးစင်ဟောင်းများအား စုံညီတွေ့ဆုံပွဲ အထိမ်းအမှတ် ကံစမ်းမဲဖောက်ပေးပြီး နေ့လယ်စာနှင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ ၁/၂၀၂၀ အစည်းအဝေးကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၅**
ပြန်ကြားရေးဝန်ကြီးဌာန ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ (Broadcasting Governing Body-BGB) ၁ /၂၀၂၀ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ယခုအစည်းအဝေးသည် ၂၀၂၀ ပြည့်နှစ်တွင် ပထမဆုံးပြုလုပ်သည့် အစည်းအဝေးဖြစ်ကြောင်း၊ တချို့အကြောင်းအရာများသည် လူကိုယ်တိုင် မျက်နှာချင်းဆိုင်တွေ့မှ ပြောဆိုတိုင်ပင်ဆွေးနွေး ပူးပေါင်းဆောင်ရွက်ရမည့်အရာများ ဖြစ်ပါကြောင်း၊ ဒီမိုကရေစီလူ့ဘောင်တွင် မီဒီယာကို တစ်ဦးတစ်ယောက်တည်း လုပ်ဆောင်၍မရကြောင်း၊ အားလုံး ရှင်သန်နိုင်မည့် အခင်းအကျင်းတစ်ခု ပေါ်ထွန်းလာအောင် ပူးပေါင်းဆောင်


ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ ၁/၂၀၂၀ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ရွက်မှသာ လုပ်ငန်းဆောင်ရွက်မှု ချောမွေ့မည်ဖြစ်ကြောင်း၊ မိမိတို့ ဝန်ကြီးဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်၍မရနိုင်သည့် အကြောင်းအရာများစွာရှိသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း၊ မိမိတို့၏ လိုအပ်ချက်များကို အားလုံးရှေ့ ပွင့်လင်းမြင်သာစွာ ပြောဆိုဆွေးနွေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

### SD မှ HD သို့ ပြောင်းလဲ

ထို့နောက် ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ ငွေကြေးပေးသုံးမှုကိစ္စရပ်များ၊ စာချုပ်များ ပြင်ဆင်ရေးကိစ္စရပ်၊ ဒစ်ဂျစ်တယ်ရုပ်သံအစီအစဉ်ထုတ်လွှင့်မှုများ၏ စိန်ခေါ်မှုများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို SD မှ HD သို့ ပြောင်းလဲလွှင့်ထုတ် ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယအင်ဂျင်နီယာချုပ် ဒေါ်ဇင်ဝါကြူက ရုပ်သံထုတ်လွှင့်ဆိုင်ရာများနှင့် ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး) ဦးဇေယျာမင်းက ယခင်ပြုလုပ်ခဲ့သည့် အစည်းအဝေး ၅/၂၀၁၉ ၏ ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေကို တင်ပြပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် မတ်လတွင်ကျင်းပမည့် စတုတ္ထအကြိမ်မြောက် စက်မှုတော်လှန်ရေးဆိုင်ရာ နည်းပညာအခွင့်အလမ်းများမှ အသံလွှင့်မီဒီယာ ဖျော်ဖြေမှုလုပ်ငန်းများအပေါ် သက်ရောက်မှုအလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် FM ရေဒီယိုအသံလွှင့်လုပ်ငန်းများနှင့် ရုပ်မြင်သံကြားထုတ်လွှင့်သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

## လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်

**နေပြည်တော် ဇန်နဝါရီ ၂၅** – မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မြန်မာကျွမ်းကျင်မှုပြိုင်ပွဲ (၂၀၂၀) ဖွင့်ပွဲ တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၅

မြန်မာကျွမ်းကျင်မှုပြိုင်ပွဲ (၂၀၂၀) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အမှာစကားပြောကြားရာတွင် မြန်မာကျွမ်းကျင်မှုပြိုင်ပွဲ(၂၀၂၀)သည် မြန်မာနိုင်ငံအတွင်း လူမှုစီးပွားရေးကူးလူးဆက်ဆံမှုဖြစ်စဉ်တွင် အလေးထားရမည့် မြန်မာ့လူ့စွမ်းအားအရင်းအမြစ်ဖြစ်သော လူငယ်လုပ်သားများ၏ ကျွမ်းကျင်မှုစွမ်းရည်ကို မှတ်ကျောက်တင်ပြသနိုင်မည့် ပွဲဖြစ်ကြောင်း၊ ယခုပြိုင်ပွဲသည် မြန်မာ့စီးပွားရေးဈေးကွက်အတွင်းရှိ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုများစုဝေးဖော်ပြရာ အချက်အချာနေရာတစ်ခုဖြစ်ပြီး စီးပွားရေးနှင့် ကျွမ်းကျင်မှုဆိုင်ရာ မူဝါဒချမှတ်သူများ၊ သက်မွေးပညာလေ့ကျင့်သင်ကြားရေးနယ်ပယ်မှ ပုဂ္ဂိုလ်များ၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၊ စက်မှုဇုန်များတွင် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသော အဖွဲ့အစည်းများအတွက် ခွန်အားဖြစ်စေမည့်ပြိုင်ပွဲဟု ဆိုနိုင်ပါကြောင်း။

### လုပ်သားထုကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး

ယနေ့ကမ္ဘာ၏ ဖြစ်ပေါ်ပြောင်းလဲမှုဖြစ်စဉ်များ အဆင့်မြင့်နည်းပညာကို အခြေခံသော စီးပွားရေး၊ လူမှုရေး၊ စက်မှု၊ ပညာရေး၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေး၊ ကုန်သွယ်ရေး စသည့် ကဏ္ဍပေါင်းစုံတွင် တစ်ရှိန်ထိုးပြောင်းလဲတိုးတက်နေပြီး နောက်ဆုံးပေါ် နည်းပညာအသုံးပြုသည့် Industrial 4.0 သို့ ရောက်ရှိနေသဖြင့် အချို့လုပ်ငန်းစဉ်များ၌ Industrial 4.0 ကို အခြေခံသော Education 4.0, HR 4.0, Economic 4.0, Marketing 4.0 နှင့် Banking 4.0 စသဖြင့် ခေတ်ကာလနှင့်အညီ ပြောင်းလဲအကောင်အထည်ဖော်လာကြသည်ကို တွေ့ရကြောင်း၊ အာဆီယံအဖွဲ့အနေဖြင့် အနာဂတ်နည်းပညာ၊ ဈေးကွက်လိုလားချက်နှင့် အလုပ်အကိုင်အခွင့်အလမ်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အငယ်စား၊ အသေးစား၊ အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကိုအခြေခံသည့် ASEAN Empowering 4.0 ကို အသွင်ပြောင်းလဲအကောင်အထည်ဖော်နေသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် အနာဂတ်ကာလတွင် အင်အားပြည့်သည့် "Myanmar 4.0" ကို ဖန်တီးနိုင်ရန် လုပ်သားအင်အားစုကို အရည်အချင်းမြှင့်တင်ပေးခြင်းဖြင့် အရည်အချင်းအသစ်များ သင်ကြားပေးနိုင်ရန် အားထည့်ဆောင်ရွက်နေသော အချိန်ကာလဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်သားထုကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်မှုများ၏ အဓိကရေသောက်မြစ်ဖြစ်သော အလုပ်အကိုင်ဆိုင်ရာ Competency များ၊ သင်ကြားရေးဆိုင်ရာ Curriculum များကို ခေတ်ကာလနှင့်အညီ version မြှင့်တင်ပြောင်းလဲပြင်ဆင်ရေးဆွဲရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ မြန်မာကျွမ်းကျင်မှုပြိုင်ပွဲ (၂၀၂၀)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

### ပြိုင်ပွဲများယှဉ်ပြိုင်နေမှုကြည့်ရှု

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြန်မာကျွမ်းကျင်မှုပြိုင်ပွဲ (၂၀၂၀)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တပ်မတော်ခန်းမအတွင်း ခင်းကျင်းပြသထားသည်များနှင့် ပြိုင်ပွဲများယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု"စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာကျွမ်းကျင်မှုပြိုင်ပွဲ (၂၀၂၀) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် Myanmar Motor Corporation Public Co.,Ltd ဦးဆောင်သော မော်တော်ယာဉ်လုပ်ငန်းရှင်များ၊ Pyae Soan Win Naing Distribution Co.,Ltd (PSWN)၊ Zaya&Associate Group Co.,Ltd နှင့် ဆက်စပ်လုပ်ငန်းရှင်များ၊ Luxembourg Development Cooperation Agency (LuxDev), Swisscontact နှင့် ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(GIZ)တို့မှ ပူးပေါင်းဆောင်ရွက်ကြပြီး မော်တော်ယာဉ်နှင့် လေအေးပေးစက် အလုပ်အကိုင်တို့၏ နောက်ဆုံးပေါ်ဆက်စပ်ပစ္စည်းများပြပွဲကိုလည်း ပူးတွဲကျင်းပလျက်ရှိသည်။

### အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည်

အဆိုပါပြိုင်ပွဲတွင် Automobile Technology, Refrigeration and Air–Condition, Electrical Installation, Restaurant Service နှင့် Cooking အလုပ်အကိုင်များတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် လူငယ်များအနက် အရည်အသွေးပြည့်ဝသော လုပ်သားလူငယ်များကို စခန်းသွင်းလေ့ကျင့်ပြီး စင်ကာပူနိုင်ငံတွင် ဇူလိုင်လအတွင်း ကျင်းပမည့် (၁၃)ကြိမ်မြောက် အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲ၌ မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးဌာနရုံး အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၅

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးဌာနရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် မုံရွာမြို့၌ ကျင်းပသည်။**



ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးဌာနရုံး အဆောက်အအုံသစ်ဖွင့်ပွဲ တက်ရောက်ကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

ရှေးဦးစွာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးဌာနရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို အဆိုပါအဆောက်အအုံရှေ့တွင်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသော ဦးကမ်ဇာမုံ၊ ဦးမြင့်ကြည်၊ ဦးလာလ်ထောင်ထန်း၊ နန်းမွေးမွေးခင် တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဦးစီးဌာနရုံးဆိုင်းဘုတ်ကို ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်တို့က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဦးစီးဌာနရုံးအဆောက်အအုံနှင့် ခင်းကျင်းပြသထားသော တိုင်းရင်းသားရိုးရာပြခန်းများ၊ တိုင်းရင်းသားဒေသအတွင်း ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ခဲ့သည့် မှတ်တမ်းနှင့် ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

### တိုင်းရင်းသားများ၏ ဆုံစည်းရာနေရာအဖြစ် အသုံးပြုရန်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနအနေဖြင့် နာဂ၊ ကတူး၊ ကနန်းတိုင်းရင်းသားများ အပါအဝင် ချင်း၊ ရှမ်း၊ ဗမာသွေးချင်းများ စုပေါင်းနေထိုင်ကြသော ထူးခြားသည့် စစ်ကိုင်းတိုင်းဒေသကြီးတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဦးစီးဌာနရုံးအဆောက်အအုံသစ် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုသည် တောင်ပေါ်မြေပြန့် ဖြန့်ကြက်နေထိုင်ကြသော သွေးချင်းတို့၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ရိုက်အချိုးကျနေပါကြောင်း၊ ဒေသခံတိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှုများကို ထိန်းသိမ်းမြှင့်တင်ရေး၊ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးတို့ကို ဆောင်ရွက်ရာ၌ တိုင်းရင်းသားဘာသာစကား စာပေများ သင်ကြားတတ်မြောက်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၂၀၁၉–၂၀၂၀ ပညာသင်နှစ်အတွင်း နေ့စားလစာပေး တိုင်းရင်းသားစာပေ သင်ကြားရေးအထောက်အကူပြု Teaching Assistant ၅၁၈ ဦးနှင့် တိုင်းရင်းသားဘာသာ သင်ကြားပေးသည့် Language Teachers ၄၁ ဦး ခန့်ထားနိုင်ခဲ့ပြီး ကျန်ရှိနေသောဒေသများတွင် ဆက်လက်ခန့်ထားနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသခံတိုင်းရင်းသားများက တိုင်းရင်းသားရေးရာကိစ္စရပ်များကို ယခုဖွင့်လှစ်သည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးဌာနရုံးရှိ တာဝန်ခံအရာရှိအပါအဝင် ဝန်ထမ်းများနှင့် ချိတ်ဆက်ဆောင်ရွက်ကြရန်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးဌာနရုံး အဆောက်အအုံကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများ၏ ဆုံစည်းရာနေရာ Ethnic Communication Center အဖြစ် အသုံးပြုကြပါရန် ပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခဲ့မှုများ၊ Teaching Assistant ၊ Language Teachers ခန့်ထားခဲ့မှု၊ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ပညာပေးမှု၊ စစ်တမ်းကောက်ယူမှုများ၊ လေရှီး၊ ပင်လည်ဘူး၊ ဗန်းမောက်၊ တမူး၊ ကလေးမြို့နယ် ခရီးစဉ်အတွင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားခဲ့သော မိန့်ခွန်းပါအချက်အလက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အယ်လ်တူးမိန်းဂေါင်က ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များနှင့် ရုံးအဆောက်အအုံ ဆောက်လုပ်ခဲ့မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များအား ဂုဏ်ပြုဆုချီးမြှင့်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် နှင့် တိုင်းဒေသကြီးဝန်ကြီးများအား အမှတ်တရ လက်ဆောင်များပေးအပ်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ကြသည်။

ယခု တည်ဆောက်ပြီးစီးသော အဆောက်အအုံသည် ပေ (၆၀ x ၈၀) သံကူကွန်ကရစ် နှစ်ထပ်ဖြစ်ပြီး ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်၌ တည်ဆောက်ခဲ့ကာ ဝန်ကြီးဌာန၏ ဆဋ္ဌမမြောက်ရုံးအဆောက်အအုံသစ်ဖြစ်၍ အဆိုပါ အဆောက်အအုံများတွင် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များအပါအဝင် တိုင်းရင်းသားများ၏ ဆုံစည်းရာနေရာ Ethnic Communication Center အဖြစ် အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# 2019 Novel Coronavirus (2019-nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု မြေပြင်အခြေအနေများကို ပြည်ထောင်စုဝန်ကြီး လှည့်လည်ကြည့်ရှု

**ရန်ကုန် ဇန်နဝါရီ ၂၅**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးရှိ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညွှန်ခန်းမ၌ ကျင်းပသည့် 2019 Novel Coronavirus (2019–nCoV) ကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းကြိုတင်ပြင်ဆင်ထားရှိမှုများ သေချာစေရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများက မိမိဒေသအတွင်းရှိ နယ်စပ် ဝင်ပေါက်၊ ထွက်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်ပြီး ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ(CEU)သို့ အချိန်နှင့် တစ်ပြေးညီသတင်းပေးပို့ ဆက်သွယ်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ရောဂါဖြစ်ပွားရာဒေသများမှ ဝင်ရောက်လာသော ခရီးသည်များသည် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်စဉ်က သံသယဖြစ်ဖွယ်လက္ခဏာများ မရှိသော်လည်း ၎င်းတို့တည်းခိုနေထိုင်မည့် ဟိုတယ်နှင့်တည်းခိုခန်းလိပ်စာများကို မှတ်သားထားရှိပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာ တည်းခိုခန်းနှင့်ဟိုတယ်များသို့ အဆိုပါခရီးသည်များ နာမကျန်းဖြစ်သည်ဟု သံသယရှိပါက ကျန်းမာရေးဌာနသို့ အသိပေးအကြောင်းကြားပေးရန် ဆက်သွယ်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

## ကြိုတင်အသိပေးရမည်

အပြည်ပြည်ဆိုင်ရာလေဆိပ်များရှိ ဌာန၊ အဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းများနှင့် ဟိုတယ်ဝန်ထမ်းများအား ရောဂါနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ၊ ရောဂါကာကွယ်မှုဆိုင်ရာ အသိပညာအချက်အလက်များ၊ သတင်းပေးပို့ရမည့် အခြေအနေနှင့် လမ်းကြောင်းများကို ကြိုတင်အသိပေးထားရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော Health Declaration Form ကို ပြည်ပမှ လေကြောင်းခရီးဖြင့်လာရောက်သည့် ခရီးသည်များအား စနစ်တကျ ပြည့်စုံစွာဖြည့်စွက်စေရေးအတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတကာလေကြောင်းလိုင်းများသို့ အကြောင်းကြားထားရမည် ဖြစ်ပါကြောင်း။

**ရောဂါဖြစ်ပွားရာဒေသများမှ ဝင်ရောက်လာသော ခရီးသည်များသည် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်စဉ်က သံသယဖြစ်ဖွယ်လက္ခဏာများ မရှိသော်လည်း ၎င်းတို့တည်းခိုနေထိုင်မည့် ဟိုတယ်နှင့် တည်းခိုခန်းလိပ်စာများကို မှတ်သားထားရှိပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာ တည်းခိုခန်းနှင့်ဟိုတယ်များသို့ အဆိုပါခရီးသည်များ နာမကျန်းဖြစ်သည်ဟု သံသယရှိပါက ကျန်းမာရေးဌာနသို့ အသိပေးအကြောင်းကြားပေးရန် ဆက်သွယ်ဆောင်ရွက်သွားရမည်**




တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင် နိုင်ငံတကာတွင် 2019 Novel Coronavirus (2019–nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါဖြစ်ပွားမှု၊ ကူးစက်ပြန့်ပွားမှုနှင့် သေဆုံးမှုအခြေအနေများကို မျက်ခြည်မပြတ်လေ့လာ၍ တုံ့ပြန်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ထားရှိမှုများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး)၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် (ဓာတ်ခွဲ)၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်၊ အပူပိုင်းနှင့် ကူးစက်ရောဂါပညာဌာနမှ ပါမောက္ခ၊ ဝေဘာဂီအထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ လေဆိပ်ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ဝေဘာဂီအထူးကုဆေးရုံကြီးသို့ သွားရောက်၍ ရောဂါဖြစ်ပွားသူများ လာရောက်ပါက ဆောင်ရွက်မည့်အစီအစဉ်နှင့် ကြိုတင်ပြင်ဆင်ထားရှိသည့် မြေပြင်အခြေအနေများကို စစ်ဆေးကြည့်ရှုသည်။

ထိုသို့စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ကျွမ်းကျင်မှုပိုင်းဆိုင်ရာအချက်အလက်များကို ဆေးရုံအုပ်ကြီး၊ ပါမောက္ခများနှင့် ဆွေးနွေးကာ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝေဘာဂီအထူးကုဆေးရုံကြီးရှိ ဆောက်လုပ်ဆဲ နှစ်ထပ်လူနာဆောင်သစ်နှင့် သုံးထပ်လူနာဆောင်သစ်များကို သွားရောက်ကြည့်ရှုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ လေဆိပ်ကျန်းမာရေးဌာနခွဲတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းများ လက်တွေ့ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။ **(အပေါ်ပုံ)**

## ညှိနှိုင်းဆွေးနွေး

ထို့နောက် Yangon Aerodrome ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ ဦးမျိုးခိုင်၊ အထွေထွေမန်နေဂျာ ဦးရဲခိုင်၊ လေဆိပ်ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးကော်မတီမှ ဦးဖွဲ့မာန်အောင်တို့နှင့်လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးဌာနမှ တာဝန်ရှိသူများနှင့်လည်းကောင်း တွေ့ဆုံ၍ နိုင်ငံတကာမှ ဝင်ရောက်လာသော ခရီးသည်များကို Thermal Scanner အသုံးပြု၍ အဖျားရှိ၊ မရှိ၊ သံသယလူနာစစ်ဆေးခြင်းလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရေး၊ လူဝင်မှုကြီးကြပ်ရေးဌာနမှ ဝန်ထမ်းများသည် များပြားလှသော ခရီးသည်များနှင့် နေ့စဉ်ထိတွေ့နေရသဖြင့် ရောဂါပိုးကူးစက်မှုမရှိစေရေးအတွက် မျက်နှာဖုံးများ စနစ်တကျတပ်ဆင်ခြင်းနှင့် လက်သန့်စင်ပိုးသတ်ဆေး (hand sanitizer) အသုံးပြုရေး၊ လူနာများထံမှ ချောင်းဆိုးခြင်းနှင့် နှာချေခြင်းတို့မှတစ်ဆင့် ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန် မှန်အကာအကွယ်ငယ်များ တပ်ဆင်အသုံးပြုရေး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ဝေထားသော Health Declaration Form များကို ပြည့်စုံစွာ ဖြည့်စွက်ထားသည့် ခရီးသည်များကိုသာ ဝင်ရောက်ခွင့်ပြုရေး၊ သံသယလူနာတွေ့ရှိပါက လေဆိပ်မှ ဝေဘာဂီအထူးကုဆေးရုံကြီးထံသို့ စနစ်တကျလွှဲပြောင်းကုသရေးတို့အတွက် ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ အင်းစိန်မြို့နယ် အောင်ဆန်းတီဘီရောဂါဆေးရုံကြီးတွင်ရှိသော ရောဂါပိုးဓာတ်ခွဲစစ်ဆေးသည့် ဇီဝလုံခြုံမှုအဆင့်၃ (Bio Safety Level 3) ရည်ညွှန်းဓာတ်ခွဲခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး သံသယလူနာထံမှ ဓာတ်ခွဲနမူနာကို မြန်မာနိုင်ငံ အမျိုးသားကျန်းမာရေးဆိုင်ရာဓာတ်ခွဲခန်း (ရန်ကုန်) တွင် 2019 Novel Coronavirus (2019–nCoV)ရောဂါပိုးရှိ၊ မရှိအား ဓာတ်ခွဲစစ်ဆေးအတည်ပြုနိုင်ရန် လိုအပ်သော Primer, Probe, Reagent နှင့် PCR kit ဓာတ်ခွဲစမ်းသပ်ပစ္စည်းများ ရရှိနိုင်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အမေရိကန်နိုင်ငံ CDC တို့နှင့် ဆက်သွယ်တောင်းခံ၍ မိမိတို့နိုင်ငံ၌ ဤရောဂါပိုးကို ဓာတ်ခွဲအတည်ပြုစစ်ဆေးနိုင်ရေး လမ်းညွှန်မှာကြားသည်။

**သတင်းစဉ်**

---

◆ *ကျော့ဖုံးမှ*

လက်ရှိအချိန်တွင် မြန်မာနိုင်ငံသို့ နိုဗယ်ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါ ဖြစ်ပွားမှုမရှိစေရေးအတွက် ဝူဟာန်မှ ရန်ကုန်နှင့် မန္တလေးသို့ ပျံသန်းပြေးဆွဲနေသည့် China Eastern လေကြောင်းလိုင်းအား ဇန်နဝါရီ ၂၄ ရက်မှ ဖေဖော်ဝါရီ ၂၉ ရက်အထိ ခရီးစဉ်ပြေးဆွဲနေမှုကို ယာယီရပ်နားထားကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်းလည်း သိရသည်။

အဆိုပါနိုဗယ်ကိုရိုနာဗိုင်းရပ်စ်သည် ဗိုင်းရပ်စ်အမျိုးအစားအပေါ် မူတည်ပြီး သာမန်အအေးမိခြင်းမှသည် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်းစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ ဖြစ်ပွားလေ့ရှိပြီး ရောဂါပြင်းထန်သောလူနာများတွင် အဆုတ်ရောင်ရောဂါ၊ ဆားစ်ရောဂါ၊ မားစ်ရောဂါနှင့် ကျောက်ကပ် ပျက်စီးခြင်းတို့ ဖြစ်ပွားနိုင်ပြီး အသက်ဆုံးရှုံးမှု ဖြစ်ပေါ်နိုင်ကြောင်း ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးထံမှ သိရသည်။

“နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးဟာ တိရစ္ဆာန်တွေမှာ အဓိက ကူးစက်ပြန့်ပွားလေ့ရှိကြပြီး လူမှတစ်ဆင့် လူကို ကူးစက်နိုင်မှုနည်းပါးသော်လည်း တချို့ နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ပိုးတွေဟာ လူမှတစ်ဆင့်လူကို ကူးစက်နိုင်ပါတယ်။ များသောအားဖြင့် ရောဂါပိုးကူးစက်ခံရသူနဲ့ အနီးကပ်နေထိုင်သူတွေဖြစ်တဲ့ အတူနေမိသားစုဝင်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေကို ကူးစက်နိုင်ပါတယ်” ဟု ၎င်းကဆိုသည်။

ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေသော မြန်မာနိုင်ငံသားများအနေဖြင့် လတ်တလောဖြစ်ပွားလျက်ရှိသော နိုဗယ်ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါနှင့်စပ်လျဉ်း၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ထုတ်ပြန်လျက်ရှိသည့် ကျန်းမာရေးဆိုင်ရာ ကြိုတင်ကာကွယ်ရေးလမ်းညွှန်ချက်၊ လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များအား တိကျစွာလိုက်နာဆောင်ရွက်သွားရန်နှင့် အခက်အခဲတစ်စုံတစ်ရာရှိပါက မြန်မာသံရုံးသို့ လိုအပ်သည့်အကူအညီများ တောင်းခံနိုင်ကြောင်း ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးက ဇန်နဝါရီ ၂၃ ရက် ရက်စွဲဖြင့် အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။

**မင်းသစ်(MNA)**




ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်

# ပွင့်ဖြူမြို့နယ်မှ ကျေးရွာကျောင်းဆောင်သစ်ကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်ဖွင့်လှစ်ပေး

**ပွင့်ဖြူ ဇန်နဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ငါးခြောက်ကျွန်းကျေးရွာ (အထက)၌ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောက်လုပ်ပြီးစီးသည့် အလျား ပေ ၁၀၀၊ အနံ ပေ ၃၀ ရှိကျောင်းဆောင် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၄ ရက်က ကျင်းပခဲ့ရာ ကျောင်းဆောင်သစ်ကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတာ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်း၊ တိုင်းဒေသကြီးပညာရေးမှူး ဒေါ်ခင်သန်းဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းငွေ၊ ခရိုင်ပညာရေးမှူး ဒေါ်စန်းစန်းအေးနှင့် ကျောင်းအကျိုးတော်ဆောင် ဦးခင်မောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌတို့က အမှာစကားများပြောကြားကြပြီး တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးတင့်ဆန်းက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများအကြောင်း ဆွေးနွေးပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးပညာရေးမှူးက ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများနှင့် ကျောင်းသား ကျောင်းသူများ ပညာရည်မြင့်မားရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ဆရာနှင့် မိဘ ပူးပေါင်းဆောင်ရွက်သွားရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကာ ကျောင်းဆောင်သစ်ကို တာဝန်ယူဆောက်လုပ်ခဲ့သည့် ကျော်စွာကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက စာသင်ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပွင့်ဖြူမြို့နယ်ပညာရေးမှူး ဒေါ်ခင်ပြုံးရီထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ငါးခြောက်ကျွန်းကျေးရွာ အထက၌ ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်တွင် KG တန်းမှ ဒသမတန်းအထိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၉၃ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိပြီး ယခုနှစ်တွင် ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းစွာ ပညာသင်ကြားနိုင်စေရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၁၀၉၀ ဖြင့် အလျား ပေ ၁၀၀၊ အနံ ပေ ၃၀ ရှိ ခြေတံရှည်တစ်ထပ် အာရ်စီကျောင်းဆောင်သစ်ကို ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပန်းတောင်းမြို့နယ် ပြည်သူများနှင့် တွေ့ဆုံ

**ပန်းတောင်း ဇန်နဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အတွင်းမှ ဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဥဿျှစ်ပင်မြို့ နာဂမုနိဓမ္မာရုံ၌ ဒေသခံပြည်သူများနှင့် ဇန်နဝါရီ ၂၄ ရက်က တွေ့ဆုံခဲ့သည်။




တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက မြို့နေပြည်သူတစ်ဦး၏တင်ပြချက်ကို ညှိနှိုင်းဖြေရှင်းပေးနေစဉ်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က "လူထုတွေ့ဆုံပွဲများပြုလုပ်၍ ဒေသခံပြည်သူများ၏ လူမှုအခက်အခဲများ၊ စီးပွားရေးဆိုင်ရာ အခက်အခဲများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို သိရှိပြီး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်မှာကြားချက်အရ ယခု တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် အစိုးရ၊ ဌာနဆိုင်ရာနှင့် ပြည်သူများအကြား အထင်အမြင်လွဲမှားနေမှုများ၊ တစ်ဦးနှင့်တစ်ဦး တစ်ဖွဲ့နှင့်တစ်ဖွဲ့ မယုံကြည်မှုများကို ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးရန်နှင့် ပြည်သူများအကြား အမြစ်တွယ်နေသည့် အကြောက်တရားကင်းရှင်းပြီး အစိုးရ၏ မူဝါဒများ၊ ပေါ်လစီများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်လည်းဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲရေးကာလတွင် ကြုံတွေ့ရသည့် နိုင်ငံရေးအခက်အခဲ၊ စီးပွားရေးအခက်အခဲများကို ပြည်သူများက နားလည်ပြီး ခေတ်သစ် ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုကြီး ပေါ်ပေါက်လာစေရေးအတွက် မိမိတို့အစိုးရနှင့်အတူ လက်တွဲကာ ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှူး ဦးမင်းသိန်းက ၂၀၁၂ လယ်ယာမြေဥပဒေအကြောင်းကိုလည်းကောင်း၊ မြို့နယ် သစ်တောဦးစီးဌာနမှူး ဦးလင်းသူကိုက သစ်တောဥပဒေများနှင့် အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း တည်ထောင်ခြင်းအကြောင်းကိုလည်းကောင်း၊ ပြည်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်စိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လိုက်နာရမည့် သိကောင်းစရာ ဥပဒေများကိုလည်းကောင်း ပြည်သူများအား ရှင်းလင်းပြောကြားခဲ့သည်။

ဒေသခံပြည်သူများကလည်း ဖွံ့ဖြိုးရေးလိုအပ်ချက်များဖြစ်သော ဥဿျှစ်ပင်မြို့ စည်ပင်သာယာရေးဈေးနှင့် ရပ်ကွက် မီးဘေးလုံခြုံရေးအတွက် ဈေးဝင်းအနောက်ဘက် တိုးချဲ့ကွက်သစ်မြေ ပေ ၂၀၀ ကို အများပိုင်မြေအဖြစ် ပြန်လည်ထားရှိပေးရန်၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားမှုများကို ရှင်းလင်းပေးရန်၊ မြို့ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်၊ ဥပဒေမဲ့ သိမ်းဆည်းခဲ့သော လယ်ယာမြေနှင့် နှစ်ရှည်ပင် စိုက်ပျိုးထားသည့် မြေဧရိယာ ၃ ဒသမ ၀၃ ဧကကို မူလပိုင်ရှင်ထံ ပြန်ပေးရန်၊ မြို့အဝင်မှ လမ်းဆုံအထိကို ကတ္တရာလမ်း တိုးချဲ့ခင်းပေးရန်နှင့် Box Culvert တည်ဆောက်ပေးရန်၊ ထုံးဘိုကျေးရွာအုပ်စု စာစီကုန်းကျေးရွာထိပ်မှ ထုံးဘိုကျေးရွာ ပန်းခြံလမ်း(ဘောလုံးကွင်း)အထိ အရှည်ပေ ၃၀၀၀ ရှိသော ဆည်မြောင်းတာပေါင် ဘေးလမ်းအတိုင်း မြို့ရောင်လမ်းခင်းပေးရန်၊ ပြင်ကြီးကျေးရွာရှိ အလယ်တန်းကျောင်းခွဲမှ အန္တရာယ်ရှိသော ကျောင်းဆောင်အဟောင်းကို ဖျက်သိမ်း၍ အဆောက်အအုံသစ် ဆောက်လုပ်ပေးရန် စသည်တို့ကို တင်ပြခဲ့ကြကာ ဝန်ကြီးချုပ်က ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

**ဟိန်းထက်(ပဲခူး)**

## ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

**မြစ်ကြီးနား ဇန်နဝါရီ ၂၅**

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပထမ (၃)လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲကို ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ဇန်နဝါရီ ၂၃ ရက်နှင့် ၂၄ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က စီမံကိန်းလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန်နှင့် အရည်အသွေးပြည့်မီစွာ အချိန်နှင့်တစ်ပြေးညီ ပြီးမြောက်စေရန် ဒေသဆိုင်ရာ ခရိုင်၊ မြို့နယ်၊ မြို့ အုပ်ချုပ်ရေးမှူးများနှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာများက တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် အကောင်းဆုံး တာဝန်ကျေပွန်အောင် ဆောင်ရွက်ကြရေး၊ လုပ်ငန်းများဆောင်ရွက်သည့်နေရာတွင် ဌာနဆိုင်ရာများအနေဖြင့် ပြည်သူအားလုံး၏ လေးစားယုံကြည်မှုရအောင် ကျင့်ကြံပြုမူရေး၊ ပြည်သူများက အကူအညီတောင်းခံလာပါက အချိန်မဆွဲဘဲ ချက်ချင်းအကူအညီပေးရေး စသည်ဖြင့် အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ခရိုင်အုပ်ချုပ်ရေးမှူးများက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပထမ (၃)လပတ်အတွင်း လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များ၊ ဖြေရှင်းဆောင်ရွက်ပေးရန် ကိစ္စရပ်များ စသည်တို့ကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ကြပြီး ဖြည့်စွက်ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များနှင့် လုပ်ငန်းလိုအပ်ချက်များကို ပြည်နယ်ဝန်ကြီးများနှင့် အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ဆွေးနွေးကာ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရေးကို ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့က အကြံပြု ဖြည့်စွက်ဆွေးနွေးခဲ့သည်။

အဆိုပါအစည်းဝေးသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်နှင့် မြို့အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဌာနဆိုင်ရာများ၏ ရွှေ့လျား ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေး

**လွိုင်လင် ဇန်နဝါရီ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်မြို့နယ်မှ ဌာနဆိုင်ရာများသည် ဟွေတောက်ကျေးရွာအုပ်စု လဲလောင်းကျေးရွာ ရန်အောင်ဘုန်းကြီးကျောင်းသို့ ကွင်းဆင်း၍ ရွှေ့လျား ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဇန်နဝါရီ ၂၄ ရက်က ဆောင်ရွက်ပေးခဲ့ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်ကြည့်ရှု အားပေးခဲ့သည်။




ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပြည်သူတစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်နေစဉ်

ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်အောင်ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီးနောက် ကျေးရွာနေပြည်သူများနှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးရေးစကားဝိုင်းကို ပြုလုပ်ခဲ့ရာ ကျေးလက်နေပြည်သူများက ဒေသ၏လိုအပ်ချက်များကို တင်ပြခဲ့သည်။

ဆက်လက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ လက်ဝယ်အရောက် ပေးအပ်ခြင်း၊ လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ပေးအပ်ခြင်း၊ ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးဌာနတို့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနက ကျွဲ၊ နွားများကို ဆေးဝါးကုသပေးခြင်း၊ မီးသတ်ဦးစီးဌာနက မီးငြိမ်းသတ်မှု သရုပ်ပြခြင်းနှင့် အခြားသော ဌာန ဆိုင်ရာများက ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ကြည့်ရှုအားပေးခဲ့ကြသည်။

ဟွေတောက်ကျေးရွာအုပ်စုသည် လွိုင်လင်မြို့နှင့် မိုင် ၂၀ ခန့် ကွာဝေးပြီး ယင်းအုပ်စုတွင် ကျေးရွာပေါင်း ၂၆ ရွာရှိကာ သွားလာရေးခက်ခဲသော ကျေးရွာများဖြစ်ကြောင်းနှင့် ရွှေ့လျားပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးသည့်နေရာသို့ လဲလောင်းကျေးရွာနှင့် ပတ်ဝန်းရှိ ကျေးရွာပေါင်း ၄၂ ရွာမှ ဒေသခံပြည်သူ ၃၀၀၀ ခန့် လာရောက်၍ ရုံးလုပ်ငန်းများဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

## ပဉ္စမအကြိမ်မြောက် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်ဆိုင်ရာ လူထုအသိပညာပေးပြပွဲ ကျင်းပ

**မုံရွာ ဇန်နဝါရီ ၂၅**

ပဉ္စမအကြိမ်မြောက် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်ဆိုင်ရာ လူထု အသိပညာပေးပြပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ ဇန်နဝါရီ ၂၄ ရက်နှင့် ၂၅ ရက် နှစ်ရက်ကြာ ကျင်းပခဲ့သည်။

ပြပွဲ ဖွင့်ပွဲတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာခင်ဇော်နှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကျော်ထွေးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး လူမှုရေးဝန်ကြီးက အမှာစကားပြောကြားသည်။

ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်ပစ္စည်းများ၏ ဘေးအန္တရာယ်များကို ပြည်သူများ သိရှိပြီး သတိပြု ရှောင်ရှားတတ်စေရေး၊ ဘေးကင်းပြီး အရည်အသွေးပြည့်သော ပစ္စည်းများကိုသာ ရွေးချယ်ဝယ်ယူတတ်စေရေး၊ ဘေးအန္တရာယ်ရှိသော စားသောက်ကုန်နှင့် ပစ္စည်းများ ဈေးကွက်အတွင်း မရှိစေရန် ပြည်သူများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် အာဏာပိုင်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေး၊ တိုင်းဒေသကြီးအတွင်းရှိ စားသောက်ကုန်ထုတ်သည့် လုပ်ငန်းရှင်များအနေဖြင့် FDA ထောက်ခံချက်များ ပိုမိုလျှောက်ထားလာစေရေးနှင့် ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်များနှင့်အညီ ထုတ်လုပ်ရောင်းချလာစေရေး၊ စာသင်ကျောင်းများတွင် ပညာပေးအစီအစဉ်များ ပြုလုပ်ခြင်းဖြင့် မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများအနေဖြင့် ကျန်းမာရေးနှင့်ဆက်နွှယ်သော အသိပညာများ ပိုမိုတိုးပွားလာစေရေးစသည့် ရည်ရွယ်ချက်များဖြင့် ပြပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာခင်ဇော်က အမှာစကားပြောကြားပြီး လူမှုရေးဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီးနှင့် တာဝန်ရှိသူများက တက္ကသိုလ်အဆင့် ကာတွန်းပြိုင်ပွဲတွင် ဆုရသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ကာ ပြပွဲတွင် သက်ဆိုင်ရာ ဌာနများနှင့် ကုမ္ပဏီများက ခင်းကျင်းပြသထားသည့် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်ပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**မွေးကြူဇင်**

# ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ငွေကြေးရရှိစေနိုင်မှုဆိုင်ရာကိစ္စရပ်များအတွက် တွေ့ဆုံပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၅

**ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီက ဥတ္တရသီရိမြို့နယ် သစ်လုပ်ငန်းရှင်များ အသင်းရုံး၌ ကျင်းပရာ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အမှာစကားပြောကြားပြီး ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်မတီမှ ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။**



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်မတီမှ ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားစဉ်။

**ချေးငွေရရှိရေးကိစ္စရပ်များ ဆွေးနွေး**

ထို့နောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ မြန်မာနိုင်ငံဘဏ်များအသင်း ဒုတိယဥက္ကဋ္ဌ(၄) ဦးရဲမင်းဦး၊ ဥတ္တရသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင်နှင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးနေလင်းထိုက်တို့က MSME လုပ်ငန်းရှင်များမှ လိုအပ်သည့်ချေးငွေ ရရှိရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီဝင်များက ဌာနအလိုက် ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကြပြီး အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များက SMEs ချေးငွေ လျှောက်ထားရာတွင် တင်ပြရသည့် စာရွက်စာတမ်းများနှင့် ချေးငွေရယူရန်သတ်မှတ်ချက်များ ဖြေလျှော့ပေးရေးကိစ္စ၊ နှစ်ရှည်ချေးငွေများကို အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးရေးကိစ္စ၊ အခွန်ပေးဆောင်ရာတွင် ကြုံတွေ့နေရသည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေး လုပ်ငန်းကော်မတီဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြကာ ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**လုပ်ငန်းရှင်များ တက်ရောက်**

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးရဲမင်းဦး၊ ဥတ္တရသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင်၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အသေးစား အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးနေလင်းထိုက်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းရှင်များအသင်း (နေပြည်တော်)၏ ညီနောင်လုပ်ငန်းစုအဖွဲ့ဝင်များ စုစုပေါင်း ၁၆၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# Film & Television Lawyer Mr.Morris Averill မှ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားလုပ်ငန်းများဆိုင်ရာ စာချုပ်စာတမ်းများ၊ မူပိုင်ခွင့်နှင့် အခွင့်အရေးများနှင့် ပတ်သက်၍ ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၅**

Film & Television Lawyer Mr.Morris Averill ၏ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားလုပ်ငန်းများဆိုင်ရာ စာချုပ်စာတမ်းများ၊ မူပိုင်ခွင့်နှင့် အခွင့်အရေးများနှင့် ပတ်သက်၍ ဆွေးနွေးပွဲတစ်ရပ်ကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း အမှတ်(၅၀) အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (FDC) သင်တန်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် “Services Contracts: Copyright, Moral Rights and Performers Rights”ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို စတင်ရာ Film & Television Lawyer Mr. Morris Averill က ၎င်း၏ ရုပ်ရှင်ဆိုင်ရာ ထုတ်လုပ်မှု အတွေ့အကြုံများ၊ စာချုပ်စာတမ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဥပဒေအကြောင်းအရာများနှင့် မူပိုင်ခွင့်ဆိုင်ရာများ၊ မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများမှ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားလုပ်ငန်းဆိုင်ရာဥပဒေ၊ မူပိုင်ခွင့်နှင့် အခွင့်အရေးများကို ရှင်းလင်းပြောကြားဆွေးနွေးကာ တက်ရောက်လာကြသူများ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် ပြန်လည်ဆွေးနွေးဖြေကြားသည်။

လာရောက်လေ့လာသူ ဒါရိုက်တာမောင်သီက “နိုင်ငံတကာမှာတော့ ဒီအကြောင်းအရာတွေက အဓိကထားတဲ့ ကိစ္စတွေပါ။ ကျွန်တော်တို့ဆီမှာတော့ အလေ့အကျင့်က ပျက်နေတယ်။ သူတို့ဆီမှာက မော်ဒယ်ပိုင်းဆိုင်ရာ၊ ကာယပိုင်းနဲ့ ဉာဏပိုင်းဆိုင်ရာတွေစုံတယ်။ ကျွန်တော်တို့ဆီမှာက အဲဒါတွေနဲ့ပတ်သက်ပြီး ဥပဒေတွေသိပ်မရှိသေးဘူး။ သူဆွေးနွေးသွားတဲ့ အထဲမှာလည်း တစ်နိုင်ငံနဲ့ တစ်နိုင်ငံ မတူပါဘူး။ ဘုံထုတ်ထားတာလေးတွေ သူပြောသွားတယ်။ အဲဒါလေးတွေလေ့လာရတာ ကျွန်တော်တို့အတွက် အကျိုးအမြတ်ရှိပါတယ်” ဟုပြောသည်။

Film & Television Lawyer Mr.Morris Averill သည် နယူးဇီလန်နိုင်ငံသားဖြစ်ပြီး မီဒီယာနှင့် ပတ်သက်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသော ရှေ့နေတစ်ဦးဖြစ်သည်။ ထို့အပြင် ၎င်းသည် ရုပ်ရှင်နှင့် ရုပ်မြင်သံကြား ထုတ်လုပ် ဖြန့်ချိသူတစ်ဦးဖြစ်ကာ ယင်းလုပ်ငန်းများဆိုင်ရာ စာချုပ်စာတမ်းများ၊ မူပိုင်ခွင့်နှင့် အခွင့်အရေးများနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ အတွေ့အကြုံရှိသူဖြစ်သည့်အပြင် မူပိုင်ခွင့်ဆိုင်ရာ ဥပဒေအကြောင်းအရာများကို တတ်သိကျွမ်းကျင်သူဖြစ်ကြောင်း သိရသည်။ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါ်ဆွေဇင်ထိုက်က ဦးဆောင်ဆွေးနွေးမည့် Mr.Morris Averill ၏ ကိုယ်ရေးအကျဉ်းကို ဖတ်ကြားခဲ့သည်။




ဆွေးနွေးပွဲသို့ ရုပ်ရှင်၊ ဂီတ၊ သဘင်နယ်ပယ်မှ ပုဂ္ဂိုလ်များ၊ ရုပ်မြင်သံကြား ထုတ်လွှင့်ရေးဆိုင်ရာမှ တာဝန်ရှိသူများ၊ ရုပ်ရှင်ထုတ်လုပ်ဖြန့်ချိသူများ၊ မြန်မာနိုင်ငံ အသိဉာဏ် ပစ္စည်းလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ဥပဒေပညာရှင်များ၊ အွန်လိုင်းမီဒီယာများနှင့် လေ့လာသူများ တက်ရောက်ကြကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းနိုင်က အမှာစကားပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာန၏ ကူညီပံ့ပိုးမှုဖြင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ(FDC)မှ ဦးစီးကျင်းပခြင်းဖြစ်ပြီး မူပိုင်ခွင့်ဥပဒေနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ အတွေ့အကြုံများရရှိစေရန်၊ ပြည်ပနိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် ၎င်းတို့၏ မူပိုင်ခွင့်ဆိုင်ရာ ဥပဒေအကြောင်းအရာများကို ကြိုတင်သိရှိနားလည်ထားနိုင်ရန်နှင့် မိမိတို့၏ မူပိုင်ခွင့်ဆိုင်ရာ ဥပဒေအခွင့်အရေးများကို ကာကွယ်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

# တာချီလိတ်မြို့သို့ဝင်ရောက်လာသော တရုတ်ခရီးသွားအဖွဲ့တွင်ပါလာသည့် ကိုယ်အပူချိန်မြင့်တက်နေသူတစ်ဦးမှာ မစိုးရိမ်ရဟုသိရ

**တာချီလိတ် ဇန်နဝါရီ ၂၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်နယ်စပ်ဝင်ပေါက်မှ ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၄၀ ပါ ခရီးသွားအဖွဲ့မှ ကိုယ်အပူချိန်မြင့်တက်နေသည့် အမျိုးသမီးမှာ ကျန်းမာရေးအခြေအနေကောင်းမွန်နေပြီး စိုးရိမ်ဖွယ်မရှိကြောင်း တာချီလိတ်ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာရွှေဝင်းထံမှ ယနေ့ သိရသည်။

**နယ်စပ်ဝင်/ထွက်ပေါက် စောင့်ကြည့်**

ဝူဟန် အဆုတ်ရောင်ရောဂါ ကူးစက်ခံရခြင်းမရှိစေရန် အပြည်ပြည်ဆိုင်ရာ ဝင်၊ ထွက်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကို ဆောင်ရွက်နေရာ ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင်အတွင်း နယ်စပ်ဝင်ပေါက် ထွက်ပေါက်များ၌ စောင့်ကြည့်စစ်ဆေးခြင်းကို ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်နေခြင်းဖြစ်သည်။



ယင်းသို့ လုပ်ဆောင်နေစဉ် ဇန်နဝါရီ ၂၄ ရက်က ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ဘက်မှ ဝင်ရောက်လာသည့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ တရုတ်နိုင်ငံသား ၄၀ အဖွဲ့တွင် ကိုယ်အပူချိန် မြင့်တက်နေသည့် အမျိုးသမီးတစ်ဦး တွေ့ရှိခဲ့ရသဖြင့် ကျန်းမာရေးဦးစီးဌာနက စောင့်ကြည့်စစ်ဆေးခြင်းကို လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

သံသယဖြစ်ဖွယ် လူနာများ တွေ့ရှိပါက သီးခြားလူနာခန်းတွင် ထားရှိ၍ ရောဂါအတည်ပြုခြင်း၊ ကုသခြင်းလုပ်ငန်းများကို တင်းကျပ်စွာ ဆောင်ရွက်ရန်နှင့် အစိုးရဆေးရုံများသာမက ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများကိုပါ ညွှန်ကြားထားပြီးဖြစ်ကြောင်း သိရသည်။

**ရောဂါစောင့်ကြပ်ကြည့်ရှု ဆောင်ရွက်**

တရုတ်နိုင်ငံ ဝူဟန်မြို့တွင် ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါ ကူးစက်ခံရခြင်း မရှိစေရန် နိုင်ငံတကာဝင်ပေါက်၊ ထွက်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံတွင် ဇန်နဝါရီ ၅ ရက်မှ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**ယာဆေး(ပြန်/ဆက်)**

# စလင်း၌ သုတစုံလင် အခြေခံဗုဒ္ဓဘာသာ နှုတ်ဖြေစာမေးပွဲကျင်းပ

**စလင်း ဇန်နဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး စလင်းမြို့ ဓမ္မသုခ ဓမ္မစကူးက ကြီးမှူးကျင်းပသော အခြေခံသုတစုံလင် ဗုဒ္ဓဘာသာ နှုတ်ဖြေစာမေးပွဲကို ဓမ္မသုခရိပ်သာ ကျောင်းတိုက်၌ ယနေ့ နံနက် ၉ နာရီ ကျင်းပရာ သုတစုံလင် အခြေခံဗုဒ္ဓဘာသာ နှုတ်ဖြေစာမေးပွဲကို ဓမ္မစကူး Grade 1 မှ 7 အထိ ဖြေဆိုကြပြီး ဆုရရှိသူများအား ဇန်နဝါရီ ၂၆ ရက်တွင် ကျင်းပမည့် ဓမ္မစကူး အပတ်စဉ်သင်တန်းဆင်းပွဲ၌ ချီးမြှင့်မည်ဖြစ်သည်။ **စစ်ကြည်(စလင်း)**

# ရန်ကုန်မြို့၌ စတုတ္ထအကြိမ် တရုတ်ရိုးရာနှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၅**
စတုတ္ထအကြိမ် တရုတ်ရိုးရာနှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ လသာမြို့နယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် မြန်မာနိုင်ငံ တရုတ်သံရုံးကိုယ်စားလှယ်နှင့် ဖူကျန့်တရုတ်အမျိုးသားများအသင်း ဥက္ကဋ္ဌ ဦးကျင်ပိန်တို့က တရုတ်နှစ်သစ်ကူးမင်္ဂလာစကား ပြောကြားကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် တာဝန်ရှိသူများက မုခ်ဦးကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြပြီး ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ ပြသထားသော စတုဒိသာဆိုင်ခန်းများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် စဥ့်အိုးတန်းလမ်းထောင့်ရှိ ချစ်ကြည်ရေးတံတားငယ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် ဖူကျန့်တရုတ်အမျိုးသားများအသင်း ဥက္ကဋ္ဌ ဦးကျင်ပိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် လသာလမ်းထိပ်ရှိ တရုတ်ရိုးရာအလှဆင်ဓာတ်ပုံရိုက်ကွင်းနှင့် မောင်ခိုင်လမ်းထိပ်ရှိ တရုတ်ရိုးရာ အလှဆင်ဓာတ်ပုံရိုက်ကွင်းများကိုလည်း ဖျော်ဖြေရေးအစီအစဉ်များနှင့်အတူ ဆက်လက်ဖွင့်လှစ်ခဲ့သည်။

တရုတ်နှစ်သစ်ကူးပွဲတော်ကို လာရောက်သူများအတွက် ဇန်နဝါရီ ၂၅ ရက် ညနေ ၆ နာရီမှစတင်၍ အနုပညာရှင်များစွာတို့က ပါဝင်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။ ဇန်နဝါရီ ၂၆ ရက် မွန်းလွဲ ၃ နာရီတွင် လမ်းမတော်မှ ဘုရားလမ်းအထိ သံဃာအပါး ၁၀၀၀ နှင့် သီလရှင်အပါး ၅၀၀ အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ၂၀၂၀ ပြည့်နှစ် တရုတ်နှစ်သစ်ကူးပွဲတော်ကို ဖူကျန့်တရုတ်အမျိုးသားများအသင်းက ဦးဆောင်ပြီး မြန်မာနိုင်ငံ တရုတ်ကုန်သည်ကြီးများအသင်း၊ ရန်ကုန်ယူနန်အသင်း၊ မြန်မာနိုင်ငံ ကွမ်းတုံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း၊ တရုတ်အမျိုးသားကုသိုလ်ဖြစ်အသင်းနှင့် ရွှေသံလွင်ကုမ္ပဏီအုပ်စုတို့က ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်သည်။

**အာကာစိုး**



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက စတုတ္ထအကြိမ် တရုတ်ရိုးရာ နှစ်သစ်ကူးပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ ဓာတ်ပုံ- တင်စိုး (မြန်မာ့အလင်း)

❍ *ကျောဖုံးမှ*

ပထမဆုံးအဝေးကွင်းပွဲတွင် တန်းတက်ချင်းယူနိုက်တက်ကို အနိုင်ယူပြီး သုံးပွဲဆက် အနိုင်ရခဲ့သည်။ ချင်းယူနိုက်တက်အသင်းသည် ပွဲစဉ် (၂) တွင် နိုင်ပွဲရခဲ့သော်လည်း ယခုတစ်ပတ်ပွဲတွင်မူ ပုံစံကောင်းပြသနိုင်ခြင်းမရှိဘဲ ဒုတိယမြောက်ရှုံးပွဲကြုံတွေ့ခဲ့သည်။

ဟံသာဝတီအသင်းမှ နိုင်ငံခြားသားတိုက်စစ်အတွဲဖြစ်သည့် ဒိုနယ်နှင့် အီမီကာတို့ အတွဲမိခဲ့သောကြောင့် ဟံသာဝတီတိုက်စစ် ပိုကောင်းခဲ့ပြီး ၁၇ မိနစ်တွင် ဒိုနယ်၏ ဖန်တီးပေးမှုမှတစ်ဆင့် အီမီကာက အဖွင့်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင်လည်း ဟံသာဝတီအသင်းကသာ ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့ကာ ၂၉ မိနစ်တွင် ဒိုနယ်က ဒုတိယဂိုးသွင်းယူခဲ့သည်။ ဟံသာဝတီအသင်းအတွက် တတိယဂိုးကို ၇၃ မိနစ်တွင် နန်းဝေမင်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ ၇၈ မိနစ်တွင် ကျော်မင်းသန်းက ချင်းယူနိုက်တက်ကို ချေပဂိုးပြန်သွင်းခဲ့သော်လည်း ဟံသာဝတီအသင်းက ပွဲအပြီးထိ အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့သည်။

မုံရွာကွင်း၌ ကျင်းပသည့်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက စစ်ကိုင်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့သည်။ ပြီးခဲ့သည့်ပွဲတွင် ဟံသာဝတီကို အဝေးကွင်း၌ အရေးနိမ့်၍ ရှုံးပွဲမရှိမှတ်တမ်း ကျိုးပျက်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲတွင် ရုန်းကန်ခဲ့ရသော်လည်း နောက်မှလိုက်ကစားကာ အမှတ်ပြည့်ရယူနိုင်ခဲ့သည်။ စစ်ကိုင်းအသင်းသည် အိမ်ကွင်း၌ ခြေအသာရခဲ့သဖြင့် ဦးဆောင်ဂိုးရခဲ့သော်လည်း အနိုင်ရလဒ်ကို မထိန်းနိုင်၍ ယခုရာသီ ပထမဆုံးရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ မော်လမြိုင်ကွင်း၌ ကျင်းပသည့်ပွဲတွင် မကွေးအသင်းက Southern အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ Southern အသင်းသည် အိမ်ကွင်းသုံးပွဲဆက် ကစားရသော်လည်း သုံးပွဲစလုံး ရလဒ်ကောင်းရယူနိုင်ခြင်းမရှိဘဲ ရှုံးပွဲထပ်မံကြုံတွေ့ခဲ့သည်။ ၃၃ မိနစ်တွင် အောင်မြတ်သူက Southern အတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း မကွေးအသင်းအတွက် ၃၉ မိနစ်တွင် ပြည်မိုးက ချေပဂိုးနှင့် ၅၅ မိနစ်တွင် ဝေယံထွန်းက အနိုင်ဂိုးသွင်းယူခဲ့သည်။

ပွဲစဉ် (၃) ဒုတိယနေ့ကို ဇန်နဝါရီ ၂၆ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ကာ YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် ရတနာပုံအသင်း၊ ပုသိမ်ကွင်း၌ ဧရာဝတီအသင်းနှင့် ဇွဲကပင်အသင်း၊ ဝေဘာလီကွင်း၌ ရခိုင်အသင်းနှင့် အား/ကာ သိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ **ညီမြတ်သော်တာ**

❑ *ကျောဖုံးမှ*

ဘောလုံးပိုင်ဆိုင်မှုမှာ လက်စတာက အနည်းငယ်အသာစီးရရှိခဲ့ကာ ဂိုးကန်သွင်းခွင့်မှာ ၁၃ ကြိမ်ထိရရှိခဲ့ပြီး ဘရန့်ဖို့ဒ်က ဂိုးကန်သွင်းခွင့် ၁၁ ကြိမ်ရရှိခဲ့သည်။ ဂိုးပေါက်ခြိမ်းခြောက်မှုမှာ နှစ်သင်းစလုံး သုံးကြိမ်စီသာ ခြိမ်းခြောက်နိုင်ခဲ့သည်။ ယင်းပွဲတွင် အကောင်းဆုံးကစားသမားမှာ လက်စတာအတွက် တစ်လုံးတည်းသော အဖိုးတန်ဂိုးကို သွင်းယူပေးခဲ့သည့် အီဟီယာနာချို ဖြစ်ခဲ့သည်။

အက်ဖ်အေဖလား စတုတ္ထအဆင့် ပွဲစဉ်များမှာ စနေနေ့ နံနက်ပိုင်းတွင် ယှဉ်ပြိုင်ခဲ့သည်။ နော့သမ်တန်တောင်းနှင့် ဒါဘီပွဲတွင် ဂိုးမရှိသရေကျခဲ့ပြီး ရှက်ဖီးလ်ဝမ်းနက်စ်ဒေးက ကျူပီအာကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အခြားပွဲစဉ်များတွင် နော့ဝှစ်ချ်က ဘန်လေကို နှစ်ဂိုး-တစ်ဂိုး၊ ရှက်ဖီးယူက မီဝေါကို နှစ်ဂိုး-ဂိုးမရှိ၊ ပို့စ်မောက်က ဘန်စလေကို လေးဂိုး-နှစ်ဂိုး၊ ဝက်စ်ဘရွန်းက ဝက်စ်ဟမ်းကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး ကိုဗင်ထရီနှင့် ဘာမင်ဂမ်၊ နယူးကာဆယ်နှင့် အောက်စ်ဖို့ဒ်တို့ပွဲမှာ ဂိုးမရှိသရေ၊ ရီးဒင်းနှင့် ကာဒစ်၊ ဆောက်သမ်တန်နှင့် စပါးတို့ပွဲမှာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ **သီဟ**



လက်စတာအသင်းနှင့် ဘရန့်ဖို့ဒ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

## မြန်မာအမျိုးသမီးအသင်း ခြေစမ်းပွဲတွင် ထိုင်းကိုအရေးနိမ့်

**ရန်ကုန် ဇန်နဝါရီ ၂၅**
၂၀၂၀ အိုလံပစ် တတိယအဆင့် ခြေစစ်ပွဲအကြို ပြင်ဆင်မှုအဖြစ် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် ထိုင်းလက်ရွေးစင် အမျိုးသမီးအသင်းတို့ ယနေ့ ညနေပိုင်းက မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ ထိုင်းအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

၂၀၁၉ ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် တွေ့ဆုံပြီးနောက်ပိုင်း တစ်လကျော်အကြာတွင် ပြန်လည်တွေ့ဆုံခြင်းဖြစ်ကာ မြန်မာအသင်းသည် ရှုံးပွဲထပ်မံကြုံတွေ့ခဲ့သည်။ မြန်မာအသင်းသည် ပထမပိုင်းမှာပင် နှစ်ဂိုးပေးလိုက်ရသောကြောင့် နောက်မှလိုက်ကစားခဲ့ရပြီး ပွဲပြီးခါနီးတွင် ချေပဂိုးတစ်ဂိုးသာ ပြန်သွင်းနိုင်သောကြောင့် ထိုင်းကို အရှုံးပေးခဲ့ရခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ယခင်နည်းပြချုပ် ဦးဝင်းသူမိုးနှင့် စာချုပ်သက်တမ်းကုန်ဆုံးသွားပြီးနောက်ပိုင်း သက်တမ်းမတိုးဘဲ နည်းပြသစ် ရှာဖွေလျက်ရှိသော်လည်း ခန့်အပ်နိုင်ခြင်း မရှိသေးသောကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီက အုပ်ချုပ်သူအဖြစ် ဆောင်ရွက်နေသည့် ဦးတင်မြင့်အောင်ကို ယာယီနည်းပြချုပ်အဖြစ် တာဝန်ပေးထားခြင်း ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်း ပွဲထွက်လူစာရင်းတွင် မေဇင်နွယ်(ဂိုး)၊ အိရတနာဖြိုး၊ ခိုင်သဇင်၊ ချစ်ချစ်၊ ခင်မျိုးဝင်း၊ ခင်မိုမိုထွန်း၊ ခင်မာလာထွန်း၊ ခင်မိုးဝေ၊ နုနုရီရီဦးနှင့် ဂျူလိုင်ကျော်တို့ ပါဝင်ကစားခဲ့ကာ ပထမပိုင်းတွင် ထိုင်းအသင်းက ပိုဖိကစားနိုင်ခဲ့သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ကစားကွက်တည်မရဖြစ်နေပြီး ထိုင်းအသင်းက အနိုင်ဂိုးနှစ်ဂိုးစလုံး ပထမပိုင်းတွင် သွင်းယူခဲ့သည်။ ထိုင်းအသင်းအတွက်ဂိုးများကို ၁၆ မိနစ်တွင် အိုရာပင်၊ ၂၁ မိနစ်တွင် ဆွမ်နော့ခ်တို့က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းသည် ချေပဂိုးပြန်ရရန် ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့သလို တိုက်စစ်အားမြှင့်လာသောကြောင့် ဂိုးသွင်းခွင့်များ ပြန်လည်ရရှိခဲ့သည်။ မြန်မာအသင်းသည် ဂိုးရနိုင်သည့် အခွင့်အရေးများရသော်လည်း အဆုံးသတ်အားနည်းသောကြောင့် ၈၅ မိနစ်မှ ချေပဂိုးပြန်ရခဲ့သည်။ မြန်မာအသင်းအတွက် ချေပဂိုးတစ်ဂိုးကို လူစားဝင်ကစားသမား ဝင်းသိင်္ဂီထွန်းက သွင်းယူခဲ့သည်။

မြန်မာအသင်းနှင့် ထိုင်းအသင်းတို့၏ ဒုတိယခြေစမ်းပွဲကို ဇန်နဝါရီ ၂၈ ရက် ညနေ ၄ နာရီတွင် မန္တလာသီရိကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
အခြေခံပညာဦးစီးဌာန နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော
ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(ကြံခင်းမြို့)
၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ( ၂၇ ၊ ၂၈ )ရက် ၊ ( တနင်္လာ ၊ အင်္ဂါ )နေ့၊နံနက်(၉)နာရီမှညနေ(၅)နာရီအထိ
မည်သူမဆိုပါဝင်ဆင်နွဲနိုင်ပါသည်။
အောင်ကျော်ခန်းမ ၊ အ.ထ.က(၁) ၊ ကြံခင်းမြို့။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
အခြေခံပညာဦးစီးဌာန နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော
ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(ဘိုကလေးမြို့)
၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ( ၂၉ ၊ ၃၀ )ရက် ၊ ( ဗုဒ္ဓဟူး ၊ ကြာသပတေး )နေ့၊နံနက်(၉)နာရီမှညနေ(၅)နာရီအထိ
မည်သူမဆိုပါဝင်ဆင်နွဲနိုင်ပါသည်။
မြို့တော်ခန်းမ ၊ အ.ထ.က(၁) ၊ ဘိုကလေးမြို့။

# တူရကီနိုင်ငံအရှေ့ပိုင်းတွင် အင်အားပြင်းငလျင်လှုပ်ရာ လူ ၂၀ ထက်မနည်းသေဆုံး

**အန်ကာရာ ဇန်နဝါရီ ၂၅**
တူရကီနိုင်ငံအရှေ့ပိုင်းတွင် လှုပ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် လူ ၂၀ ထက်မနည်းသေဆုံးခဲ့ပြီး လူပေါင်း ၁၀၀၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ပြိုကျအဆောက်အအုံများအောက်တွင် ပိတ်မိနေသူ ရှိ မရှိ ကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေကယ်ဆယ်မှုများ ဆက်လက်လုပ်ဆောင်နေကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဇန်နဝါရီ ၂၅ ရက်က ဖော်ပြလိုက်သည်။

ယမန်နေ့ညပိုင်းက ပြင်းအား ၆ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်ပြီးနောက် လူပေါင်း ၃၀ ထက်မနည်း ပျောက်ဆုံးလျက်ရှိကြောင်းနှင့် ငလျင်သည် တူရကီနိုင်ငံအရှေ့ပိုင်းပြည်နယ် အယ်လာဇစ်ရှိ ဆစ်ရိုက်မြို့လေးကို ဗဟိုပြုပြီး လှုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

"အလွန်ကြောက်စရာကောင်းတာပဲ၊ ပရိဘောဂတွေက ကျွန်တော်တို့ခေါင်းပေါ် ကျလာတယ်။ ကျွန်တော်တို့လည်း အပြင်ကို ကြောက်လန့်တကြားထွက်ပြေးကြတယ်" ဟု ငလျင်လှုပ်မှုကို ကြုံတွေ့ခံစားခဲ့ရသူ အသက် ၄၇ နှစ်အရွယ် မယ်လာဟတ်ကန်က ပြောကြားခဲ့သည်။

တူရကီသမ္မတ ရီဆက်တေရစ်အာဒိုဂန်က ငလျင်ကြောင့် ဒုက္ခရောက်နေသူအားလုံးကို ကူညီရန်လုပ်ဆောင်နေကြောင်း ပြောကြားလိုက်သည်။

"ပြည်သူတွေနဲ့ အတူရှိနေမယ်"ဟုလည်း အာဒိုဂန်က တွစ်တာတွင် ပြောကြားလိုက်သည်။

ငလျင်လှုပ်မှုသည် ယမန်နေ့က ဒေသစံတော်ချိန် ည ၈ နာရီ ၅၅ မိနစ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း တူရကီသဘာဝဘေးအန္တရာယ်နှင့် အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီက ပြောကြားခဲ့သည်။ တူရကီနိုင်ငံသည် ငလျင်ကြောပေါ်တွင်ရှိနေပြီး ငလျင်ဒဏ် မကြာခဏခံနေရသောနိုင်ငံတစ်နိုင်ငံဖြစ်သည်။

တူရကီရုပ်မြင်သံကြားသတင်းတွင် ငလျင်လှုပ်မှုကြောင့် လူများစိုးရိမ်တကြီးထွက်ပြေးလာသည့် ပုံရိပ်များနှင့် အဆောက်အအုံတစ်လုံး၏ အမိုးကို မီးလောင်နေသည့် ပုံရိပ်များကို ရိုက်ကူးပြသထားသည်။

ငလျင်လှုပ်သည့်နေရာတွင် ရောက်နေသည့် ပြည်ထဲရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေးဝန်ကြီးများသည် အယ်လာဇစ်ပြည်နယ်နှင့် အိမ်နီးချင်း မာလက်ယာပြည်နယ်တို့တွင် ငလျင်လှုပ်မှုကြောင့် သေဆုံးသူများ ရှိနေကြောင်း ပြောကြားသည်။ ငလျင်ကြောင့် လူ ၂၀ ထက်မနည်းသေဆုံးခဲ့ပြီး ၁၀၁၅ ဦးဒဏ်ရာရရှိခဲ့ကြောင်း တူရကီသဘာဝဘေးအန္တရာယ်နှင့် အရေးပေါ် စီမံခန့်ခွဲမှုအေဂျင်စီက အတည်ပြုသည်။ **အေအက်ဖ်ပီ**



ငလျင်လှုပ်မှုကြောင့် ပြိုကျနေသောအဆောက်အအုံများအောက်တွင် ပိတ်မိနေသူများကို ကယ်ဆယ်ရေးအဖွဲ့ဝင်များ ရှာဖွေနေစဉ်။

# တရုတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့်သေဆုံးသူ ၄၁ ဦးအထိ မြင့်တက်လာ

**ပေကျင်း ဇန်နဝါရီ ၂၅**
တရုတ်နိုင်ငံရှိ ကျန်းမာရေးအာဏာပိုင်များက ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၄၁ ဦးအထိရှိလာပြီး နိုင်ငံတစ်ဝန်း ရောဂါကူးစက်ခံရသူပေါင်း ၁၃၀၀ အထိရောက်လာပြီဖြစ်ကြောင်း ဇန်နဝါရီ ၂၅ ရက်က ပြောကြားလိုက်သည်။

အမျိုးသား ကျန်းမာရေးကော်မရှင်က ရောဂါကူးစက်ခံရသူများအနက် လူပေါင်း ၂၃၇ ဦးမှာ စိုးရိမ်ရသောအခြေအနေတွင် ရှိကြောင်း ပြောသည်။

ဗိုင်းရပ်စ်ပျံ့နှံ့မှုကို တားဆီးကာကွယ်သည့်အနေဖြင့် အာဏာပိုင်များက မြို့အတော်များများကို ခရီးသွားလာခွင့်များ ပိတ်ပင်ထားကြောင်းလည်း သတင်းရရှိသည်။



ဟူဘေးပြည်နယ် ဝူဟန်မြို့အဝေးပြေးလမ်းမကြီးတစ်နေရာတွင် တပ်ဖွဲ့ဝင်တစ်ဦးက ကားမောင်းသမားတစ်ဦး၏ ခန္ဓာကိုယ်အပူချိန်ကို စစ်ဆေးနေစဉ်။

လွန်ခဲ့သည့်နှစ်က ဟူဘေးပြည်နယ် ဝူဟန်မြို့တွင် စတင်ဖြစ်ပွားခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်သည် ယခုအချိန်အထိ တစ်နိုင်ငံလုံးနီးပါး အတိုင်းအတာဖြင့် ပြည်နယ်ပေါင်း ၂၉ ပြည်နယ်နှင့် မြို့အများအပြားသို့ ပျံ့နှံ့လျက်ရှိကြောင်း သိရသည်။

ဇန်နဝါရီ ၂၄ ရက်က ဟူဘေးပြည်နယ်တွင် နောက်ထပ် လူ ၁၅ ဦး သေဆုံးခဲ့သည်။ တရုတ်နှစ်သစ်ကူးရာသီတွင် မိသားစုထံပြန်သူ လူသန်းပေါင်းများစွာဖြင့် စည်ကားနေချိန်တွင် ကိုရိုနာ ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုနှုန်း ပိုမိုမြင့်တက်လာမည်ကို စိုးရိမ်လျက်ရှိသည်။

ဗိုင်းရပ်စ်ပျံ့နှံ့နိုင်မှုကို ကာကွယ်သည့်အနေဖြင့် အာဏာပိုင်များက တရုတ်နိုင်ငံ၏ မြို့အများအပြားကို ပိတ်ထားလိုက်ကြောင်း သတင်းရရှိသည်။ ထို့အပြင် အများပြည်သူ လည်ပတ်ရန်နေရာများ၊ ရှုမျှော်ခင်းကြည့်နေရာများနှင့် အပန်းဖြေအနားယူရာနေရာများကိုလည်း ပိတ်ထားလိုက်ကြောင်း သိရသည်။

ခဏတာ ပိတ်လိုက်သည့် အထဲတွင် ရှန်ဟိုင်းဒစ္စနေလန်းဒ်နှင့် ပေကျင်းပြတိုက်တို့လည်း ပါဝင်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ဆီးရီးယားဒုက္ခသည်များကိုလက်ခံထားသည့်အတွက် တူရကီကို ဂျာမနီဝန်ကြီးချုပ် ချီးမွမ်း

**အစ္စတန်ဘူလ် ဇန်နဝါရီ ၂၅**
တူရကီမြေပေါ်တွင် ဆီးရီးယားဒုက္ခသည်များကို လက်ခံထားသည့်အတွက် တူရကီ၏ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြုကြောင်း ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်က ဇန်နဝါရီ ၂၄ ရက်တွင် ပြောကြားခဲ့သည်။

တူရကီနိုင်ငံ အစ္စတန်ဘူလ်ရှိ တူရကီ - ဂျာမနီ တက္ကသိုလ်ဖွင့်ပွဲ အခမ်းအနားကို တက်ရောက်စဉ် အင်ဂျလာမာကယ်က ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။ အင်ဂျလာမာကယ်သည် ယင်းအခမ်းအနားသို့ တူရကီသမ္မတ ရီဆက်တေရစ်အာဒိုဂန်နှင့်အတူ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

တူရကီနိုင်ငံသည် ဒုက္ခသည်များ ၎င်းတို့နေရပ်မြို့ကို ပြန်သည့်အခါ ပြန်လည်တည်ထောင်ရေးလုပ်ငန်း ပြုလုပ်ပေးမည်ဟုလည်း မျှော်လင့်ချက်ပေးထားသည်။ ယခုလိုကြိုးပမ်းမှုကြောင့် ကျေးဇူးတင်ကြောင်းလည်း ဂျာမနီဝန်ကြီးချုပ်က ပြောကြားခဲ့သည်။



ဂျာမနီ ဝန်ကြီးချုပ် အင်ဂျလာမာကယ်နှင့် တူရကီသမ္မတ အာဒိုဂန်တို့ တူရကီ-ဂျာမနီတက္ကသိုလ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။

တူရကီနိုင်ငံသည် ဆီးရီးယားဒုက္ခသည်ပေါင်း ၃ ဒသမ ၆ သန်းကို လက်ခံထားသည်။ ယခုအချိန်ထိ အမေရိကန် ဒေါ်လာ ၄၀ ဘီလီယံထိ အကုန်အကျခံခဲ့ပြီးဖြစ်သည်။

တူရကီသည် ၂၀၁၆ ခုနှစ် မတ်လအတွင်း ဥရောပသမဂ္ဂနှင့်ချုပ်ဆိုခဲ့သော စာချုပ်အရ ဥရောပသို့ ဦးတည်လာမည့် ဒုက္ခသည်များကို တားဆီးဟန့်တားပေးမည်ဟု သဘောတူထားသည်။

ယင်းစာချုပ်အတွက် အပြန်အလှန်အားဖြင့် ဥရောပသမဂ္ဂက ဒုက္ခသည်များအတွက် ဘဏ္ဍာရေးအကူအညီအဖြစ် ယူရို ၆ ဘီလီယံ တူရကီသို့ ပြန်ပေးရမည်ဖြစ်သည်။ တူရကီဘက်မှ ရန်ပုံငွေ ပိုမိုတောင်းခံလာသည့်အခါ ဥရောပသမဂ္ဂနှင့် တူရကီနိုင်ငံတို့အကြား ဆက်ဆံရေးတင်းမာမှုများဖြစ်ပေါ်ခဲ့သည်။

ဥရောပမှ ယူရို ၂ ဒသမ ၃ ဘီလီယံ သို့မဟုတ် ၂ ဒသမ ၆ ဘီလီယံသာ အကူအညီရရှိထားကြောင်း တူရကီအာဏာပိုင်များက ပြောသည်။

ဒေသတွင်းပြဿနာများကြောင့် ဆီးရီးယားနိုင်ငံသာမက အိမ်နီးချင်းနိုင်ငံများနှင့် ဂျာမနီအပါအဝင် ဥရောပနိုင်ငံများကိုပါ ရိုက်ခတ်လာကြောင်း တူရကီသမ္မတ အာဒိုဂန်က ပြောသည်။

ဆီးရီးယားတွင် ဖြစ်ပွားခဲ့သည့် အမှားမျိုးကို အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းမှ နောက်ထပ်ထပ်မမှားရန်၊ ယခုလစ်ဗျားနိုင်ငံ၏ အခြေအနေမှာလည်း ဆီးရီးယားကဲ့သို့ ဖြစ်လာကြောင်း မစ္စတာ အာဒိုဂန်က သတိပေးပြောကြားခဲ့သည်။

အာဒိုဂန်နှင့် မာကယ်တို့သည် ဆီးရီးယား၊ လစ်ဗျားအရေး ကိစ္စများအပါအဝင် နှစ်နိုင်ငံဆက်ဆံရေး အခြေအနေများကိုလည်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## တပ်ဖွဲ့ဝင်များထားရှိသည့်အတွက် အမေရိကန်က ဂျပန်အပေါ် ငွေကြေးပိုမိုတောင်းခံမည်ဟုဆို

**ဝါရှင်တန် ဇန်နဝါရီ ၂၅**
ဂျပန်နိုင်ငံအတွင်း အမေရိကန်တပ်များ စခန်းချထားမှုအတွက် ဂျပန်နိုင်ငံကို ငွေကြေးပိုမိုတောင်းခံသွားရန် အစီအစဉ်ရှိသည်ဟု အမေရိကန် အဆင့်မြင့်အရာရှိကြီး တစ်ဦးက ပြောသည်။

အာရှပစိဖိတ်ဗျူရိုမှ ဒုတိယအကြီးအကဲဖြစ်သူ ဒေးဗစ်စတေးဝဲလ်က ဝါရှင်တန်တွင် ဇန်နဝါရီ ၂၄ ရက်က ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။ အမေရိကန်သမ္မတ ထရမ့်သည် ဂျပန်အပါအဝင် အမေရိကန်၏ မဟာမိတ်များကို ဘဏ္ဍာငွေပိုမိုမျှဝေကျခံစေရေး ရှင်းလင်းအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဒေးဗစ်က ပြောကြားခဲ့သည်။

ယခုနှစ် နှောင်းပိုင်းတွင် ယင်းကိစ္စကို ဆွေးနွေးသွားရန် ဂျပန်နှင့် အမေရိကန်အရာရှိကြီးများ စီစဉ်ထားကြသည်။ အမေရိကန်နှင့် တောင်ကိုရီးယားတို့အကြား ဆွေးနွေးညှိနှိုင်းမှုမှ တန်ဖိုးရှိသည့် သင်ခန်းစာများ ရကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အမေရိကန်၏ မဟာမိတ်များအနေဖြင့် ဘဏ္ဍာငွေပိုမိုကျခံစေရန် ထရမ့်က ရည်ရွယ်ထားကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံဆိုင်ရာ လက်ထောက်အကြီးအကဲဖြစ်သူ မာ့ခ်ကနက်ပ်က ပြောသည်။

အမေရိကန်သည် ဂျပန်၊ တောင်ကိုရီးယားတို့နှင့် ချုပ်ဆိုထားသော စာချုပ်ပါကတိများကို လေးစားကြောင်းနှင့် ယင်းနိုင်ငံများမှ အမေရိကန် တပ်ဖွဲ့ဝင်များကို ဖယ်ရှားရန် စဉ်းစားသွားမည် မဟုတ်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# အမေရိကန်နဲ့ ဥရောပတို့သဘောထားကွဲလွဲနေတဲ့ ရာသီဥတုအရေး

**ကလျာမိုးမြင့်**

ဒါဗော့စ်မှာပြုလုပ်ခဲ့တဲ့ စီးပွားရေးနဲ့ နိုင်ငံရေးဆိုင်ရာခေါင်းဆောင်တွေ တွေ့ဆုံဆွေးနွေးမှုဟာ ပြီးခဲ့တဲ့သောကြာနေ့က သဘောထားကွဲလွဲမှုတွေနဲ့အဆုံးသတ်ခဲ့ပါတယ်။ ကမ္ဘာ့အင်အားအကြီးဆုံးနိုင်ငံနှစ်ခုက ရာသီဥတုဆိုင်ရာ အကျပ်အတည်းကို ဘယ်လိုအဖြေရှာမလဲဆိုတာနဲ့ပတ်သက်ပြီး သဘောထားကွဲလွဲရာက မပြေလည်မှုတွေနဲ့ အဆုံးသတ်ခဲ့ရပြီး ရာသီဥတုအရေးတက်ကြွလှုပ်ရှားသူ လူငယ်တွေကလည်း ကမ္ဘာကြီးပူနွေးမှုကိုကာကွယ်တားဆီးဖို့ ထိထိရောက်ရောက် လုပ်ဆောင်ခဲ့ခြင်းမရှိဘူးဆိုပြီး နိုင်ငံတကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းများကို ပြင်းပြင်းထန်ထန် ဝေဖန်လျက်ရှိပါတယ်။




ရာသီဥတုအရေးဆွေးနွေးခဲ့ကြသည့် အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတီဗင် မြူချင်(ယာပုံ)နှင့် ဥရောပ ဗဟိုဘဏ်ဥက္ကဋ္ဌ ခရစ္စတင်းလာဂါဒီ

**အပြန်အလှန်သဘောထားကွဲလွဲ**

ကမ္ဘာကြီးရင်ဆိုင်နေရတဲ့ အကြီးဆုံးပြဿနာကို ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲဆိုတဲ့အကြောင်းအရာကို အဓိကဆွေးနွေးခဲ့ကြတဲ့ ကမ္ဘာ့စီးပွားရေးဖိုရမ်မှာ ရက်သတ္တပတ်တစ်ခုကြာအောင် ဆွေးနွေးမှုတွေပြုလုပ်ပြီးသွားတဲ့နောက် အစည်းအဝေးကနေထွက်ပေါ်လာတဲ့ နောက်ဆုံးအဖြစ်အပျက်ကတော့ အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတီဗင်မြူချင်နဲ့ ဥရောပဗဟိုဘဏ်ဥက္ကဋ္ဌ ခရစ္စတင်းလာဂါဒီတို့အကြား အပြန်အလှန် သဘောထားတင်းမာမှုတွေ ပေါက်ဖွားလာရခြင်းပါပဲ။

**အချည်းနှီးဖြစ်**

မစ္စတာစတီဗင်မြူချင်ဟာ ယခုရက်သတ္တပတ်အစောပိုင်းမှာရာသီဥတုဆိုင်ရာတက်ကြွလှုပ်ရှားသူ ဂရီတာသွန်းဘတ်ရဲ့ ယုံကြည်ချက်တွေနဲ့ပတ်သက်လို့ မေးခွန်းထုတ်ခဲ့ပြီး ရာသီဥတုပြောင်းလဲမှုကို အသေးစိတ်လေ့လာမှုနဲ့ ထိန်းချုပ်မှုတွေလုပ်ဆောင်ရပြီဆိုတဲ့အခါမှာ နှစ်ရှည်စီမံကိန်းတွေဟာ အချည်းနှီးပဲလို့ ၎င်းကပြောခဲ့တာဖြစ်ပါတယ်။

လာဂါဒီကတော့ ဒီအချက်ကို သဘောမတူပါဘူး။ ရာသီဥတုပြောင်းလဲမှုဟာ ငွေကြေးဈေးကွက်နဲ့ စီးပွားရေးအပေါ် ခြိမ်းခြောက်မှုသက်ရောက်နိုင်တယ်ဆိုတာကို လက်ခံဖို့ အရေးကြီးတယ်။ ဒါကိုကြိုတင်မှန်းဆထားနိုင်သလို အရေးယူဆောင်ရွက်မှုတွေလုပ်ဆောင်နိုင်ပြီး လျော့ပါးသက်သာစေဖို့လည်း ဆောင်ရွက်နိုင်တယ်လို့ ၎င်းရဲ့အမြင်ကို ထုတ်ဖော်ခဲ့ပါတယ်။

**ကိုင်တွယ်ဆောင်ရွက်နိုင်မယ့်နည်းလမ်း**

ဒီအချိန်မှာ မစ္စတာစတီဗင်မြူချင်က ချက်ချင်းဆိုသလိုပဲ တုံ့ပြန်ပြောဆိုခဲ့ပါတယ်။ ခရစ္စတင်း၊ သင့်မှာ ဒါကိုစောင့်ကြည့်မယ့်လူတွေအများအပြားရှိနေနိုင်လိမ့်မယ်လို့ကျွန်ုပ်ထင်တယ်။ ကျွန်ုပ်အနေနဲ့ကတော့ ကိုယ့်ကိုယ်ကိုယ် လိမ်ညာလှည့်ဖြားမနေချင်တော့ဘူး။ နောင်လာမယ့် အနှစ် ၃၀ကျော်ရောက်တဲ့အခါ ကျရောက်လာမယ့်အန္တရာယ်တွေကို ကိုင်တွယ်ဆောင်ရွက်နိုင်မယ့်နည်းလမ်းမရှိဘူးလို့ ကျွန်ုပ်ထင်တယ်လို့ ၎င်းက ပြောခဲ့ပါတယ်။

ဖော်ပြပါပုဂ္ဂိုလ်နှစ်ဦးရဲ့ အပြန်အလှန်အငြင်းပွားမှုတွေက ဘာကို မီးမောင်းထိုးပြနေသလဲဆိုတော့ အင်အားကြီးနိုင်ငံတွေက အခြေခံကျတဲ့ လုပ်ဆောင်ချက်တွေ ဆောင်ရွက်ကြဖို့ တိုက်တွန်းနေကြပေမယ့်လည်း အမေရိကန်ပြည်ထောင်စုနဲ့ ဥရောပတို့အကြားမှာ သဘောထားကွဲလွဲမှုတွေ ဆက်ဖြစ်နေတုန်းပဲ ဆိုတဲ့အချက်ကို ပေါ်လွင်ထင်ရှားစေခဲ့ပါတယ်။

**နောက်ဆက်တွဲပြဿနာတွေဆွေးနွေး**

ဒါဗော့စ်မှာပြုလုပ်ခဲ့တဲ့ တွေ့ဆုံဆွေးနွေးမှုတွေ၊ စကားဝိုင်းတွေနဲ့ ဆွေးနွေးပွဲအကြောင်းအရာအများအပြားရဲ့ ခေါင်းစဉ်ဟာ ရေရှည်တည်တံ့ရေးဆိုတဲ့ အဓိကခေါင်းစဉ်ဖြစ်ပြီး အစည်းအဝေးတက်ရောက်လာကြသူတွေနဲ့ သတင်းမီဒီယာတွေက မကြာသေးမီက ထုတ်ပြန်ခဲ့တဲ့ ကြေညာချက်တွေဖြစ်တဲ့ မိုက်ခရိုဆော့ဖ်ရဲ့ လာမယ့် ၂၀၃၀ ပြည့်နှစ်မှာ ကာဗွန်ထုတ်လွှတ်မှုကို အနုတ်လက္ခဏာပြစေမယ့် အစီအစဉ်နဲ့ အဆိုပါကိစ္စကို Blackrock ရဲ့ ရင်းနှီးမြှုပ်နှံမှု နည်းဗျူဟာအချက်အချာအဖြစ် ထည့်သွင်းမယ်ဆိုတဲ့ ကတိကဝတ်တွေနဲ့ ပတ်သက်တဲ့ နောက်ဆက်တွဲ ပြဿနာရပ်တွေကို ဆွေးနွေးခဲ့ကြပါတယ်။

ရာသီဥတုဆိုင်ရာ ထိပ်သီးဆွေးနွေးမှုမှာ ဆွေးနွေးပွဲတက်ရောက်လာကြတဲ့ ကိုယ်စားလှယ်အများစုက ရာသီဥတုအရေးမှာ ကြီးမားတဲ့ပြဿနာတစ်ခုရှိနေတယ်ဆိုတာကို သဘောတူလက်ခံကြပေမယ့်လည်း နောက်ထပ်ဘာဆက်လုပ်သင့်တယ်ဆိုတာနဲ့ပတ်သက်လို့ ဘုံသဘောတူညီမှုရရှိအောင် မလုပ်ဆောင်နိုင်ခဲ့ပါဘူး။

**လက်တွေ့လုပ်ဆောင်မှုမရှိ**

အစည်းအဝေးရဲ့ အဓိကလူတစ်ယောက်အဖြစ် သတ်မှတ်ထားခြင်းခံရတဲ့ ရာသီဥတုအရေးတက်ကြွလှုပ်ရှားသူ ဆယ်ကျော်သက်လူငယ် ဂရီတာသွန်းဘတ်က ဒါဗော့စ်အစည်းအဝေးကို တက်ရောက်လာကြတဲ့ပုဂ္ဂိုလ်တွေကို လက်တွေ့အလုပ်လုပ်ဆောင်ခြင်းမရှိဘဲ သိပ်စကားများတဲ့သူတွေလို့ ပြင်းပြင်းထန်ထန်ဝေဖန်လိုက်ပါတယ်။

ဂရီတာက ရုပ်ကြွင်းလောင်စာတွေအတွက် ထောက်ပံ့ကြေးငွေအစီအစဉ်ကို အမြန်ဆုံးအဆုံးသတ်ဖို့တောင်းဆိုနေပြီး စွမ်းအင်ရင်းမြစ်တွေကနေ ပြီးပြည့်စုံတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ဆောင်ရွက်ဖို့ကို ရက်သတ္တပတ်တစ်ခုလုံး တောင်းဆိုနေခဲ့တာဖြစ်ပါတယ်။

**အကျပ်အတည်းတစ်ခုအဖြစ်ခံယူဖို့လို**

အမှန်တကယ်တော့ ဒီတောင်းဆိုချက်တွေကို လုံးဝလျစ်လျူရှုခံထားရတယ်၊ ဒါပေမယ့် ကျွန်ုပ်တို့အနေနဲ့ ကိုယ်ကျိုးအတွက် ဘာကိုမှမမျှော်လင့်ဘဲ တောင်းဆိုနေရခြင်းဖြစ်တယ်လို့ ဂရီတာသွန်းဘတ်က ရာသီဥတုအရေးတက်ကြွလှုပ်ရှားနေတဲ့ အခြားလူငယ်လေးဦးနဲ့အတူ လုပ်ဆောင်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။ လက်ရှိရင်ဆိုင်နေရတဲ့ ရာသီဥတုဆိုင်ရာအခြေအနေကို အကျပ်အတည်းတစ်ခုအနေနဲ့ ခံယူပြီး ကုစားဖို့မကြိုးစားသမျှ ကာလပတ်လုံးကတော့ ကမ္ဘာကြီးနဲ့ စီးပွားရေးလုပ်ငန်းရှင်ခေါင်းဆောင်တွေက အခြေအနေတွေကို ဆက်ပြီးမဆိုင်သလို နေနေကြဦးမှာပဲလို့ ဂရီတာက ထုတ်ဖော်ပြောဆိုခဲ့တာဖြစ်ပါတယ်။

**စောင့်ကြည့်မယ်**

လူငယ်တက်ကြွလှုပ်ရှားသူ လူးဝိစ်နျူဘော်ရာက ၎င်းတို့အဖွဲ့ဟာ လူထုအတွင်းမှာ မိန့်ခွန်းပြောခဲ့သူတွေကပေးအပ်တဲ့ ကတိကဝတ်တွေအတိုင်း လိုက်နာဆောင်ရွက်ခြင်း ရှိမရှိကို စောင့်ကြည့်ဖို့ စီစဉ်ထားတယ်လို့ ဆိုပါတယ်။ ကမ္ဘာ့စီးပွားရေးဖိုရမ်မှာ ကျွန်ုပ်တို့ဟာ စကားလုံးလှလှတွေနဲ့ ကြီးကြီးကျယ်ကျယ်ပြောဆိုမှုတွေကို နားထောင်ခဲ့ရတယ်။ ဒီတော့ နောက်လာမယ့် နေ့တွေ၊ ရက်သတ္တပတ်တွေ၊ လတွေမှာ ခုလိုပြောဆိုခဲ့တဲ့ တစ်ဦးချင်းစီတိုင်းက အပြောကနေ လက်တွေ့လုပ်ဆောင်မှုအဖြစ် အသွင်ပြောင်းလာမှာကို ကျွန်ုပ်တို့မျှော်လင့်လျက်ရှိတယ်လို့ နျူဘော်ရာက ပြောကြားခဲ့ပါတယ်။

**ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေး**

ကွန်ဖရင့်အစည်းအဝေးကနေ ထွက်ပေါ်လာခဲ့တဲ့ ကတိကဝတ်အချို့ဟာ လာမယ့်နေ့ရက်တွေမှာ ရုပ်လုံးပေါ်လာနိုင်ပါတယ်။ ကမ္ဘာ့စီးပွားရေးဖိုရမ်ကို စတင်ဖြစ်မြောက်လာအောင်ကြိုးပမ်းခဲ့သူ Klaus Schwab က အစည်းအဝေးတက်ရောက်မှုမှာ ပါဝင်ခဲ့ကြတဲ့ ကုမ္ပဏီတွေအနေနဲ့ လာမယ့် ၂၀၅၀ မှာ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု သုညအထိဖြစ်အောင်လျှော့ချရေး ကြိုးပမ်းဆောင်ရွက်ကြဖို့ တိုက်တွန်းထားတဲ့ ပေးစာတစ်စောင်နဲ့ အစည်းအဝေးစတင်ဖွင့်လှစ်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ဖို့အရေး ကုမ္ပဏီပေါင်း ဘယ်နှခုက လက်မှတ်ရေးထိုးမှုမှာ ပါဝင်ခဲ့ကြတယ်ဆိုတာကိုတော့ အစည်းအဝေးက ထုတ်ဖော်ပြောဆိုခြင်းမရှိသေးပါဘူး။

သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ပြီးနောက်မှာ ဂရီတာသွန်းဘတ်နဲ့ ၎င်းရဲ့နောက်လိုက်တက်ကြွလှုပ်ရှားသူ လူငယ်တွေဟာ ဒါဗော့စ်ရှိ အဓိကလမ်းတွေထဲက တစ်ခုမှာ ဆန္ဒဖော်ထုတ်ဖို့အတွက်စုဝေးခဲ့ကြပါတယ်။ ဒီဖြစ်ရပ်ဟာ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ အစိုးရခေါင်းဆောင်တွေအနေနဲ့ လက်ဆုပ်လက်ကိုင်ပြနိုင်တဲ့ ရလဒ်တွေပေါ်ထွက်လာစေရေးလုပ်ဆောင်ဖို့ ဖိအားပေးတဲ့ လက္ခဏာတစ်ခုအနေနဲ့ တွေ့မြင်ရပါတယ်။

**ကိုးကား– စီအင်န်အင်န်**

---

## နိုင်ငံတကာသတင်းတိုထွာ

### ဩစတြေးလျတွင် ကိုရိုနာ ဗိုင်းရပ်စ် ဖြစ်ပွားမှု တွေ့ရှိ

**ဆစ်ဒနီ ဇန်နဝါရီ ၂၅**

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်တွင် ကိုရိုနာဗိုင်းရပ်စ်အသစ်ဖြစ်ပွားမှုကို ပထမဆုံးအကြိမ်အဖြစ် တွေ့ရှိခဲ့ကြောင်း ဩစတြေးလျ ကျန်းမာရေး အာဏာပိုင်များကပြောသည်။ အသက် ၅၀ ဝန်းကျင်အရွယ်ရှိ တရုတ်အမျိုးသားတစ်ဦးမှာ ရောဂါကူးစက်ခံထားရကြောင်း ကျန်းမာရေးအရာရှိများကပြောသည်။

အဆိုပါအမျိုးသားမှာ ဩစတြေးလျသို့မလာမီ ရောဂါစတင်ဖြစ်ပွားရာ ဝူဟန်မြို့တွင် ရှိခဲ့ကြောင်း သိရသည်။ ၎င်းသည် ဇန်နဝါရီ ၁၉ ရက်က မဲဘုန်းမြို့သို့ရောက်ရှိခဲ့သည်။ ၎င်းကိုဆေးရုံတွင် သီးခြားခွဲထားပြီး အဆုတ်ရောင်ဝေဒနာခံစားနေရကြောင်း၊ ယခုအခါ အခြေအနေမှာတည်ငြိမ်နေပြီဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောသည်။ အိမ်နီးချင်းပြည်နယ်ဖြစ်သည့် နယူးဆောက်ဝေးပြည်နယ်တွင်လည်း ကိုရိုနာဗိုင်းရပ်စ် ဟုသံသယရှိသူ လူငါးဦးကို စစ်ဆေးမှုများပြုလုပ်ခဲ့သည်။ ဩစတြေးလျအစိုးရသည် ဆစ်ဒနီလေဆိပ်တွင် ရောဂါစစ်ဆေးမှုများ တင်းကျပ်ထားသည်။

**ဆင်ဟွာ**

### ပီရူးနိုင်ငံတွင် ဓာတ်ဆီတင်ယာဉ် ပေါက်ကွဲမှုကြောင့် လူရှစ်ဦးသေဆုံး

**လီမာ ဇန်နဝါရီ ၂၅**

ပီရူးနိုင်ငံ လီမာမြို့တွင် ဇန်နဝါရီ ၂၃ ရက်က ဓာတ်ဆီတင်ယာဉ် ပေါက်ကွဲမှုဖြစ်ပွားပြီး လူရှစ်ဦးသေဆုံးခဲ့ကြောင်း ကျန်းမာရေးအာဏာပိုင်များက ဇန်နဝါရီ ၂၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ယင်းသို့ပေါက်ကွဲမှုကြောင့် လူပေါင်းများစွာ ဒဏ်ရာရရှိခဲ့ပြီး ရှစ်ဦးမြောက်သေဆုံးသွားသူမှာ အသက် ၁၇ နှစ်အရွယ် လူငယ်တစ်ဦးဖြစ်ကြောင်း သိရသည်။ လူပေါင်း ၄၀ ကျော်မှာလည်း အသက်လုနေရသည့်အခြေအနေတွင်ရှိကြောင်း ပီရူးကျန်းမာရေးဝန်ကြီး အဲလစ်ဇဘတ်ဟီနေ့ဇတိုဇာက ပြောသည်။ အဆိုပါ ဓာတ်ဆီတင်ယာဉ်သည် ဓာတ်ဆီယိုစိမ့်မှုကြောင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

မီးလောင်လွယ်သည့်ပစ္စည်းများကိုသယ်ဆောင်ရာတွင် အဆိုပါယာဉ်မှာ လိုအပ်သည့် လုံခြုံရေးအစီအမံများကို လုပ်ဆောင်ထားခဲ့ခြင်း ရှိမရှိကို အာဏာပိုင်များက စစ်ဆေးသွားမည်ဖြစ်သည်။ ယင်းဓာတ်ဆီတင်ယာဉ်မှာ ထရန်စ်ဂစ်ကုမ္ပဏီပိုင်ဖြစ်ပြီးကုမ္ပဏီအနေဖြင့် ယာဉ်မောင်းကိုသေချာစွာလေ့ကျင့်ပေးထားခြင်း ရှိမရှိကိုလည်း စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဗိုလ်ချုပ်အောင်ဆန်း(၁၀၅)နှစ်မြောက် မွေးနေ့အကြို စာအုပ်ဈေးရောင်းပွဲတော်ကျင်းပ



**ဇီးကုန်း ဇန်နဝါရီ ၂၅**
ဗိုလ်ချုပ်အောင်ဆန်း(၁၀၅)နှစ်မြောက် မွေးနေ့အကြို စာအုပ်ဈေးရောင်းပွဲတော်ကို ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်ရှိ ဗိုလ်ချုပ်ကြေးရုပ်တုပန်းခြံ၌ ဇန်နဝါရီ ၂၅ ရက်မှ ၂၉ ရက်အထိ ကျင်းပလျက်ရှိသည်။

မြို့နယ်လူငယ်ရေးရာ ကော်မတီမှ ဦးဆောင်၍ စာပေချစ်မြတ်နိုးသူများ၊ ကျောင်းသားလူငယ်များအတွက် စာပေပြန့်ပွားရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်ပေးနိုင်ရန် စာအုပ်ဈေးရောင်းပွဲတော်ကို ယနေ့နံနက်ပိုင်းက ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်သည်။

အဆိုပါစာအုပ်ဈေးရောင်းပွဲတော်တွင် သုတ/ရသစာအုပ်များ၊ ကလေးစာပေများ၊ ပုံပြင်စာအုပ်၊ ဆေးရောင်ခြယ်စာအုပ်များ၊ ကလေးများ ဉာဏ်ရည်ထက်မြက်စေသော အရုပ်ဆက်ကစားနည်းများ၊ ဘာသာရေးရုပ်ပြစာအုပ်များ၊ အင်္ဂလိပ်စကားပြောစာအုပ်များနှင့် ဘာသာပြန်စာအုပ်များ၊ သင်ထောက်ကူပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိပြီး လူငယ်ရေးရာကော်မတီမှ ကလေးငယ်များ ပျော်ရွှင်စေရေးအတွက် ဂိမ်းကစားနည်းများ ဆော့ကစားပြီး လက်ဆောင်ပစ္စည်းပြန်လည်ပေးအပ်ခြင်း အစီအစဉ်တို့ကို ဆောင်ရွက်ထားကြောင်း သိရသည်။

**တင့်ဆွေ(ဇီးကုန်း)**

# လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ဟောပြော

**ရန်ကုန် ဇန်နဝါရီ ၂၅**
ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်)၊ မြို့နယ်ပညာရေးဌာနနှင့် မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းတို့ ပူးပေါင်းကျင်းပသည့် လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး ပြည်သူ့စကားဝိုင်းဆွေးနွေးဟောပြောပွဲကို ဇန်နဝါရီ တတိယပတ်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းကြည်တို့က အမှာစကားပြောကြားပြီး မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ မြို့နယ်ရဲမှူး စိန်ဝင်း၊ မူးယစ်တပ်ဖွဲ့စု(၄၀)မှ ဒုရဲအုပ်ဝေဖြိုးဦး၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်လဲ့လဲ့မိုးပွင့်ဖြူ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ စိုးထက်အောင်တို့က လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဆောင်ရန်၊ ရှောင်ရန်များနှင့် ဥပဒေအကြောင်း သိမှတ်ဖွယ်ရာတို့ကို ပညာပေးဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**ဉာဏ်လင်း**

# အမ်းမြို့နယ်ရှိ နေရပ်စွန့်ခွာသူများအား ကျန်းမာရေးစောင့်ရှောက်

**အမ်း ဇန်နဝါရီ ၂၅**
ရခိုင်ပြည်နယ် အမ်းမြို့အမှတ်(၅) ဈေးတောင်ရပ်ကွက်ရှိ အားကစားနှင့် ကာယပညာဦးစီးဌာနပိုင် မိုးလုံလေလုံအားကစားခန်းမ၌ ရောက်ရှိနေသော နေရပ်စွန့်ခွာသူများအား ကျန်းမာရေးစောင့်ရှောက်မှု၊ ငှက်ဖျားပိုးစစ်ဆေးခြင်းနှင့် အစားအစာများထောက်ပံ့ပေးအပ်ခြင်းတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ယမန်နေ့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝင်းအိမွန် (ပြန်/ဆက်)**

## အီတလီကမ္ဘာလှည့် စက်ဘီးစီးအဖွဲ့ ပင်းတယမြို့မှ ပြန်လည်ထွက်ခွာ

**ပင်းတယ ဇန်နဝါရီ ၂၅**- ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့တွင် ရောက်ရှိနေသည့် အီတလီနိုင်ငံ Veneto ဒေသ Porto Viro မြို့မှ Mr. Mauro နှင့် ခရီးသည်လေးဦးပါ စက်ဘီးစီးအဖွဲ့သည် ပင်းတယမြို့၏ အထင်ကရနေရာများသို့ သွားရောက်လေ့လာ လည်ပတ်ခဲ့ကြပြီးယနေ့နံနက်ပိုင်းက ရွှေညောင်မြို့သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

စက်ဘီးစီးအဖွဲ့သည် ဇန်နဝါရီ ၂၄ ရက်က ပင်းတယမြို့သမိုင်းဝင် ပုန်းတလုတ်ရေကန်၊ ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရား၊ ပင်စိမ်းပင် (CBT) ကျေးရွာသို့သွားရောက်လေ့လာပြီး ဓနုရိုးရာဝါးထီးလုပ်ငန်းများလည်း လေ့လာခဲ့ကြရာ စက်ဘီးစီးနင်းရာလမ်းတစ်လျှောက်တွင် ရှမ်းတောင်ဇုန်ဟိုတယ်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်ထွေးနှင့်တာဝန်ရှိသူများ၊ ကမ္ဘာလှည့်ခရီးသွားလုံခြုံရေးတပ်ဖွဲ့၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ပင်းတယမြို့နယ် အပျော်စီးစက်ဘီးစီးအဖွဲ့တို့လိုက်ပါ၍ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ခင်မျိုးနွယ်(ပင်းတယ)**

# စင်ကာပူ- မြန်မာ- အိန္ဒိယ သုံးနိုင်ငံအကြား ရေအောက်ကေဘယ်စနစ်တည်ဆောက်

**ရန်ကုန် ဇန်နဝါရီ ၂၅**
ကမ္ဘာ့ထိပ်တန်းနည်းပညာဝန်ဆောင်မှုလုပ်ငန်းစု NTT က အမေရိကန်ဒေါ်လာသန်း ၄၀၀ ရင်းနှီးမြှုပ်နှံ၍ စင်ကာပူ- မြန်မာ- အိန္ဒိယ သုံးနိုင်ငံအကြား လုပ်ငန်းစုစွမ်းအားမြင့်ရေအောက်ကေဘယ် (MIST) ကို စတင်တည်ဆောက်နေပြီဖြစ်ကြောင်း ဇန်နဝါရီ ၂၂ ရက်က ဆူးလေရှန်ဂရီလာ၌ကျင်းပသော စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

" ကျွန်တော်တို့ ဒီစီမံကိန်းဆောင်ရွက်နိုင်ခြင်းကြောင့် ဒေတာအမြန်နှုန်းတိုးလာမှာ ဖြစ်ပါတယ်။ အရှေ့တောင်အာရှ ဒေသတွင်း ဆောင်ရွက်နေတဲ့ နိုင်ငံတကာ ရေအောက်ကေဘယ် တည်ဆောက်ရေး မဟာဗျူဟာမြောက်စီမံကိန်းရဲ့ အစိတ်အပိုင်းလည်း ဖြစ်ပါတယ်" ဟု NTT Ltd., ၏အမှုဆောင်အရာရှိချုပ် Mr. Sutas Kongdumrongkait က ပြောသည်။

အမေရိကန်ဒေါ်လာ သန်း ၄၀၀ ရင်းနှီးမြှုပ်နှံထားသည့် အဆိုပါ ရေအောက်ကေဘယ်သည် အရှည် ၁၁၀၀၀ ကီလိုမီတာရှည်လျားပြီး ၂၀၂၂ ခုနှစ်ဇွန်လတွင် လုပ်ငန်းစတင် လည်ပတ်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကုမ္ပဏီက မြန်မာနိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လုပ်ငန်းလိုင်စင်ရယူကာ NTT Myanmar ရုံးကိုလည်း စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ တစ်ရှိန်ထိုးဖွံ့ဖြိုးတိုးတက်နေသည့် သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍ၏ လိုအပ်ချက်များအတွက် ဒစ်ဂျစ်တယ်နည်းပညာ ဖြေရှင်းချက်များအား အရှိန်အဟုန်မြှင့်တိုးချဲ့လုပ်ဆောင်သွားနိုင်တော့မည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ဆက်သွယ်ရေးကဏ္ဍသည်နှစ်စဉ် ၆ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းအထိ တိုးတက်လျက်ရှိကြောင်း၊ ယင်းတိုးတက်မှုသည် ဖွံ့ဖြိုးဆဲအာရှနိုင်ငံအများစု၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးတိုးတက်မှုနှုန်းထက်ပင် မြင့်မားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေအောက်ကေဘယ်စီမံကိန်းထူထောင်နိုင်မှုကြောင့် ဒေတာစီမံခန့်ခွဲမှု ဆော့ဝဲလ်နည်းပညာများ အလျင်အမြန် တိုးတက်လာပြီး မြန်မာ့ဒစ်ဂျစ်တယ် စီးပွားရေးအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**



(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို ဟောပြောပွဲ၊ စာအုပ်စာစောင်ခင်းကျင်းပြသပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် ကျောင်းသား ကျောင်းသူများအတွက် စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲများကို ဇန်နဝါရီ ၂၄ ရက်က မူဆယ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပစဉ်။
ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅-၁-၂၀၂၀

### ရွှေ

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၁၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၄၂၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၁၃၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၄၂၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၈၀/၉၄၀ ကျပ် | ၉၃၅/၉၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၉၀/၉၅၅ ကျပ် | ၉၅၀/၉၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၈၀/၈၄၅ ကျပ် | ၈၇၅/၈၉၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၀၀/၉၅၅ ကျပ် | ၉၇၅/၁၀၁၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၆၆ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၁၉ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၈၆ . ၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၂၆ . ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၃၇ . ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၀၄ . ၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၁ . ၄၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ . ၅၆၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၅ . ၆၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၁ . ၀၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ . ၀၈၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၀၀၀ | ၂၁၉၉ | ၂၄၇၄၁၅၀၀ |
| MTSH | ၃၉၀၀ | ၃၉၀၀ | ၁၁၄၆၀ | ၄၄၆၉၄၀၀၀ |
| MCB | ၈၁၀၀ | ၀ | ၀ | ၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၁၃ | ၂၉၉၀၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၁၅၀၈ | ၄၂၉၇၈၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

သိမှတ်စရာအဖြာဖြာ (General Knowledge)

# ရေတံခွန်တွေဆီ သွားကြမယ်

ကေ-ဂျူဝယ်လ်

မောင်လေးတို့၊ ညီမလေးတို့ ရေတံခွန်တွေကို မြင်ဖူးကြလား။ ရေတွေတဝုန်းဝုန်းနဲ့ အပေါ်ကနေအောက်ကို စီးဆင်းနေလိုက်တာ သိပ်ကိုလှတာပေါ့။ ရေမှုန်ရေမွှားတွေကလည်း အနီးအပါးမှာ လွင့်ပျံနေတာပဲ။ ရေတံခွန်ပေါ်ကနေ ကျလာတဲ့ ရေတွေက သိပ်အေးပြီး အောက်ကကျောက်တုံး ကျောက်ခဲတွေဟာဆိုရင်လည်း ရေတွေဖြတ်စီးနေတဲ့အတွက် ပြောင်ချောနေကြတယ်။ အချို့ကျောက်တုံးတွေဆိုရင် အစိမ်းရောင်ရေညှိတွေနဲ့ တောက်ပလို့။ ရေနဲ့နီးတဲ့အတွက် ပတ်ဝန်းကျင်မှာလည်း စိမ်းစိုနေတဲ့ သစ်ပင်တွေကို အများအပြားမြင်ရတယ်။



အိန်ဂျယ်လ်ရေတံခွန်



ပွဲကောက်ရေတံခွန်

## ရေတံခွန်တွေဘယ်လိုဖြစ်

ရေတံခွန်ဆိုတာကတော့ မြစ်ချောင်းတွေ သက်တမ်းနုတဲ့အချိန်တုန်းက ကျောက်သားတွေ၊ မြေသားတွေကို ဖြတ်သန်းပြီး မြင့်ရာကနေ နိမ့်တဲ့နေရာတွေဆီ စီးဆင်းတဲ့အခါ မြေတွေနိမ့်ကျလာပြီး ရေတံခွန်တွေဖြစ်လာတာပေါ့ကွယ်။ တစ်ခါတလေမှာတော့ ရေစီးတဲ့မြစ်အောက်က မြေလွှာအောက်ကျောက်ထပ်တွေဟာ မတ်စောက်တဲ့ ကမ်းပါးတွေဖြစ်နေတတ်တာပေါ့။ အဲဒီလိုဖြစ်တဲ့အခါ အလွန်ကြီးမားတဲ့ ရေတံခွန်ကြီး ဖြစ်လာတော့တာပေါ့ ကလေးတို့ရေ။

စီးဆင်းတဲ့ရေထုထည်က များနေတဲ့အခါ ရေတံခွန်ကြီးတွေ ဖြစ်လာကာ စီးတဲ့ရေက သိပ်မများဘူးဆိုရင်တော့ လှပပြီး သိပ်လည်းမမြင့်တဲ့ ရေတံခွန်အသေးလေးတွေ ဖြစ်လာတာပေါ့ကွယ်။ ကမ္ဘာပေါ်က အမြင့်ဆုံးရေတံခွန်ကြီးကတော့ ဗင်နီဇွဲလားနိုင်ငံမှာရှိတဲ့ အိန်ဂျယ်လ်ရေတံခွန်ပဲပေါ့။ သာယာလှပပြီး ရေတံခွန်ကြီးရဲ့အမြင့်က ပေပေါင်း ၃၂၁၂ ပေအထိ မြင့်မားပါတယ်တဲ့။

## ရေတံခွန်တွေဆီက ဘာတွေရသလဲ

ရေတံခွန်တွေဟာ များသောအားဖြင့်တော့ တောတောင်ထူထပ်တဲ့ နိုင်ငံတွေမှာ အများဆုံးရှိတာပေါ့ကွယ်။ ဒါပေမယ့်လည်း တစ်ခါတစ်ရံမှာတော့ မြစ်တွေ၊ ချောင်းတွေများတဲ့ ရေလွှမ်းလွင်ပြင်တွေမှာလည်း ရှိတတ်သတဲ့။ မြစ်ချောင်းတွေ အများကြီးစုပေါင်းပြီး ရေပြင်ကျယ်ကြီးကနေ ရေလွှမ်းလွင်ပြင်ကို စီးတဲ့အခါ ရေတံခွန်ပြင်ကျယ်ကြီး ဖြစ်တတ်တာပေါ့။ အတ္တလန္တိတ်သမုဒ္ဒရာအတွင်းကို စီးဝင်တဲ့ ချက်ဆာပိပင်လယ်အော်ရဲ့ တောင်ဘက်မှာ အဲဒီလို ရေတံခွန်ပြင်ကျယ်ကြီးတွေရှိပါတယ်။ ဒါကြောင့် အဲဒီအနီးအနားမှာ ရေအားလျှပ်စစ်ထုတ်ယူကြပြီး လျှပ်စစ်ဓာတ်အားရယူကြတာပေါ့။ ကလေးတို့၊ မမတို့နိုင်ငံမှာလည်း ကယားပြည်နယ် ဘီလူးချောင်းရေအားကနေ လျှပ်စစ်ဓာတ်အားရယူပြီး ထုတ်လုပ်ပေးနေတာပေါ့။ အမေရိကန်ပြည်ထောင်စုက ဗာဂျီးနီးယားပြည်နယ် ရစ်ချမွန်မြို့နဲ့ ကယ်ရိုလိုင်းနားပြည်နယ်မြောက်ပိုင်းက ရိုလီမြို့၊ ဂျော်ဂျီယာပြည်နယ်က အိုဂတ်စတာမြို့နဲ့ ကိုလံဘတ်မြို့တွေဟာလည်း ရေတံခွန်ကရတဲ့ ရေအားလျှပ်စစ်ကြောင့် အလျင်အမြန်တိုးတက်လာခဲ့တာတဲ့။



ဟိုက်ပါရေတံခွန်

## ထင်ရှားတဲ့ ရေတံခွန်တွေ

ထင်ရှားတဲ့ရေတံခွန်တွေမှာ ခုနကပြောခဲ့တဲ့ အိန်ဂျယ်လ်ရေတံခွန်ကြီးအပြင် တောင်အာဖရိကက တူဂီလာရေတံခွန်၊ ကယ်လီဖိုးနီးယားက ယိုဇင်မီတီးရေတံခွန်၊ ဘရာဇီးနိုင်ငံက အစ်ဂွါဆုရေတံခွန်နဲ့ အခြားရေတံခွန်များစွာရှိတာပေါ့။ လူတွေ အများအပြား သွားလာခံစားနိုင်ပြီး သာယာတဲ့ ရေတံခွန်တွေဆိုရင် နာမည်ကျော်ကြားတာပေါ့ကွယ်။

## တို့နိုင်ငံက ရေတံခွန်တွေ

မမတို့ဆီမှာ အသွားအလာများတဲ့ ရေတံခွန်ကတော့ ပြင်ဦးလွင်မှာရှိတဲ့ ပွဲကောက်ရေတံခွန်နဲ့ ဓာတ်တော်ချိုင့်ရေတံခွန်တွေဖြစ်သလို မွန်ပြည်နယ်က ဇင်းကျိုက်ရေတံခွန်ဆိုရင်လည်း အသွားအလာများတာပေါ့။ ရခိုင်ပြည်နယ်မှာရှိတဲ့ စိုင်းဒင်ရေတံခွန်၊ ချင်းပြည်နယ်မှာရှိတဲ့ ဘုံတလာရေတံခွန်၊ ကချင်ပြည်နယ်မှာရှိတဲ့ ဆဒုံးရေတံခွန်၊ ရှမ်းပြည်နယ်မှာရှိတဲ့ ဟိုက်ပါရေတံခွန်၊ မမတို့ နေပြည်တော်ကနေသွားရတဲ့ နမ့်မွန်ကြီးရေတံခွန်စတဲ့ ရေတံခွန်တွေကလည်း သိပ်ကိုသာယာလှပတာပေါ့။ ဒါတင်မကသေးပါဘူး။ လူအရောက်အပေါက်နည်းပြီး သွားရခက်ခဲတဲ့နေရာတွေမှာလည်း သိပ်မထင်ရှားသေးတဲ့ ရေတံခွန်တွေ အများကြီး အများကြီးရှိပါတယ်ကွယ်။ ဒါကြောင့် ကလေးတို့က ရေတံခွန်တွေဆီကို အရောက်သွားဖူးအောင် ကြိုးစားပါ။ ပြီးရင် သဘာဝအလှအပတွေကို ခံစားခဲ့ပါ။ ရေတံခွန်တွေရဲ့ သဘာဝကို ပိုပြီးသိရအောင် လေ့လာခဲ့ပါလို့ မမက သတင်းစကားပါးလိုက်ပါရစေ။ ။

လောကဝတ် (Etiquette)

# အမူအရာကနေ ပြသနိုင်မယ့် လောကဝတ်တွေ

မမမေ

ဒီတစ်ပတ်မှာလည်း ကလေးတို့ နေ့စဉ်ဖြတ်သန်းရတဲ့ နေရာတိုင်းမှာ ချစ်ခင်စဖွယ် အမူအရာကောင်းလေးတွေကို မမက ဆက်ပြီးပြောပြလိုပါတယ်။



## စိတ်ဝင်တစားနားထောင်

ကလေးတို့ပြောတဲ့စကားကို သေသေချာချာ နားမထောင်တဲ့အခါ ကလေးတို့ စိတ်ဆိုးတတ်ကြတယ်မဟုတ်လား။ အမှန်က ဘယ်သူမဆို ကိုယ်ကစကားပြောတဲ့အခါ သေသေချာချာ နားထောင်စေချင်ကြတယ်လေ။ ကလေးတို့ ကိုယ်တိုင်ကလည်း သူများတွေက ကလေးတို့ကို စကားလာပြောတဲ့အခါ စိတ်ဝင်တစားနဲ့ နားထောင်ပေးမယ်ဆိုရင် အားလုံးက ကလေးတို့ကို ချစ်ခင်ကြမှာပါနော်။

## ခြေထောက်ငြိမ်ငြိမ်ထားပေးပါ


ခြေထောက်ကလေးတွေကို တလှုပ်လှုပ်နဲ့ လုပ်နေတာ၊ ခုံပေါ်မှာ ဒူးကြီးထောင်ပြီး နေတာမျိုးဟာ ဘေးနားက လူတွေကို မသက်မသာဖြစ်စေတယ်တဲ့ ကလေးတို့ရေ။ မမကတော့ အဲဒီလိုလူမျိုးကို မကြိုက်ပါဘူး။ သူတို့ဘေးမှာနေရတာ သက်သောင့်သက်သာ မဖြစ်စေဘူး ကလေးတို့ရေ။ ဖြစ်နိုင်မယ်ဆိုရင် ကလေးတို့လည်း ခြေထောက်ကလေးတွေကို သူများရှေ့ရောက်တိုင်း ငြိမ်ငြိမ်သက်သက်ထားပေးဖို့ မမကသတိပေးပါရစေနော်။ ခြေထောက်တွေလှုပ်တာ၊ လမ်းလျှောက်ရင် ခုန်ဆွခုန်ဆွ သွားတတ်တာဟာ ကြည့်ရတဲ့သူကလည်း မကြိုက်သလို ကလေးတို့လည်း အလှလေးတွေ ပျက်စေတယ်လေနော်။




## အစာစားရင် အသံမမြည်အောင်ထိန်း


ကလေးတို့အစာစားရင် အသံတွေမြည်လား။ မမကတော့ သွားဖုံးဒဏ်ရာကြောင့် အစာစားတိုင်း တဒုတ်ဒုတ်နဲ့ အသံတွေမြည်တတ်တယ်။ လူတွေကြားထဲမှာ အစာစားတော့မယ်ဆိုရင် အတော်ကို ဒုက္ခရောက်တယ်။ ပါးစပ်ပိတ် ဝါးလိုက်တာနဲ့ တဒုတ်ဒုတ်မြည်သလို ပါးစပ်ကြီးဖွင့်ပြီး ဝါးပြန်တော့ ပလပ်ပလပ်နဲ့ မြည်ပြန်ရော။ ဒါကြောင့် ဖြေးဖြေးချင်း ထိန်းပြီးစားသောက်ရတာပေါ့။ အများစုကတော့ မမလို သွားဖုံးပြဿနာမရှိလောက်ပါဘူးနော်။ အစာစားတဲ့အခါ ပါးစပ်ကိုပိတ်ပြီး သွားလေးတွေနဲ့ သေသေချာချာ ကြိတ်ဝါးသင့်ပါသတဲ့။ ဒါမှလည်း အစားကို ပလုတ်ပလောင်းမစားဖြစ်တော့ လှလှပပလေး စားသောက်တတ်သွားမှာပေါ့။ သူများတွေကလည်း သေသေသပ်သပ် စားတတ် သောက်တတ်တဲ့ကလေးတွေကို အတုယူပြီး အားကျကြမှာပေါ့နော်။ ကဲကြိုးစားပြီး ယဉ်ယဉ်ကျေးကျေး လိမ္မာရေးခြား အမူအရာရှိတဲ့ ကလေးတွေအဖြစ် နေထိုင်ကြရအောင်နော်။ ။






HTOO
ဆရာ..ကျွန်မက မောင်လေးသီး ရဲ့မိခင်ပါ.. ဆရာက တွေ့ဖို့ခေါ်ထားတယ်ဆိုလို့လာ တာပါ..
ထိုင်ပါ ခင်ဗျာ..
မောင်လေးသီးက ဒီကျောင်းကကျောင်း သားဖြစ်ပါတယ်..မောင်လေးသီးရဲ့ဖခင် က အားကစားသမားတစ်ယောက်ဆို တာဟုတ်ပါရဲ့လား ခင်ဗျာ..
ဟုတ်ပါတယ်..အပြေးချန်ပီယံတစ် ယောက်ပါ..မာရသွန်ပြေးပွဲမှာ နာ မည်ကြီးတစ်ယောက်ပေါ့ရှင်
ဟာ..ဟုတ်လား
ကျွန်မကိုယ်တိုင်လည်း အားက စားထူးချွန်သူတစ်ယောက်ဖြစ်ပါ တယ်ဆရာ
ဘယ်အားကစား မှာလဲဗျ...
သံလုံးပစ်၊ သံပြားပစ်၊ လှံတံပစ် အား ကစားမှာ ဆုတံဆိပ်တွေအများကြီး ရခဲ့ဖူးတယ်..ကျွန်မတို့အိမ်ထောင် ကျပြီးမှ မကစားဖြစ်တော့တာပါ ရှင့်...အဟင်း..
အေးဗျာ..ခင်ဗျားသားလေးသီးက ဖအေ တူလို့ထင်တယ်..အပြေးချန်ပီယံပဲဗျ.. ဒီတစ်ပတ်တည်းမှာ(၃)ရက်ဆက် ကျောင်းပြေးတယ်လေ..
ရှင်...
ကျောင်းပြေးပြီးသူများခြံထဲက မာ လကာပင်က မာလကာသီးတွေပစ် ချလို့ခြံပိုင်ရှင်လာတိုင်တာကြောင့် အုပ်ထိန်းသူမိခင် ခေါ်တွေ့တာပါ..
အဲတော့..!!


မေမေက ဈေးကို သွားခိုင်းလိုက် တယ်၊
လမ်းလျှောက် လာတာ ရေဆာသွားပြီ၊
ဦးလေးကြီး မောနေ ပြီ၊
ဦးလေးကြီး မောနေပြီလား ရော့.-
ကျေးဇူးပဲ၊ ရေသောက် ချင်နေတာနဲ့ အတော်ပဲ၊
သမီးလေးလည်း သရက်သီးယူသွား ရော့.-
ကျေးဇူး
မေမေက ဈေးမှာသရက်သီး ဝယ် ခိုင်းလိုက် တယ်၊


ကာတွန်း စမ်းချောင်းကိုကိုအောင်
အိုင်ယမ်မှာစာဖတ်လိုက် ဖုန်းပွတ်လိုက်နဲ့ ပြီးနေပြီလားဟ၊
အပြင်ထွက်ဦးမှ၊ လမ်းသွားရင်းလူတွေ ကို ကြည့်ရတာပေါ့၊
ခိုင်ဇော်နဲ့မောင်လေး အာဂျစ်ရဲ့စိတ်ထားက အတော်မွန်မြတ်တာပဲ၊
အာဂျစ်ရယ် နင်အပြင်မထွက် ပါနဲ့ဟာ၊
နင်အပြင်မထွက်တာ လူတွေကိုကြည့်ရာ ရောက်ပါတယ်၊
ဘာဖြစ်လို့၊
သူကြည့်ပါတိုင်း အလွဲလွဲအချော် ချော်ဖြစ်လွန်းလို့ ဖြေရှင်းရတာ မသက်သာဘူး၊




ပီဇာ...
ကြက်ကြော်...
အသားကင်...
မာလာရှမ်းကော...
ကြာဆံကြော်...
ဘာဂါ...
ဟာ...ဘယ်ကျော်...
ဘာဟင်းနဲ့စားနေတာတုန်း...
ကန်စွန်းရွက်ကြော်...



# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

**အခန်း (၂)**

**ရည်ရွယ်ချက်များ**

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) အကြမ်းဖက်မှုတားဆီးကာကွယ်ရန်နှင့် အကြမ်းဖက်မှု လျော့နည်းစေရေးအတွက် အသိပညာပေးရေးဆိုင်ရာလုပ်ငန်း အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) အကြမ်းဖက်ခံရသူအား လိုအပ်သည့်ကာကွယ်စောင့်ရှောက်မှုများ ဆောင်ရွက်ပေးရန်နှင့် ထပ်မံအကြမ်းဖက်ခံရမှုများမှ တားဆီးကာကွယ်ရန်၊

(ဂ) အကြမ်းဖက်ခံရသူ၏ ဘဝလုံခြုံမှု ပိုမိုကောင်းမွန်စေရေးနှင့် လူ့အဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်နိုင်စေရန်၊

(ဃ) အကြမ်းဖက်မှုကျူးလွန်သူကို ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန်၊

(င) အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ပေးခြင်းဖြင့် အမျိုးသမီးများ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ စသည့်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေရန်၊

**အခန်း (၃)**

**ကော်မတီ၏လုပ်ငန်းတာဝန်များ**

၅။ ကော်မတီသည် ဤဥပဒေပါရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၆။ ကော်မတီသည် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးအတွက် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်–

(က) အကြမ်းဖက်မှုတားဆီးကာကွယ်ရေး၊ အမျိုးသမီးများ၏ဘဝလုံခြုံမှု ပိုမိုကောင်းမွန်စေရေးအတွက် စီမံကိန်းများ၊ စီမံချက်များ၊ မူဝါဒများ၊ လမ်းညွှန်ချက်များ ချမှတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) လိုအပ်သော လုပ်ငန်းကော်မတီများဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) အကြမ်းဖက်ခံရသူအတွက် လိုအပ်သောဥပဒေရေးရာဝန်ဆောင်မှုများ၊ ကျန်းမာရေးဝန်ဆောင်မှုများ၊ အခြားလူမှုရေးဝန်ဆောင်မှုများနှင့် လုံခြုံစိတ်ချစွာ ယာယီနားခိုနေထိုင်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး လိုအပ်သလို ပူးပေါင်းစီစဉ်ဆောင်ရွက်ခြင်း၊

(ဃ) အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အချက်အလက်များကောက်ယူခြင်း၊ သုတေသနပြုလုပ်ခြင်းဆိုင်ရာလုပ်ငန်းရပ်များကို စိစစ်ခြင်းနှင့် စောင့်ကြည့်ကြီးကြပ်ခြင်း၊

(င) အကြမ်းဖက်မှုတားဆီးကာကွယ်ရေး အသိပညာပေးအစီအစဉ်များကို စီမံချက်များ ချမှတ်ဆောင်ရွက်ခြင်း၊

(စ) ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိသားစုပြိုကွဲခြင်း၊ လူမှုဆက်ဆံရေးပျက်ပြားစေခြင်း၊ ထိခိုက်စေခြင်းတို့ကို လျော့ပါးစေပြီး မိသားစုပေါင်းစည်းရေးနှင့် လူမှုသဟဇာတဖြစ်စေရေးတို့ကို ဦးတည်၍ ဆောင်ရွက်ခြင်း၊

(ဆ) အကြမ်းဖက်မှုကို ကြိုတင်ကာကွယ်ခြင်း၊ အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ လုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး လိုအပ်သလို ပူးပေါင်းစီစဉ်ဆောင်ရွက်ခြင်း၊

(ဇ) ပြည်တွင်း၊ ပြည်ပစေတနာရှင်များထံမှ လှူဒါန်းငွေများ၊ ပစ္စည်းများ လက်ခံရယူရေးနှင့် ယင်းလှူဒါန်းငွေများ၊ ပစ္စည်းများကို အကြမ်းဖက်မှုတားဆီးကာကွယ်ရေး လုပ်ငန်းများအတွက် ရန်ပုံငွေထူထောင်ပြီး ထိရောက်စွာ အသုံးပြုစေရေးတို့အတွက် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဈ) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးလုပ်ငန်းအစီအစဉ်များ တိုးတက်မှုအခြေအနေကို အခါအားလျော်စွာ စိစစ်သုံးသပ်ခြင်း၊ အကဲဖြတ်ခြင်း၊

(ည) အကြမ်းဖက်မှုတားဆီးကာကွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သောအစီရင်ခံစာများ၊ စာရင်းဇယားများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများထံမှ တောင်းခံရယူစုစည်းပြီး နှစ်စဉ်ပြုစု၍ ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း။

၇။ ကော်မတီသည် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဆိုင်ရာ ရန်ပုံငွေကို ကျခံသုံးစွဲရာတွင် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

၈။ ကော်မတီသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ဒေသဆိုင်ရာကော်မတီအသီးသီးကို တာဝန်ပေးအပ်ရမည်။

၉။ ဒေသဆိုင်ရာကော်မတီအသီးသီးသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ကာကွယ်တားဆီးရေးလုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ အဆင့်ဆင့်သော သက်ဆိုင်ရာကော်မတီတို့၏ လမ်းညွှန်မှုနှင့် ကြီးကြပ်မှုကိုခံယူ၍ ဆောင်ရွက်ရမည်။

**အခန်း (၄)**

**အကြမ်းဖက်မှုကြိုတင်ကာကွယ်တားဆီးခြင်းနှင့် အကြမ်းဖက်ခံရသူကို ကာကွယ်စောင့်ရှောက်ခြင်း**

၁၀။ အကာအကွယ်ပေးရန် တာဝန်ရှိသူသည် အကြမ်းဖက်မှုကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်များကို အောက်ပါအတိုင်း စီမံဆောင်ရွက်ရမည် –

(က) သတင်းမီဒီယာမှတစ်ဆင့်ဖြစ်စေ၊ လူထုဟောပြောပွဲများ၊ တွေ့ဆုံပွဲများပြုလုပ်၍ဖြစ်စေ အများပြည်သူအပါအဝင် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများကို အကြမ်းဖက်မှုကာကွယ်တားဆီးရေး အသိပညာပေးရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ခ) အကြမ်းဖက်မှု လျော့နည်းစေရေးအတွက် အသိပညာပေးလုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) အကြမ်းဖက်ခံရသူ၏ အခွင့်အရေးဆုံးရှုံးမှုမရှိစေရန် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဆောင်ရွက်ခြင်း၊

(ဃ) ဆေးကုသမှုနှင့် သက်ဆိုင်ခြင်းမရှိဘဲ အမျိုးသမီး၏ လိင်အင်္ဂါအစိတ်အပိုင်း တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ ထိခိုက်အနာတရဖြစ်စေခြင်း၊ ဖြတ်တောက်ဖယ်ရှားခြင်းဖြင့် အမျိုးသမီးကို ထိခိုက်စေသည့်အပြုအမူများ မရှိစေရေးအတွက် အသိပညာပေးမှုများ ဆောင်ရွက်ခြင်း။

၁၁။ ကော်မတီသည် အကြမ်းဖက်မှုကြိုတင်ကာကွယ်တားဆီးခြင်း လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် သင့်လျော်သလို ပူးပေါင်းဆောင်ရွက်နိုင်သည်။

၁၂။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လူမှုဝန်ထမ်းဦးစီးဌာနအပါအဝင် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် အကြမ်းဖက်မှုကြိုတင်ကာကွယ်တားဆီးရန်နှင့် အကြမ်းဖက်ခံရသူကို ကာကွယ်စောင့်ရှောက်ရန် သက်ဆိုင်ရာတာဝန်ရှိသူများကို လေ့ကျင့်သင်တန်းများပေးခြင်းနှင့် သင်တန်းများ၌ ထည့်သွင်းပို့ချခြင်းတို့ကို စီမံဆောင်ရွက်ရမည်။

၁၃။ သက်ဆိုင်ရာတာဝန်ရှိသူသည် –

(က) အကြမ်းဖက်ခံရသူကို ဂုဏ်သိက္ခာရှိသူတစ်ဦးအဖြစ် လေးစားစွာ ဆက်ဆံရမည်၊

(ခ) အကြမ်းဖက်ခံရသူနှင့် သက်ဆိုင်သော ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များ အပါအဝင် သတင်းအချက်အလက်များကို လျှို့ဝှက်ထားရှိခြင်းဖြင့် အကာအကွယ်ပေးရမည်၊

(ဂ) အကြမ်းဖက်ခံရသူအတွက် ဥပဒေပိုင်းဆိုင်ရာဝန်ဆောင်မှုများကို အချိန်မီသိရှိနိုင်ရန် ဆောင်ရွက်ပေးရမည်၊

(ဃ) အကြမ်းဖက်ခံရသူအတွက် ဝန်ဆောင်မှုများ ပေးအပ်ရာတွင် လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားဆက်ဆံခြင်းမရှိစေရေး ဆောင်ရွက်ပေးရမည်။

၁၄။ အကြမ်းဖက်ခံရသူအား လိုအပ်သော အောက်ပါအထောက်အပံ့ဝန်ဆောင်မှုများ ပေးနိုင်ရန်အလို့ငှာ ဝန်ကြီးဌာနသည် သက်ဆိုင်ရာအစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည် –

(က) အကြမ်းဖက်ခံရသူက တိုင်ကြားနိုင်ရေးနှင့် အကူအညီရရှိနိုင်ရေးအတွက် အရေးပေါ်ဆက်သွယ်တိုင်ကြားနိုင်သည့် တယ်လီဖုန်းနံပါတ်များ သတ်မှတ်ထားရှိခြင်း၊

(ခ) အကြမ်းဖက်မှုနှင့် စပ်လျဉ်း၍ နှစ်သိမ့်ဆွေးနွေးတိုင်ပင်ခြင်း၊ စိတ်လူမှုရေးဆိုင်ရာ ပံ့ပိုးကူညီခြင်းနှင့် လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲခြင်းတို့အတွက် စံလုပ်ငန်းအစီအစဉ်များ ရေးဆွဲဆောင်ရွက်ခြင်း၊

(ဂ) တရားမဆိုင်ရာသက်သာခွင့်အတွက် လျှောက်ထားခြင်း၊ တရားစွဲဆိုခြင်းအပါအဝင် မှုခင်းများကို တရားစွဲဆိုဆောင်ရွက်ရာတွင်အကြမ်းဖက်ခံရသူအား ကူညီပံ့ပိုးမည့် ဥပဒေဆိုင်ရာဝန်ဆောင်မှုပေးခြင်း၊

(ဃ) အကြမ်းဖက်ခံရသူ၏အခွင့်အရေး အလွယ်တကူရရှိရေးအတွက် သင့်လျော်သည့် ဒေသများကို ဦးစားပေးရွေးချယ်ကာ ယာယီစောင့်ရှောက်ရေးနေရာ တည်ထောင်ထားရှိခြင်း။

၁၅။ အကြမ်းဖက်ခံရသူသည် မိမိဆန္ဒအလျောက် ပဋိသန္ဓေတားခြင်းနှင့် သားသမီးရယူရန် ကိစ္စများအပါအဝင် လိင်နှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများကို ရပိုင်ခွင့်ရှိရမည်။

၁၆။ အကြမ်းဖက်ခံရသူသည် အောက်ဖော်ပြပါ အခြေအနေတစ်ရပ်တွင် အကျုံးဝင်ပါက ကိုယ်ဝန်ဖျက်ချခြင်းကို မိမိဆန္ဒအလျောက် ဆေးစစ်ဆေးရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည် –

(က) ကိုယ်ဝန်ဆက်လက်ထားရှိပါက အမျိုးသမီးအတွက် အသက်အန္တရာယ်ရှိနိုင်ခြင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာကျန်းမာရေး၊ ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးကို ထိခိုက်စေနိုင်ခြင်း၊

(ခ) မုဒိမ်းမှုကျူးလွန်ခံရခြင်းကြောင့် ကိုယ်ဝန်ဆောင်နေရခြင်း။

၁၇။ အကြမ်းဖက်ခံရသူသည် အိမ်ထောင်ဖက်က ကျူးလွန်သောအောက်ပါ အခြေအနေတစ်ရပ်ရပ်နှင့် ကြုံတွေ့ခံစားရပါက ၎င်း၏ ခင်ပွန်းဖြစ်သူနှင့် ကွာရှင်းပြတ်စဲခွင့် ရရှိရမည်–

(က) မုဒိမ်းမှု၊

(ခ) စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊

(ဂ) ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊

(ဃ) ကွာရှင်းခွင့်ရရန် လုံလောက်သော အကြောင်းပြချက်ရှိသည့် စီးပွားရေးဆိုင်ရာ အကြမ်းဖက်မှု။

၁၈။ အလုပ်ရှင်နှင့် လုပ်ငန်းခွင်၏ စီမံအုပ်ချုပ်သူတိုင်းသည် မိမိ၏ လုပ်ငန်းခွင်တွင် အကြမ်းဖက်မှုကြိုတင်ကာကွယ်တားဆီးရေးအတွက် လည်းကောင်း၊ အကြမ်းဖက်ခံရသူကို ကာကွယ်စောင့်ရှောက်ရေးအတွက် လည်းကောင်း ဆောင်ရွက်ရမည့် လုပ်ငန်းခွင်ဆိုင်ရာမူဝါဒများနှင့် အခြားသင့်လျော်သည့် လုပ်ငန်းအစီအစဉ်များကို ချမှတ်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ ပြုရမည့် အပြင် တာဝန်ခံမှုရှိစေရမည်။

**အခန်း (၅)**

**ယာယီအကာအကွယ်ပေးရေးအစီအမံ**

၁၉။ ယာယီအကာအကွယ်ပေးရေးအစီအမံကို –

(က) အကြမ်းဖက်ခံရသူက သက်ဆိုင်ရာမြို့နယ်အမျိုးသမီးကော်မတီသို့ လျှောက်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ အကြမ်းဖက်ခံရသူကိုယ်တိုင် လျှောက်ထားခြင်းမဟုတ်ပါက အကြမ်းဖက်ခံရသူ၏ ခွင့်ပြုချက်ကိုဖြစ်စေ၊ အကြမ်းဖက်ခံရသူက ခွင့်ပြုချက်မပေးနိုင်ပါက ကျိုးကြောင်းဖော်ပြချက်ကိုဖြစ်စေ ပူးတွဲ၍ အောက်ဖော်ပြပါ ပုဂ္ဂိုလ်တစ်ဦးဦးက လျှောက်ထားနိုင်သည် –

(၁) အကြမ်းဖက်ခံရသူ၏ မိဘ သို့မဟုတ် အုပ်ထိန်းသူ၊

(၂) အကြမ်းဖက်ခံရသူ၏ သွေးရင်းမိသားစုဝင် သို့မဟုတ် အိမ်ထောင်စုဝင်၊

(၃) အကြမ်းဖက်ခံရသူအတွက် ဝန်ဆောင်မှုများ ရရှိနိုင်ရန် ဆောင်ရွက်ပေးသူ၊

(၄) လူမှုရေးအဖွဲ့အစည်းတစ်ခုခုမှ အဖွဲ့ဝင်အနည်းဆုံး နှစ်ဦး။

၂၀။ (က) အကြမ်းဖက်မှုကျူးလွန်သည့်ပြစ်မှုနှင့် စပ်လျဉ်း၍ အမှုဖွင့်တိုင်တန်းခြင်းပြုသည် ဖြစ်စေ၊ မပြုသည်ဖြစ်စေ သက်ဆိုင်ရာမြို့နယ်အမျိုးသမီးကော်မတီသည် ပုဒ်မ ၁၉ အရ လျှောက်ထားချက်ကို ရရှိလျှင် စိစစ်ပြီး အောက်ပါတို့ကို ဆောလျင်စွာ ဆောင်ရွက်ရမည်–

(၁) အကြမ်းဖက်ခံရသူအား ထပ်မံ၍ အကြမ်းဖက်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန်ခြိမ်းခြောက်ခြင်း သို့မဟုတ် ကျူးလွန်ခြင်းမပြုရန် အကြမ်းဖက်မှုကျူးလွန်သူကိုဖြစ်စေ၊ ထိုသို့ကျူးလွန်ရာတွင် အားပေးကူညီသူတစ်ဦးဦးကို ဖြစ်စေ တားမြစ်သည့် ယာယီအကာအကွယ်ပေးရေး အစီအမံများ ဆောင်ရွက်ခြင်း၊

(၂) အကြမ်းဖက်မှုကျူးလွန်သူက သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ အကြမ်းဖက်ခံရသူအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်၍ နှောင့်ယှက်မှု သို့မဟုတ် စိတ်ငြိုငြင်စေမှုမပြုရန် တားမြစ်သည့် ယာယီအကာအကွယ်ပေးရေး အစီအမံချမှတ်ခြင်း၊

(၃) အကြမ်းဖက်မှုကျူးလွန်ခံရသူနှင့် သက်ဆိုင်သည့် လိင်ပိုင်းဆိုင်ရာရုပ်ပုံများ၊ လိင်သဘောသက်ရောက်သည့် ပြောဆိုရေးသားမှုများအား ဖြန့်ချိခြင်း၊ ထုတ်ဝေခြင်း၊ ထုတ်လွှင့်ခြင်း၊ အသံလွှင့်ခြင်း၊ ပေးပို့ခြင်း၊ ဖြန့်ဝေခြင်း၊ အသုံးပြုခြင်း သို့မဟုတ် အများပြည်သူနှင့် ဆိုင်သောနေရာတွင် ထားရှိခြင်းများ မပြုရန် အကြမ်းဖက်မှုကျူးလွန်သူကို တားမြစ်သည့် အစီအမံချမှတ်ခြင်း၊

(၄) အကြမ်းဖက်ခံရသူနှင့် ၎င်း၏ ကလေးသူငယ်များကို သူမနှင့်အတူ အရေးပေါ်ယာယီစောင့်ရှောက်ရေးနေရာ ရရှိရေးအတွက် စီစဉ်ပေးခြင်း၊

(၅) အကြမ်းဖက်ခံရသူအတွက် အရေးပေါ်ကျန်းမာရေးဝန်ဆောင်မှုရရှိနိုင်ရေး စီစဉ်ပေးခြင်း၊

(၆) အကြမ်းဖက်ခံရသူအတွက် အခြားသောအရေးပေါ် လိုအပ်သည့် ဝန်ဆောင်မှုရရှိရေးစီစဉ်ပေးခြင်း။

*(ဆက်လက်ဖော်ပြပါမည်)*

# ခရစ်တိုငွေကြေး၏ ကံကြမ္မာ

သန်းတိုးနိုင်

ဆောင်းတွင်းဝင်ခါစ တစ်ရက်မှာ ကျွန်တော်ခြံထဲမှာ နေပူစာလှုံပြီး ခရစ်တိုငွေကြေး (Cryptocurrencies) အကြောင်း ဆောင်းပါးသုံးစောင်ကို ဖတ်ရင်း အတွေးနယ်ချဲ့မိပါတယ်။

မီတာခ တက်မှာစိုးလို့ ဇနီးသည်ကလည်း နေ့ခင်းကြောင်တောင် မီးထွန်းပြီး စာဖတ်တာ မကြိုက်ချင်ကိုယ်ကလည်း ဒီဆောင်းပါးသုံးစောင်ကို ဖတ်ရင်း နားမလည်တာရော၊ မျက်လုံးမကောင်းတာရော၊ မီးမလင်းတာရောနဲ့ ရှေ့ကိုသိပ်မရောက်ချင်ဘူး။ ဆောင်းပါးတွေကလည်း ရှည်ပ့ါ။ ဘာတဲ့ "တိုးတက်လာတဲ့ ခေတ်စနစ်ကြားမှာ သတိပြုရမယ့် ဒစ်ဂျစ်တယ် ငွေကြေးတဲ့၊ နောက်တစ်စောင်က ခရစ်တိုငွေကြေး ဘာလဲဘယ်လဲ" တဲ့။ အခုနောက်ဆုံးပြန်ဖတ်နေတာက "ခရစ်တိုအဖွဲ့၏ ဒိုင်ယာရီ (သို့) Cryptocurrencies နှစ်စဉ်မှတ်တမ်း"တဲ့။

ဒီဆောင်းပါးတွေ ဖတ်ရင်းနဲ့ အတွေးနယ်ချဲ့မိပါရဲ့။ လူတွေက Bitcoin၊ Dascoin၊ Scion ဆိုပြီး ဝယ်စုနေကြတာ။ မြတ်ချင်တာတစ်ခုပဲရှိတယ်။ ထဲထဲဝင်ဝင်ဘာမှ မသိကြဘူး။

ဘယ်လိုပဲဖြစ်ဖြစ် ကမ္ဘာကြီးဟာ ရွာကြီး တစ်ရွာလိုဖြစ်နေပြီဆိုတာရယ်၊ တိုးတက်လာတဲ့ နည်းပညာတွေရယ်ကြောင့် ကမ္ဘာနဲ့အဝန်းသတင်းတွေကို ချက်ချင်းသိနိုင်တဲ့ခေတ် ရောက်နေပြီ။ လူတိုင်းခေတ်နဲ့အညီ အမီလိုက်နိုင်ဖို့လိုသလို နောက်ကျကျန်နေတာမျိုးလည်း မဖြစ်သင့်သေးဘူးပေ့ါလေ။ ဒါကြောင့် ကျွန်တော်လည်း ဟိုတစ်စဒီတစ်စနဲ့ လိုက်ရှာ ဖတ်ကြည့်မိတယ်။

## ကုန်သွယ်ရေးစစ်ပွဲနှင့်ငွေကြေးဈေးကွက် ဖတ်စာ

ယခုလတ်တလောအခြေအနေအရ ကမ္ဘာ့အင်အားကြီးနိုင်ငံဖြစ်တဲ့ အမေရိကန်နိုင်ငံနဲ့ တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေးစစ်ပွဲကြောင့် အမေရိကန်နိုင်ငံက ဒေါ်လာဈေးကွက် ခိုင်မြဲလာဖို့ အခြေအနေနဲ့ တရုတ်နိုင်ငံကလည်း ဒေါ်လာအပေါ် မှီခိုတာ လျှော့ချပြီး ယွမ်ငွေဈေးကွက် ခိုင်မာလာစေဖို့ ရည်ရွယ်လုပ်ဆောင်နေတာ မြင်တွေ့နေရပါတယ်။ တရုတ်ယွမ်ငွေဟာ ယခင်က နိုင်ငံတကာငွေကြေးဈေးကွက်အတွင်း နံပါတ်(၄) နေရာရှိခဲ့ရာကနေ ၂၀၁၉ ခုနှစ် ဇူလိုင်လကစလို့ နံပါတ်(၆)နေရာကို ကျဆင်းသွားခဲ့ပြီး ရူပီးငွေနဲ့ ယွမ်ငွေတို့ဟာ တန်ဖိုးအကျဆုံး အာရှငွေကြေးများအဖြစ် ရောက်ရှိခဲ့ပါတယ်။

အဲဒီလို အင်အားကြီးနိုင်ငံကြီးတွေရဲ့ ငွေကြေးဈေးကွက် နေရာလု လုပ်ဆောင်နေချိန်မှာ Cryptocurrency လို့ခေါ်တဲ့ ငွေကြေးစနစ်တစ်ခု ပေါ်ပေါက် နေရာဝင်ယူလွှမ်းမိုးလာတာကို စောင့်ကြည့်ဖို့တော့ လိုအပ်လာပါတယ်။ ၂၀၁၉ ခုနှစ် နှစ်လယ်ပိုင်းမှာ ကမ္ဘာ့လူဦးရေ အများဆုံး သိရှိသုံးစွဲနေကြတဲ့ ဖေ့စ်ဘုတ်ကနေ Libra အမည်နဲ့ ခရစ်တို ငွေကြေးတစ်မျိုးကို ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းမှာ စတင်အသုံးပြုနိုင်တော့မယ်လို့ သတင်းများထွက်ပေါ်လာပြီးနောက်ပိုင်း နိုင်ငံတကာမှာရှိတဲ့ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူတွေက စိတ်ဝင်စားမှု ရှိလာခဲ့ပါတယ်။ အဓိက စိတ်ဝင်စားတဲ့ အကြောင်းရင်းကတော့ ခရစ်တို ငွေကြေးကို သုံးစွဲရာမှာ လွတ်လပ်စွာ ရွှေ့ပြောင်းနိုင်ခြင်း၊ ပြောင်းလဲလုပ်ဆောင်နိုင်ခြင်း၊ ဗဟို ထိန်းချုပ်မှုမရှိခြင်း အစရှိတဲ့ လွတ်လပ်မှုဘောင်အကွပ်မဲ့မှုအပေါ် ကြိုက်နှစ်သက်လာခြင်းက အဓိက သဘောတရားပဲဖြစ်ပါတယ်လို့ ငွေကြေးသမိုင်းဆိုင်ရာဖတ်စာ စာအုပ်ပေါ်ထွက်လာခဲ့ပါတယ်။

## ပြူတစ်ပြူတစ်ဖြစ်လာတဲ့ ဖေ့စ်ဘုတ်၏ Libra ခရစ်တိုငွေကြေး

ထူးခြားမှုတစ်ခုက ဖေ့စ်ဘုတ်တည်ထောင်တဲ့ မာ့ခ်ဇူကာဘတ်အနေနဲ့ ခရစ်တိုငွေကြေး နဲ့ ပတ်သက်လို့ လွန်ခဲ့တဲ့ နှစ်အနည်းငယ်က Libra အမည်နဲ့ လုံခြုံမှု၊ တည်ငြိမ်မှုနဲ့ ညီညွတ်တဲ့ စည်းကမ်းချက်တွေ ပါဝင်တဲ့ ခရစ်တိုငွေကြေးတစ်မျိုးကို စိတ်ကူးရခဲ့တာပါပဲ။ ထပ်မံစိတ်ဝင်စားမှုတစ်ခုကတော့ အဲဒီခရစ်တိုငွေကြေးကို ၎င်းနဲ့ စီးပွားရေး လုပ်ဖော်ကိုင်ဖက်တွေဖြစ်တဲ့ Master၊ Visa၊ Uber အစရှိတဲ့ ကမ္ဘာ့ကုမ္ပဏီလုပ်ငန်းကြီး ၂၈ ခုက ပူးပေါင်းပါဝင်မှာဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် ပထမခြောက်လတာကာလအတွင်း စတင်ထုတ်ဝေသွားမယ်လို့ ထုတ်ဖော်ကြေညာခဲ့ပါတယ်။ Libra ခရစ်တိုငွေကြေးကို လူသိများတဲ့ Bitcoin နဲ့ ချိတ်ဆက်မှာ မဟုတ်ဘူးလို့လည်း ထည့်သွင်း ပြောကြားခဲ့တာကြောင့် ပိုလို့တောင် စိတ်ဝင်စားဖို့လည်း ကောင်းနေပြီ။

ဈေးကွက်ကို ဘယ်လိုနေရာယူ လုပ်ဆောင်မယ်ဆိုတာ စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။ အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲကလည်း ကမ္ဘာ့စီးပွားရေးကို ပြောင်းလဲစေနိုင်တဲ့အတွက်ကြောင့် နိုင်ငံအသီးသီးက နားစွင့်နေသလို အမေရိကန်ဒေါ်လာ ငွေကြေးဈေးကွက်အပေါ်မှာလည်း သက်ရောက်မှုများစွာ ရှိလာနိုင်တယ်လို့ သုံးသပ်နေကြပါတယ်။ ဆန့်ကျင်ဘက် နိုင်ငံအချို့ကလည်း အမေရိကန် ဒေါ်လာတစ်ခုတည်းအပေါ် အလွန်အမင်း မှီခိုအားကိုးနေရမှုကို လျှော့ချလိုတဲ့သဘောနဲ့ ခရစ်တိုငွေကြေးတွေအပေါ် စိတ်ဝင်စားမှုရေချိန် မြင့်လာပေမယ့် အမေရိကန် အပါအဝင် အနောက်နိုင်ငံအချို့ကလည်း ကန့်ကွက်နေကြတော့ ခရစ်တိုနဲ့ပတ်သက်ပြီး လွန်ဆွဲပွဲကြည့်နေရသလို ဖြစ်နေပါတယ်။

## ငွေကြေးဆိုင်ရာနည်းပညာများ ဆင့်ကဲပြောင်းလဲလာမှု

Financial Technology ငွေကြေးဆိုင်ရာ နည်းပညာတွေခေတ်နဲ့အညီ တိုးတက်ပြောင်းလဲလာနေတဲ့အတွက်ကြောင့် ကိုင်တွယ်လို့မရတဲ့ ငွေကြေးစနစ် (Digital Money) တစ်မျိုး ပေါ်ထွက်လာတာဖြစ်ပါတယ်။ Cryptocurrency (ခေါ်) Digital Currency တွေဟာ သုံးစွဲသူ တစ်ဦးနဲ့တစ်ဦးလက်ခံကြတဲ့ သမားရိုးကျ ရင်းနှီးမြှုပ်နှံမှု မဟုတ်တဲ့ Digital Money (ခေါ်) Coin စနစ်ဟာလည်း ပေါ်ပေါက်လာခဲ့ပါတယ်။ Financial သမိုင်းကြောင်းနဲ့ ပတ်သက်လို့ နိုင်ငံတကာမှာ ငွေကြေးနည်းပညာတွေ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာတဲ့ ၁၉၅၀ ပြည့်လွန်နှစ်တွေမှာ ငွေကြေးသယ်ဆောင်ရတဲ့ ဝန်ထုပ်ဝန်ပိုးကို လျှော့ချဖို့ ခရက်ဒစ်ကတ်တွေ ပေါ်ပေါက်တီထွင်အသုံးပြုလာခဲ့ပါတယ်။

၁၉၆၀ ပြည့်လွန်နှစ်တွေမှာ ခရက်ဒစ်ကတ်ကိစ္စများလုပ်ပေးရတဲ့ ဝန်ထမ်းတွေရဲ့ နေရာမှာ အစားထိုးဖို့အတွက် ATM စက်တွေသုံးစွဲလာခဲ့တယ်။ ၁၉၇၀ ပြည့်လွန်နှစ်တွေမှာ အီလက်ထရွန်နစ် စတော့များ စတင်ပေါ်ပေါက်လာခဲ့ပြီး ၁၉၈၀ ပြည့်လွန်နှစ်တွေမှာတော့ ပိုမိုတိကျမြန်ဆန်မှုရှိတဲ့ အချက်အလက်၊ မှတ်တမ်းတွေ သိမ်းဆည်းထားနိုင်တဲ့ စနစ်တွေ ပေါ်ပေါက်လာခဲ့တယ်။ ၁၉၉၀ ပြည့်လွန်အရောက်မှာ အင်တာနက်နဲ့ အီး-ကောမားစ် စီးပွားရေးလုပ်ငန်းတွေ ထွန်းကားလာပြီး ရင်းနှီးမြှုပ်နှံသူတွေကို လက်လီရောင်းချနိုင်တဲ့ အွန်လိုင်းစတော့ဝက်ဘ်ဆိုက်တွေ ဆင့်ကဲဆင့်ကဲ ပေါ်ပေါက်လာတယ်လို့ မှတ်သားမိပါတယ်။

## Cryptocurrency ၏ သမိုင်းကြောင်း

ဒစ်ဂျစ်တယ်ငွေကြေးဖြစ်ပေါ်လာတဲ့ သမိုင်းကြောင်းကို လေ့လာကြည့်မယ်ဆိုရင် Cryptocurrency အနေနဲ့ Bitcoin ကို စံထားရမှာဖြစ်ပါတယ် ။ Bitcoin အစ ပေါ်ပေါက်လာပုံကလည်း ၂၀၀၈ ခုနှစ်အတွင်းက ဂျပန်အမည် "ဆာတိုရှီနာကာမိုတို"အဖွဲ့က အဆင့်မြင့်ကွန်ပျူတာတွေနဲ့ Network ကွန်ရက်တစ်ခုကို Blockchain System နည်းပညာအခြေခံပြီး Digital Currency လုပ်ဆောင်မှုပုံစံသစ် White Paper စာတမ်းတစ်စောင်ကို ကမ္ဘာကို ချပြခဲ့ပါတယ်။ အဲဒီ Digital Currency စာတမ်းရေးသားနည်းပညာ တီထွင်သူကို "ဆာတိုရှီနာကာမိုတို" လို့ ခေါ်ဝေါ်နေကြပေမယ့် ဘယ်သူဘယ်ဝါဖြစ်တယ်လို့ တိတိပပ မသိရှိကြပါဘူး။ အဲဒီအဖွဲ့က Bitcoin အမည်နဲ့ Digital Currency တစ်မျိုးကို ၂၀၀၉ ခုနှစ်မှာ စတင်တီထွင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှစလို့ ဈေးကွက်ဝင် Cryptocurrency တစ်ခုအဖြစ် ပေါ်ထွက်လာတာ အခုထိတိုင်ပါပဲ။ ယနေ့ကမ္ဘာပေါ်မှာ ဈေးကွက် Cryptocurrency အမျိုးပေါင်း ၁၅၀၀ ကျော် လည်ပတ်နေတယ်လို့ သိရှိရပါတယ်။

## Cryptocurrency များအပေါ် သိပ္ပံပညာရှင်သုတေသီများ၏ သုံးသပ်ချက်

Cryptocurrency တွေ ထုတ်လုပ်အသုံးပြုလို့ တစ်နှစ်ကို ကာဗွန်ဒိုင်အောက်ဆိုက် တန်ချိန်ပေါင်း ၂၂ မက်ဂါတန်ခန့် ထုတ်လွှတ်ပေးနေတဲ့ အဲဒီပမာဏဟာ လက်ဗီးဂက်စ်နဲ့ ဟမ်းဘတ်တို့လို မြို့ကြီးတွေမှာ ထုတ်လွှတ်ပေးနေတဲ့ ပမာဏနဲ့ တူညီနေတယ်လို့ Technical University of Munich (TUM) မှ သုတေသီများက ဆိုကြပါတယ်။ Bitcoin လို Cryptocurrency တွေဟာ တကယ်မရှိတဲ့ virtual currency ဖြစ်ပေမယ့်လည်း သူတို့ အသုံးပြုနေတဲ့ စွမ်းအင်အရင်းအမြစ်တွေကတော့ တကယ့်လက်တွေ့အရာတွေကို အခြေခံထားခြင်း ဖြစ်ပါတယ်။ Bitcoin mining တူးဖော်ခြင်းလို့ တင်စားခေါ်ထားတဲ့ တွက်ချက်လုပ်ဆောင်မှုတွေဟာ လွန်ခဲ့တဲ့နှစ်အနည်းငယ်မှာပဲ တဖြည်းဖြည်း တွင်ကျယ်လာပြီး ၂၀၁၇ ခုနှစ်ထက် ၂၀၁၈ ခုနှစ်က လေးဆခန့်ပိုမိုများပြားလာတယ်လို့သိရပါတယ်။ ပညာရှင်တွေရဲ့ လေ့လာမှုတွေအရ Bitcoin mining လုပ်ငန်းဟာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ် အများအပြား ထုတ်လုပ်နေတယ်လို့ သိရပါတယ်။

## Cryptocurrency ၏ ရိုက်ခတ်မှုမှတ်တမ်းများ

- ၂၀၁၈ခုနှစ် နှစ်ကုန်ပိုင်းမှာ IMF အဖွဲ့က ဒစ်ဂျစ်တယ်ငွေကြေးထုတ်လုပ်မှုနဲ့ ပတ်သက်လို့ လေ့လာဆန်းစစ်မှုတွေ ပြုလုပ်သင့်တယ်လို့ ကမ္ဘာ့ဗဟိုဘဏ်တွေကို တိုက်တွန်း ပြောကြားခဲ့ခြင်း။
- ၂၅-၁-၂၀၁၉ ရက်မှာ ဂျပန်နိုင်ငံရှိ မိုင်နိချိသတင်းစာထုတ်ဝေရေးလုပ်ငန်းနဲ့ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း ခုနစ်ခုတို့ထံသို့ ဆိုင်ယာနိုက်လို့ယူဆရတဲ့ အဆိပ်တွေလိမ်းကြံထားတဲ့ ခြိမ်းခြောက်စာတစ်စောင်ကို အုံရှင်ရီကျို ဦးဆောင်တဲ့ ဘာသာရေး အစွန်းရောက်အဖွဲ့က အမည်အမျိုးမျိုးနဲ့ ပေးပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၁၃၀၀ တန်ဖိုးရှိ Bitcoin ယူနစ်တွေကို ပေးရန် ခြိမ်းခြောက်စာများပေးပို့ခဲ့ခြင်း။
- ၂၀၁၉ နှစ်စပိုင်းက ကမ္ဘာ့ရင်းနှီးမြှုပ်နှံသူတွေဟာ အမေရိကန်-တရုတ်ကုန်သွယ်ရေး ဂယက်ကြောင့် စတော့ရှယ်ယာဈေးကွက်နဲ့ငွေကြေးဈေးကွက်တွေမှာ ရင်းနှီးမြှုပ်နှံသူတွေက Bitcoin ကို ပြောင်းလဲရင်းနှီးမြှုပ်နှံလာကြတဲ့အတွက် Bitcoin တစ်ယူနစ်ကို အမေရိကန်ဒေါ်လာ ၈၀၀၀ ကျော်သို့ ရောက်ရှိလာခဲ့ခြင်း။
- အိန္ဒိယနိုင်ငံရှိ "၂၀၁၉ ခုနှစ် ဒစ်ဂျစ်တယ်ငွေကြေးများတားမြစ်ခြင်းနဲ့ လုပ်ထုံးလုပ်နည်းများ ဆိုင်ရာဥပဒေ" ဥပဒေမူကြမ်းမှာ ဒစ်ဂျစ်တယ်ငွေကြေးနဲ့ ပတ်သက်ဆက်နွှယ်တဲ့ ပြစ်မှုတစ်ခုခုကို ကျူးလွန်ပါကထောင်ဒဏ် ၁၀ နှစ်အထိ ကျခံရမည်ဖြစ်သည်ဟု ပါရှိခြင်း။
- ၂၀၁၉ ခုနှစ် နှစ်လယ်ပိုင်းက ဖေ့စ်ဘုတ်မှ Libra ဒစ်ဂျစ်တယ်ငွေကြေးအစီအစဉ် ကြေညာချက်ထွက်ပေါ်လာပြီးနောက်ပိုင်း ကမ္ဘာ့တစ်ဝန်းငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF) နဲ့ကမ္ဘာ့ဘဏ်တွေက ကမ္ဘာတစ်ဝန်းရှိ ဒစ်ဂျစ်တယ်ငွေကြေး Exchange တွေကို သက်ဆိုင်ရာအစိုးရက စောင့်ကြည့်စစ်ဆေး ကြပ်မတ်ဖို့နဲ့ Libra ငွေကြေးအပေါ် စက်မှုထိပ်သီး ခုနစ်နိုင်ငံမှ သုံးသပ် လေ့လာမှုများပြုလုပ်ဖို့ စီစဉ်နေခြင်း။
- တရုတ်ဗဟိုဘဏ်ရဲ့ လေ့လာမှုအရ Libra ငွေကြေးကို ဖွံ့ဖြိုးဆဲနိုင်ငံက အသုံးပြုပါက အဆိုပါနိုင်ငံရဲ့ ငွေကြေးတွေ အလိုအလျောက်ပျောက်ကွယ်သွားနိုင်ပြီး ငွေကြေးခဝါချမှုတွေ အကြမ်းဖက်မှုတွေကို ငွေကြေးထောက်ပံ့မှုနဲ့ ဆက်နွှယ်လာနိုင်တဲ့အတွက် အသုံးပြုသူတွေရဲ့ ပုဂ္ဂိုလ်ဆိုင်ရာအချက်အလက်တွေ (KYC) ကို သိရှိ မှတ်တမ်းတင်ထားဖို့ လိုအပ်ခြင်း။
- ၁၁-၇-၂၀၁၉ ရက်မှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ တွစ်တာစာမျက်နှာမှ တစ်ဆင့် ဖေ့စ်ဘုတ်အနေနဲ့ Libra ငွေကြေးထုတ်ဝေလိုပါက ဘဏ်လုပ်ငန်း စည်းမျဉ်းစည်းကမ်းများလုပ်ဆောင်ဖို့ လိုအပ်တယ်လို့ ပြောကြားခဲ့ခြင်း။
- အမေရိကန် ကွန်ဂရက်လွှတ်တော်က ဒစ်ဂျစ်တယ်ငွေကြေးများ ထုတ်ဝေခြင်းတို့ကို ဆောင်ရွက်နေသည့် နည်းပညာဆိုင်ရာကုမ္ပဏီများအား တားမြစ်ပိတ်ပင်မည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းရန် စီစဉ်နေခြင်း။
- ၂၀၁၉ ခုနှစ် ဇူလိုင်လလယ်ပိုင်းက ပြုလုပ်ခဲ့တဲ့ အမေရိကန် အောက်လွှတ်တော်ရဲ့ ကြားနာစစ်ဆေးမှု၌ ဖေ့စ်ဘုတ်မှ တာဝန်ရှိသူက Libra ဒစ်ဂျစ်တယ်ငွေကြေးနဲ့ ပတ်သက်လို့ တရားဝင်မှတ်ပုံတင်စာရင်းသွင်းရန်နေရာအဖြစ် အမေရိကန်ပြည်ထောင်စုအစား ဆွစ်ဇာလန်နိုင်ငံကို ရွေးချယ်ထားခြင်းမှာ စည်းမျဉ်းစည်းကမ်းများ၊ ကြီးကြပ်မှုများကို တိမ်းရှောင်ရန် မဟုတ်ဘဲ နိုင်ငံတကာပြဋ္ဌာန်းချက်များနဲ့အညီ လုပ်ဆောင်နေခြင်းသာဖြစ်တယ်လို့ ပြောကြားခဲ့ခြင်း။
- ၂၄-၇-၂၀၁၉ ရက်တွင် နိုင်ငံတကာအစိုးရတွေရဲ့ ကန့်ကွက်မှုများရှိနေသော်လည်း Libra ငွေကြေးကို ထုတ်ဝေသွားမယ်လို့ ဖေ့စ်ဘုတ်တည်ထောင်သူ မာ့ခ်ဇူကာဘတ်က အတည်ပြုပြောကြားခဲ့ပြီး ဆွစ်ဇာလန်ငွေကြေး ဈေးကွက်ကြီးကြပ်ရေး အာဏာပိုင်အဖွဲ့ (FINMA)မှ Libra ငွေကြေးအပေါ် စောင့်ကြည့်ထိန်းချုပ်မှုများ ပြုလုပ်သွားရန် စီစဉ်နေခြင်း။
- ၂၀၁၉ ခုနှစ် ဩဂုတ်လအတွင်းက တရုတ်ဗဟိုဘဏ်ရဲ့ ငွေကြေးဈေးကွက် သုတေသီများက ကိုယ်ပိုင် ဒစ်ဂျစ်တယ်ငွေကြေး ထုတ်ဝေမည့်ကိစ္စအား ငါးနှစ်ခန့် အချိန်ယူ လေ့လာပြင်ဆင်လုပ်ဆောင်ခဲ့ပြီး ယွမ်ငွေနည်းတူအသုံးပြုနိုင်တဲ့ တရုတ်နိုင်ငံသုံးငွေကြေးတစ်ခုအဖြစ်ပါ သတ်မှတ်သုံးစွဲသွားရန် စီစဉ်ထားခြင်း။
- ၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်းက ဆွစ်ဇာလန်နိုင်ငံ ငွေရေးကြေးရေးနဲ့ ဘဏ္ဍာရေးအာဏာပိုင်အဖွဲ့ (FINMA) က နိုင်ငံအခြေစိုက်ဖြစ်တဲ့ SEBA Crypto AG နဲ့ Sygnum AG ဘဏ်လုပ်ငန်းနှစ်ခုကို Bitcoin နဲ့ Ethereum ဒစ်ဂျစ်တယ် ငွေကြေးနှစ်မျိုးနဲ့ ပတ်သက်လို့ ကမ္ဘာပေါ်မှာ Blockchain နည်းပညာကို အသုံးပြုကာ ဒစ်ဂျစ်တယ်ငွေကြေးတွေကို ဘဏ်လုပ်ငန်းလုပ်ပိုင်ခွင့်ရရှိခဲ့တဲ့ ပထမဆုံးသော ဘဏ်များဖြစ်လာခဲ့ခြင်း။
- ၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်းက အမေရိကန်အောက်လွှတ်တော်ရဲ့ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများကော်မတီအဖွဲ့က Libra ငွေကြေးနဲ့ ပတ်သက်လို့ ဆွစ်ဇာလန် အာဏာပိုင်တွေနဲ့ တွေ့ဆုံပြီး အဓိကထားဆွေးနွေးသွားမှာဖြစ်ကြောင်း ပြောကြားခဲ့ခြင်း။
- Bitcoin ဈေးနှုန်းဟာ ၂၀၁၇ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၂၀၀၀၀ ခန့်ရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်အတွင်း အလွန်အမင်း တန်ဖိုးကျဆင်းခဲ့သော်လည်း ၂၀၁၉ ခုနှစ်အတွင်းမှာမူ အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲ ပြဿနာနဲ့ ဖေ့စ်ဘုတ်မှ ထုတ်ဝေမယ့် Libra ဒစ်ဂျစ်တယ်ငွေကြေးတို့ရဲ့ ဂယက်များကြောင့် အမေရိကန်ဒေါ်လာ ၉၀၀၀ ဝန်းကျင်သို့ ပြန်လည်ဖြစ်ပေါ်လျက်ရှိကြောင်း၊ ၂၀၁၉ခုနှစ်အတွင်း ဟက်ကာများက ခိုးယူခဲ့တဲ့ Bitcoin စုစုပေါင်းတန်ဖိုးပမာဏမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံခန့် ရှိခဲ့ခြင်း။
- ၂၀၁၉ခုနှစ် အောက်တိုဘာလအတွင်းက ဥရောပတိုက်မှာ Libra ဒစ်ဂျစ်တယ်ငွေကြေးကို တားမြစ်ပိတ်ပင်ဖို့အတွက် ပြင်သစ်နိုင်ငံက ဦးဆောင်ပြီး ဂျာမနီ၊ အီတလီ၊ စပိန်နဲ့ နယ်သာလန်နိုင်ငံတို့ပါဝင်တဲ့ ဥရောပထိပ်သီးစီးပွားရေး အင်အားကြီး မဟာမိတ်ငါးနိုင်ငံတို့က လှုပ်ရှားမှုများ စတင်ပြုလုပ်လျက်ရှိခြင်း။

*စာမျက်နှာ ၂၂ သို့*



# မုံရွာမြို့၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ခြေပူးလက်ပူး၊ အဖုအကျိတ်နှင့် မီးလောင်ဒဏ်ရာရ လူနာများအား အခမဲ့ခွဲစိတ်ကုသပေးလျက်ရှိ

**မုံရွာ ဇန်နဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ခြေပူးလက်ပူး၊ အဖုအကျိတ်နှင့် မီးလောင်ဒဏ်ရာရလူနာများကို မုံရွာပြည်သူ့ဆေးရုံကြီး၌ ဇန်နဝါရီ ၁၉ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ အခမဲ့ခွဲစိတ်ကုသပေးလျက်ရှိသည်။

ထိုသို့ အခမဲ့ခွဲစိတ်ကုသပေးခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံစားဖိုမှူးများအသင်းနှင့် ဂျာမနီနိုင်ငံ German Inter Plast အသင်း၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန မုံရွာပြည်သူ့ဆေးရုံကြီး(ခုတင် ၅၀၀) နှင့် မုံရွာမြို့ ပရဟိတအဖွဲ့များ ပူးပေါင်း ပြုလုပ်ခြင်းဖြစ်သည်။

အဆိုပါ အခမဲ့ခွဲစိတ်ကုသပေးမှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဆေးဝါးကုသမှုခံယူနေကြသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ၏ စကားသံများကို ဖော်ပြလိုက်ပါသည် -

**ဦးရဲထွန်း**
**(ပုလဲမြို့၊ ရွှေဥဒေါင်းရပ်ကွက်)**

၂၀၁၆ ခုနှစ်က အက်စစ်အပူလောင်ပြီး မျက်စိတစ်ဖက်နဲ့ မျက်နှာထိခိုက်သွားပါတယ်။ အခု ကုသမှုမှာ ကျွန်တော့်ရဲ့ မျက်စိတစ်ဖက်ကို ကုသခွင့်ရပါတယ်။ အခမဲ့ဆေးကုသပေးမယ်ဆိုတာ သတင်းစာကနေတစ်ဆင့် သိခဲ့ပါတယ်။ အစက အခမဲ့ဆိုတော့ သိပ်မယုံခဲ့ပါဘူး။ သတင်းစာထဲမှာ ဖုန်းနံပါတ်လည်းပါတော့ သေချာအောင် ဖုန်းဆက်ကြည့်ရင်းကနေ အဆက်အသွယ်ရခဲ့တာ ဖြစ်ပါတယ်။

**ဦးကျော်သက်**
**(မုံရွာမြို့၊ ရှမ်းတောရပ်ကွက်)**

ကျွန်တော့်ရဲ့ သားလေးကတစ်နှစ်သားအရွယ်မှာ လက်ကို ရေနွေးပူလောင်ပြီး လက်ညှိုးလေးကအပေါ်ကအသားနဲ့ အောက်ကအသား ဆက်သွားပါတယ်။ ကျွန်တော်တို့လည်း တတ်နိုင်သလောက် ကုသပေးပါတယ်။ ပိုက်ဆံမတတ်နိုင်တော့ အခုလို ဆရာဝန်ကြီးတွေနဲ့ ပရဟိတစေတနာရှင်တွေက အစစအရာရာဝိုင်းဝန်းပြီး ဆောင်ရွက်ပေးတဲ့အတွက် တော်တော်လေးကို ဝမ်းသာပီတိဖြစ်ရပါတယ်။

**ဦးအောင်ဘိုဘိုမြင့်**
**(အင်းစိန်မြို့နယ်)**

ကျွန်တော့်ရဲ့ ကလေးက ကျောချင်းကပ်အမြွှာကို ခွဲထားရတဲ့အတွက် ကလေးကပူတာ၊ အေးတာ မသိပါဘူး။ ခြေထောက်ကလည်း ခွင်နေပါတယ်။ ကလေးက ဆိုင်ကယ်အင်ဂျင်ပေါ်ကို ခြေထောက်တင်လိုက်တဲ့အတွက် အရေပြားမှာ အဖုအကြီးကြီးဖြစ်ပြီး အသားထဲအထိ ကျက်သွားပါတယ်။ နှစ်ခါလောက် ခွဲရမယ်လို့ ဆရာဝန်ကြီးတွေက ပြောပါတယ်။

ပထမတစ်ခါက အပေါ်ယံအရေပြားတွေကိုခြစ်ထုတ်ပြီး အသားမာတွေကို ဇန်နဝါရီ ၂၀ ရက်က အောင်မြင်စွာခွဲစိတ်နိုင်ခဲ့ပါတယ်။ ဒုတိယအကြိမ် ခွဲစိတ်မှုမှာ ခြေထောက်အနာကို ကလေးရဲ့ ပေါင်ကအသားနဲ့ အစားထိုးပြီး ဇန်နဝါရီ ၂၅ ရက်မှာ ခွဲစိတ်ကုသမှာ ဖြစ်ပါတယ်။ အခုဆေးကုသတဲ့ နေရာမှာလည်း ဆရာဝန်ကြီးတွေ က လိုအပ်ချက်မရှိအောင် ဂရုစိုက်ပါတယ်။ မေ့ဆေးမပြယ်ရင်လည်း ဆရာဝန်တွေက မေ့ဆေးပြယ်တဲ့ အထိဂရုစိုက်ပြီး စောင့်ပေးပါတယ်။ အခုလို စောင့်ရှောက်ပေးတဲ့အတွက် ဆရာဝန်ကြီးတွေနဲ့အတူ ပရဟိတအဖွဲ့တွေကိုလည်း ကျေးဇူးတင်ပါတယ်။



ဦးကျော်တင်
(အစီအစဉ်ဖြစ်မြောက်ရေးအတွက် ဦးဆောင်လုပ်ကိုင်သူ)



ဦးရဲထွန်း
(ပုလဲမြို့၊ ရွှေဥဒေါင်းရပ်ကွက်)

**ဒေါ်ပြုံးပြုံးအေး**
**(ကလေးဝမြို့နယ်၊ အင်တိုင်းရွာ)**

ကျွန်မရဲ့ မွေးရာပါ လက်ပူးတာကို အခုဒီမှာလာပြီး ကုတာပါ။ စိတ်ရှည်ရှည်နဲ့ အရင်းကနဲ့ မတူအောင် ဆရာဝန်ကြီးတွေက ကုသပေးတဲ့အတွက် အခုဆို ကျွန်မလက်ကပုံမှန်အတိုင်းပြန်ဖြစ်သွားပါပြီ။ ကျွန်မလို လက်ပူးတဲ့သူတွေရှိရင် လာပြီးကုစေချင်ပါတယ်။ ကျွန်မတို့လို ပိုက်ဆံမရှိတဲ့သူတွေအတွက် ဂျာမနီက ဆရာဝန်ကြီးတွေနဲ့ ကုသခွင့်ရအောင် စီစဉ်ပေးတဲ့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ သက်ဆိုင်သူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါ်ချိုချိုဝင်း**
**(ခရိုင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း)**

ကျွန်မအနေနဲ့ အခုလို အခမဲ့ခွဲစိတ်ကုသမှုမှာ ဆေးရုံကိုရောက်ရှိလာတဲ့ လူနာတွေရဲ့ စာရင်းဇယားကို တာဝန်ယူဆောင်ရွက်ပေးနေပါတယ်။ အခုလိုပြည်သူတွေအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်ရလို့ ကျေနပ်မိပါတယ်။ ဒီထက်လည်း ပိုပြီးကူညီဆောင်ရွက်ချင်ပါတယ်။

**ဦးကျော်တင်**
**(အစီအစဉ်ဖြစ်မြောက်ရေးအတွက် ဦးဆောင်လုပ်ကိုင်သူ)**

ဇန်နဝါရီ ၁၈ ရက်က လူနာ ၁၆၀ ကျော် ရောက်ရှိလာပါတယ်။ လူနာတွေကို ဇန်နဝါရီ ၂၀ ရက်အထိလူနာ ၉၉ ယောက်ကို ခွဲစိတ်ကုသမှုပေးမှာပါ။ မူလက ခွဲစိတ်ဆရာဝန်ကြီးလေးယောက်နဲ့ ခွဲစိတ်ခန်း နှစ်ခန်း စီစဉ်ခဲ့ပါတယ်။ ဒါပေမယ့် နေပြည်တော်နဲ့ မန္တလေးကဆရာဝန်ကြီးနှစ်ယောက် ထပ်မံရောက်ရှိလာတဲ့အတွက် ခွဲစိတ်ဆရာဝန် ခြောက်ယောက်၊ ခွဲစိတ်ခန်း သုံးခန်းနဲ့တစ်ပြိုင်နက်တည်း ခွဲစိတ်ကုသမှာဖြစ်တဲ့အတွက် တစ်ရက်ကို လူနာ ၁၇ ယောက် အများဆုံးခွဲစိတ်နိုင်တော့မှာဖြစ်ပါတယ်။ နောက်ရက်တွေမှာ နေ့စဉ်ခွဲစိတ်ကုသမှုတွေ ပြုလုပ်သွားမှာဖြစ်ပါတယ်။ လိုအပ်တဲ့ အကူအညီတွေကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ ပရဟိတအသင်းတွေ စုပေါင်းပြီး ကူညီပေးသွားမှာဖြစ်ပါတယ်။ **မွေးကြူဇင်**

# သုဝဏ္ဏဘောလုံးကွင်းမြက်ခင်းပြင် ပြုပြင်မှုပြီးစီး၍ ဘောလုံးပွဲများ ဆက်လက်ကျင်းပသွားမည်

**ရန်ကုန် ဇန်နဝါရီ ၂၅**

ရန်ကုန်မြို့သုဝဏ္ဏအားကစားကွင်း မြက်ခင်းပြင်နှင့် ပြုပြင်မှုအချို့ပြီးစီး၍ ဘောလုံးပွဲစဉ်များကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သိရသည်။ သုဝဏ္ဏဘောလုံးကွင်းကို ၂၀၁၉ ခုနှစ် နိုဝင်ဘာ ဒုတိယပတ်တွင် အောက်ခံသဲဟောင်းများနေရာရှိ သဲများကိုအစားထိုးပြုပြင်ခဲ့ပြီး လကုန်ပိုင်းတွင် ဂျပန်မြက်စိုက်ပျိုးမှု ပြီးစီးခဲ့ရာ မြက်အသစ်များ အမြစ်တွယ်စေရန် ထိန်းသိမ်းပြုပြင်လျက်ရှိသည်။

"သုဝဏ္ဏဘောလုံးကွင်းမြက်ခင်း အသစ်ပြုပြင်မှုမှာ ၉၅ ရာခိုင်နှုန်းကောင်းမွန်နေပြီဖြစ်တဲ့အတွက် ကစားလို့ ရနေပါပြီ။ ဘောလုံးပွဲတစ်ပွဲ စမ်းသပ်ကစားပြီးနောက်ပိုင်းမှာ မြက်ခင်းလိုအပ်ချက်ကို ထပ်မံဖြည့်စွက်ပြီးတော့ ဇန်နဝါရီ ၂၅ ရက်မှာ ချင်းယူနိုက်တက်နဲ့ ဟံသာဝတီယူနိုက်တက်တို့ ကစားဖို့ ရှိပါတယ်။ ပြန်ကန်ကြည့်ပြီး မြက်ခင်းအဆင်ပြေတာနဲ့ ဆက်ပြီးပွဲစဉ်တွေ ကစားသွားဖို့ရှိပါတယ်" ဟု ဘောလုံးကွင်း များ ဒါရိုက်တာ ဦးကျော်လင်းထွေးက ပြောသည်။



သုဝဏ္ဏဘောလုံးကွင်းတွင် မြက်ခင်းပြင်အသစ်လဲလှယ်မှုနှင့်အတူ သတင်းစာရှင်းလင်းပွဲခန်းမ၊ အဝတ်လဲခန်း နှင့် ကာယလေ့ကျင့်သော အခန်းတို့ကို ပြုပြင်ဆောင်ရွက်ခဲ့ပြီး အများပြည်သူသုံးသန့်စင်ခန်းနှင့် ဘောလုံးကွင်းဆလိုက်မီးပါဝါ မြှင့်တင်ခြင်းလုပ်ငန်းတို့ကိုလည်း ဆက်လက်ဆောင်ရွက်ရန် လျာထားပြီးဖြစ်သည်။ သုဝဏ္ဏဘောလုံးကွင်း မြက်ခင်းပြင်အသစ်ပြုပြင်မှုနှင့် အတူ အချို့သောပြုပြင်မှုတို့ ပြီးစီးလျက်ရှိပြီး နိုင်ငံတကာအဆင့်မီ ဖူဆယ်ကစားကွင်းကိုလည်း သုဝဏ္ဏဘောလုံးကွင်းနှင့် ကပ်လျက်တွင် တည်ဆောက်လျက်ရှိသည်။ နေပြည်တော်တွင်သာ ဖူဆယ်ကွင်းရှိ၍ ရန်ကုန်မြို့တွင်လည်း ဖူဆယ်အားကစားကွင်းတစ်ခုကို ဖီဖာစီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသည်။

မြန်မာပြည်တွင် ပရိသတ် သုံးသောင်းဆံ့သော ဘောလုံးကွင်းသာရှိပြီး နိုင်ငံတကာအဆင့်မီ ပရိသတ် ခုနစ်သောင်းဆံ့သော ဘောလုံးကွင်းများကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တွင် တည်ဆောက်ရန် လိုအပ်လျက်ရှိကြောင်း၊ လက်ရှိအသုံးပြုနေသော ရန်ကုန်မြို့သုဝဏ္ဏ ဘောလုံးကွင်းကို ရေရှည်အသုံးပြုနိုင်ရန် မြက်ခင်းပြင် အသစ်ပြုပြင်ခြင်းနှင့် အခြားလိုအပ်သော ပြုပြင်မှုတို့ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

*စာမျက်နှာ ၂၁ မှအဆက်*

- ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှာ ၁၁ နှစ်တာကာလအတွင်း လည်ပတ်သုံးစွဲနေတဲ့ bitcoin ယူနစ်မှာ နှစ်သိန်းခန့်အတွက် အပြန်အလှန်ငွေကြေးလွှဲပြောင်းခ (Transaction Fees)မှာ အမေရိကန်ဒေါ်လာ ၁ ဘီလီယံခန့်ရှိတဲ့အတွက် ကမ္ဘာပေါ်မှာ ငွေကြေးလွှဲပြောင်းမှုအများဆုံးနဲ့ လူသုံးအများဆုံးဒစ်ဂျစ်တယ် ငွေကြေးတစ်ရပ်အဖြစ်ရပ်တည်လျက်ရှိခြင်း။
- ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၂ ရက်မှာ Libra ဒစ်ဂျစ်တယ် ငွေကြေးနဲ့ Calibra digital wallet တို့မှာ တင်းကျပ်သောငွေကြေးဆိုင်ရာ စည်းမျဉ်းသတ်မှတ်ချက်များကြောင့် Facebook Pay အား အစားထိုး ကြိုတင်လုပ်ဆောင်သွားမယ်လို့ ဖေ့စ်ဘုတ်ကုမ္ပဏီမှ ထုတ်ပြန်ကြေညာခဲ့ခြင်း။
- ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှာ တရုတ်အစိုးရက ထူးချွန်တဲ့တပ်မတော်သားများအပေါ် ပေးအပ်မယ့်ဆုကြေးကို တရုတ်နိုင်ငံမှ တရားဝင်ထုတ်ဝေမယ့် ဒစ်ဂျစ်တယ်ငွေကြေးနဲ့ ပေးအပ်သွားမယ်လို့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA)ပိုင် သတင်းဌာနကဖော်ပြခဲ့ပြီး တရုတ်နိုင်ငံရဲ့ ကိုယ်ပိုင်ဒစ်ဂျစ်တယ်ငွေကြေးကို ၂၀၂၀ နှစ်ဦးပိုင်းမှာ စတင်ထုတ်လုပ်သုံးစွဲနိုင်ဖို့ စီစဉ်လျက်ရှိခြင်း။
- ၂၀၁၉ ခုနှစ် အောက်တိုဘာလမှာ ဗင်နီဇွဲလားနိုင်ငံရှိ ပင်စင်စားဝန်ထမ်းများအတွက် ခရစ္စမတ်အပိုဆုကြေးကို ပက်ထရိုဒစ်ဂျစ်တယ်ငွေကြေးနဲ့ အစားထိုးပေးအပ်သွားဖို့ စီစဉ်လျက်ရှိတယ်လို့ဖော်ပြခဲ့ခြင်း။ (ပက်ထရိုတစ်ယူနစ်မှာ ရေနံစိမ်းတစ်စည် တန်ဖိုးနဲ့ညီမျှပါတယ်)
- မြန်မာနိုင်ငံအနေနဲ့ Cryptocurrency နဲ့ ပတ်သက်လို့ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများက UNODC Cryptocurrencies and Darknet Investigation Workshop ပြုလုပ်ခဲ့ပြီး Cryptocurrency နဲ့ပတ်သက်လို့ သိမ်းဆည်းခြင်းနဲ့ အခြားနိုင်ငံများရဲ့အခြေအနေ၊ အိမ်နီးချင်းထိုင်းနိုင်ငံမှာ ဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းဆွေးနွေးမှု ပြုလုပ်ခဲ့ခြင်း။

**အကြံပေးတိုက်တွန်းချက်**

ကမ္ဘာ့နိုင်ငံအများစုမှာဖြစ်ပေါ်နေတဲ့ သတင်းအချက်အလက်တွေအရ Cryptocurrencies နဲ့ပတ်သက်ပြီးလက်ခံခြင်း၊ ပြောင်းလဲလိုခြင်း၊ ကန့်ကွက်လိုခြင်း၊ စောင့်ကြည့်ဝေဖန်နေခြင်း၊ အရေးယူနိုင်ရန်ပြင်ဆင်နေခြင်းအစရှိတဲ့ သတင်းတွေကြားသိနေရတဲ့အတွက် အကောင်းဘက်ရော၊ အဆိုးဘက်ပါ ဦးတည်နေတယ်လို့ပြောရင် မမှားနိုင်ပါဘူး။ ဒါပေမယ် ဖေ့စ်ဘုတ်က Libra ကို မကြာမီထုတ်လုပ်မယ့် သတင်းထွက်ပေါ်ပြီးနောက်ပိုင်း ကမ္ဘာ့အင်းအားကြီးနိုင်ငံအချို့က အဆိုးဘက်ကနေ ဝေဖန်ပြောဆိုလုပ်ဆောင်လာမှုတွေ ပြုလုပ်နေကြပါတယ်။

ဒ့်ါကြောင့် Bitcoin နဲ့ Libra တို့ရဲ့ အဓိကဆုံမှတ်ကို လေ့လာကြည့်ရင် bitcoin ကို Currency ငွေကြေးတစ်ခုအဖြစ် သတ်မှတ်မထားဘဲ Digital access ကြားခံထုတ်ကုန်တစ်ခုအနေဖြင့်သာ သတ်မှတ်ထားခြင်းလို့ယူဆရမှာဖြစ်တယ်။ ဖေ့စ်ဘုတ်ရဲ့ Libra ကတော့ ငွေကြေးတစ်ခုလို လုပ်ဆောင်နေတယ်လို့ အမေရိကန်အစိုးရအနေနဲ့ ရှုမြင်သုံးသပ်လာခဲ့ပါရင် Cryptocurrencies ရဲ့ ကံကြမ္မာဟာ ဆိုးရွားလာနိုင်ပါတယ်။ ကြိုတင်ပြင်ဆင်မှုအနေနဲ့ ထိုင်းနိုင်ငံမှာလည်း ဒစ်ဂျစ်တယ်ငွေကြေးနဲ့ ပတ်သက်လို့ ဥပဒေအား ၂၀၁၈ ခုနှစ် မေလ ၁၃ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပြီး ထိုင်းနိုင်ငံငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ကြီးကြပ်မှုကော်မရှင် (SEC) အား ကြီးကြပ်ခွင့်ပေးအပ်ထားတယ်လို့ ကြားသိထားရတဲ့အတွက် မြန်မာနိုင်ငံအနေနဲ့လည်း ဥပဒေထုတ်ပြန်ဖို့ အနေးနဲ့အမြန်ဆောင်ရွက်သင့်ပါတယ်။

အဓိကကျတဲ့ International Digital Money Exchange အခြေခံအဆောက်အအုံတွေဟာ အနာဂတ်ရဲ့ ရင်းနှီးမြှုပ်နှံမှုတစ်ခုလို့ ပြောဆိုကြပေမဲ့ ပြည်တွင်းမှာရှိတဲ့ အခြေချစီးပွားရေးလုပ်ငန်းတစ်ခုမဟုတ်ဘဲ ခြေခြေမြစ်မြစ်မသိရတဲ့ ပြည်ပရှိငွေကြေးဆိုင်ရာလုပ်ငန်းတစ်ခုဟာ လေထဲမှာတိုက်ဆောက်နေရသလိုပါပဲ။

စုကြေးကြောင့် ဆုံးရှုံးနစ်နာမှုတွေ တရားတဘောင် ရောက်နေကြတာ နေ့စဉ်နဲ့အမျှ ကြားသိနေရပါတယ်။ ဒါက ငွေသားထည့်ငွေသားယူပြီး စုမဲလုပ်ကြတာဖြစ်လို့ မြင်သာထင်သာရှိတယ်လို့ ဆိုရမှာပါ။ Cryptocurrencies ကို ရင်းနှီးလုပ်ကိုင်လိုတဲ့သူတွေအနေနဲ့ ဗဟုသုတကလည်းသိပ်မရှိ၊ ဥပဒေကလည်း အကာအကွယ်မဲ့နေရင် ဆုံးရှုံးနစ်နာမှုတွေ ပိုများမှာပါ။ ဒါကြောင့် Cryptocurrencies နဲ့ပတ်သက်တဲ့ နည်းပညာပိုင်းကိုလည်း လေ့လာကြပါ၊ ဥပဒေပေါ်ထွက်လာဖို့လည်း ဆုတောင်းကြပါလို့ အကြံပေးရင်း။ ။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ဃ/၇၀၈၇၅ ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/5805, Lifan LF J30 S3F1, Dump Truck (4x2)(L) ယာဉ်လက်ဝယ်ရှိသူ Kaung Pyae Thar Co., Ltd က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး ဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ဃ/၇၂၃၆၇၊ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ Rose KSN Co.,Ltd က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင် ဦးစီးမှူးရုံး(မြိတ်)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ ဟိန္ဒားသတ္တုတွင်း စီမံကိန်းမှ ဦးစောထွန်း၏သမီး ဒေါ်မီးမီးနှင့် ဒေါ်သိန်းတင် ၆/ထဝန(နိုင်) ၀၆၇၈၇၄မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်မီးမီး(ခ)ဒေါ်သိန်းတင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြိတ်မြို့၊ မြိတ်တက္ကသိုလ်မှ ပထမနှစ် ရူပဗေဒ အထူးပြုဖြင့် ဖြေဆိုအောင်မြင်ထားသော မောင်ထက်နိုင်ဦး ၏ဖခင် ဦးထွန်းနိုင်အေးနှင့် ဦးမောင်နိုင် ၆/ မအရ (နိုင်)၁၁၁၃၄၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးထွန်းနိုင်အေး(ခ)ဦးမောင်နိုင်**

## အမည်ပြောင်း

ဦးခင်မောင်ထွေး၏သမီး တောင်ကြီးမြို့၊ အထက(၁) ပဥ္စမတန်း(E)မှ မနှင်းပွင့်သဒ္ဒါမောင်အား ယနေ့မှစ၍ မနှင်းပွင့်သဒ္ဒါမောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မနှင်းပွင့်သဒ္ဒါမောင်**

## ပျောက်ဆုံးကြောင်း

ကျွန်မ မစိန်ဖြူ ၁၃/ ညရန(နိုင်) ၁၀၃၈၆၅၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉- ၇၅၂၃၈၅၅၅၃**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၆ဃ/၆၄၀၉ Dream 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်သန်းနု ၁၃/တကန(နိုင်) ၀၆၂၀၁၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန(တောင်ကြီး)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ထားဝယ်ခရိုင်တရားရုံးတော်
## ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် - ၁၁

ဒေါ်ငြိမ်းငြိမ်းအိ — နှင့် — ဒေါ်ချိုချိုချော
တရားလို — တရားပြိုင်

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့၊ ကမြိုင်ကျေးရွာရပ်နေ တရားပြိုင် ဒေါ်ချိုချိုချော(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ငြိမ်းငြိမ်းအိက စုငွေ ၁၆၈၂၅၀၀၀/- (တစ်ရာခြောက်ဆယ့်ရှစ်သိန်းနှစ်သောင်းငါးထောင်ကျပ်)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၁ ရက် (၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်း ရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်မင်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ထားဝယ်ခရိုင်တရားရုံး**

## ဖခင်အမည်မှန်

အိမ်မဲမြို့နယ်၊ အထက(၂)အိမ်မဲ နဝမတန်း(D)မှ နန့်ဖြူဝါဝင်းနှင့် နဝမတန်း(B)မှ မောင်ဝေရှန်ဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးကိုဦး ၁၄/ အမန(နိုင်) ၁၀၁၉၉၈ ဖြစ်ပါကြောင်း။ **ဦးကိုဦး**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ ပန်းကုန်း အထကခွဲ စတုတ္ထတန်းမှ မဇင်မီမီဝင်း၏ ဖခင်အမည်မှန်မှာ ဦးသဲလင်းထွန်း ၅/ ကဘလ(နိုင်)၁၆၇၇၂၄ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ မောင်းထောင်ကျေးရွာအုပ်စု၊ မြိုင်လယ်ကျေးရွာမှ ဦးလင်းထင်၏သားမောင် ထိုက်ထိုက်အောင် ၅/ စကန(နိုင်) ၀၂၄၉၉၂၈ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၃-၁၉၉၇ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6B/4603 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့နယ်၊ ပေါင်းတလည်မြို့၊ ပေါင်းတလည်အရှေ့ပိုင်း၊ အကွက်အမှတ်(၆၁)၊ သစ်ကွက်၊ ဦးပိုင်အမှတ်(၁)မှ မြေဧရိယာ ၀ ဒသမ ၃၇၃ ဧကရှိမြေကို ဦးမင်းကြည် အမည်ဖြင့် စက်မှု/စီးပွားမြေငှားဂရန်ရရှိရေး လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လို သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန် ခွင့်ပြုချထားပေးသွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့**


## ဖခင်အမည်မှန်

ပြည်မြို့၊ အထက-ရွှေတံခါး၊ စတုတ္ထတန်း(A)မှမောင်သော်တာမျိုးဦး၏ ဖခင်အမည်မှန်မှာ ဦးမောင်မျိုး ၇/ ပမန(နိုင်)၁၄၂၇၃၁ ဖြစ်ပါကြောင်း။

